# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**


**မိမိကိုယ်ကို ချစ်ရာရောက်**

လူတိုင်းသည် မိမိကိုယ်ကို ချစ်ကြသည်သာဖြစ်၏။ ချစ်လည်း ချစ်အပ်၏။ ဤသို့ ချစ်အပ်ကြောင်းကို သိရှိသူသည် မိမိဘ၀ နစ်နာဆုံးရှုံးရမည့် မကောင်းမှုတို့ကို မပြုသင့်ကြချေ။ ထိုသို့ မပြုလုပ်မိစေရန် မမေ့မလျော့ဘဲ မြဲမြံသောသတိဖြင့် ထိန်းသိမ်းစောင့်ရှောက်သင့်ကြ၏။ မကောင်းမှုကို ရှောင်ကြဉ်၍ မိမိကိုယ်ကိုချစ်ရာရောက်အောင် ကြိုးစားအားထုတ်ရာ၏။ **အတ္တဝဂ်(ဓမ္မပဒ - ၁၅၇)**


၁၃၇၈ ခုနှစ်၊ နတ်တော်လကွယ်နေ့ | ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၈၉)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဘရာဇီးနှင့် ဆော်ဒီအာရေဗျ ဘုရင့်နိုင်ငံ သံအမတ်ကြီးများ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာ အန်တိုနီယို ဟိုဆေး မာရီယာ ဒီ ဆိုဇာ အီ ဆစ်လ်ဗာသည် ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။


*စာမျက်နှာ ၃ ကော်လံ ၁* ✻




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီး မစ္စတာ အန်တိုနီယို ဟိုဆေး မာရီယာ ဒီ ဆိုဇာ အီ ဆစ်လ်ဗာ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ် (သတင်းစဉ်)

# အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည်ကွယ်လွန်ခြင်း ၂၈ နှစ်ပြည့် နှစ်ပတ်လည်ဆွမ်းကျွေးအလှူနှင့် ဘာသာပေါင်းစုံဆုတောင်းပွဲကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၇**

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည်ကွယ်လွန်ခြင်း ၂၈ နှစ်ပြည့် နှစ်ပတ်လည်ဆွမ်းကျွေးအလှူကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းအမှတ် ၅၄ ရှိ သမီးဖြစ်သူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်၌ပြုလုပ်ခဲ့သည်။

နှစ်ပတ်လည်ဆွမ်းကျွေးအလှူတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိခင်ကြီး ဒေါ်ခင်ကြည်အားရည်စူး၍ သံဃာတော် ၁၅ ပါးအား ပင့်ဖိတ်ကာ ဆွမ်းနှင့်သင်္ကန်းများ ဆက်ကပ်လှူဒါန်းပြီး အနုမောဒနာတရားနာယူသည်။

**ဆုတောင်းမေတ္တာများပို့သ**

မွန်းလွဲပိုင်းတွင် ဘာသာပေါင်းစုံမှဘာသာရေးခေါင်းဆောင်များက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏မိခင်ကြီး ဒေါ်ခင်ကြည်အတွက် ဘာသာအလိုက် အောက်မေ့ဖွယ်ရာဆုတောင်းမေတ္တာများပို့သကြသည်။

ဘာသာပေါင်းစုံဆုတောင်းခြင်းအခမ်းအနားတွင် ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဂျူးဘာသာ၊ ဘဟာအီဘာသာတို့မှ ဘာသာရေးခေါင်းဆောင်များက မေတ္တာစကားပြောကြားခြင်းနှင့် ဆုတောင်းမေတ္တာပို့သခြင်းများကိုလည်း ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည်ကွယ်လွန်ခြင်း ၂၈ နှစ်ပြည့် နှစ်ပတ်လည် ဆွမ်းကျွေးအလှူတွင် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# တောင်သူလယ်သမားတို့၏ ဝင်ငွေနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု

တိုင်းပြည်၏စီးပွားရေးကို မြှင့်တင်ရာ၌ တောင်သူလယ်သမားတို့၏ဝင်ငွေမြင့်မားရေးသည် အဓိကလိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။ တောင်သူလယ်သမားတို့ ဝင်ငွေမြင့်မားမှသာ တိုင်းပြည်လူဦးရေ၏ သုံးပုံနှစ်ပုံခန့်ရှိသော ကျေးလက်ပြည်သူတို့၏ ဝယ်နိုင်စွမ်းအားတိုးတက်လာပြီး တိုင်းပြည်၏ အခြားသော ကုန်ထုတ်လုပ်ငန်းတို့ကို ဆွဲတင်ပေးနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှင့် တောင်သူလယ်သမားတို့၏ ဝင်ငွေမြင့်မားရေးသည် ခွဲခြား၍မရနိုင်အောင် တစ်သားတည်း ဆက်စပ်နေသောကိစ္စရပ်များ ဖြစ်ပါသည်။

တောင်သူလယ်သမားတို့ ဝင်ငွေမြင့်မားရေးကို ဆောင်ရွက်ရာ၌ အဓိကရင်ဆိုင်နေရသည့် အဟန့်အတားမှာ ငွေကြေးအရင်းအနှီး မပြည့်စုံခြင်းဖြစ်ပါသည်။ နိုင်ငံတော်က စိုက်ပျိုးရေးစရိတ်ချေးငွေများ ထုတ်ချေးလျက်ရှိသော်လည်း လုံလောက်မှုမရှိသဖြင့် တောင်သူလယ်သမားအများစုသည် ပြင်ပမှ အနိမ့်ဆုံးတစ်လငါးကျပ်တိုးဖြင့် ချေးငှားနေရ၍ ချေးငွေစရိတ်ဖိစီးမှုဒဏ်ကို ခံနေရပါသည်။ ဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ - ၇) ရှိပါက ချေးငွေထုတ်ချေးရမည်ဖြစ်သော်လည်း ဘဏ်များက ထိုကဲ့သို့ထုတ်ချေးခြင်းမပြုကြသည့်အကြောင်းရင်းကိုလည်း စိစစ်သုံးသပ်ရန်လိုအပ်မည်ဟု ယူဆပါသည်။

ဤသို့သော နောက်ခံအခြေအနေ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးငွေများထုတ်ချေးမည်ဟူသော သတင်းသည် အားတက်စရာထွက်ပေါ်လာခဲ့ပါသည်။ ဤအားတက်စရာသတင်းကို အသေအချာလေ့လာသောအခါ လယ်သမားတစ်ဦးချင်းအတွက် ဧက ၅၀ ပိုင် လယ်သမားအားအများဆုံး ကျပ်သိန်း ၅၀ ထုတ်ချေးမည်ဟု သတ်မှတ်ထားပါသည်။ သို့သော် ပကတိအခြေအနေ၌ ဧက ၅၀ ပိုင်သော လယ်သမားဆိုသည်မှာ မရှိသလောက် ရှားပါးပါသည်။ လယ်သမားအများစုသည် ၁၀ ဧကဝန်းကျင်သာ ပိုင်ဆိုင်ကြပါသည်။ အနည်းစုဖြစ်သော ပြည့်စုံသည့် လယ်သမားများသာ ဧက ၂၀ ဝန်းကျင်ပိုင်ဆိုင်ကြပါသည်။ ဤသို့သော အခြေအနေ၌ ၁၀ ဧက နှင့် ဧက ၂၀ ဝန်းကျင်ပိုင်ဆိုင်သော လယ်သမားများအတွက် အဆိုပါချေးငွေအစီအစဉ်က အကျိုးဝင်မှုရှိ/မရှိသည်မှာ မရှင်းလင်းသကဲ့သို့ အကျိုးဝင်ပါကလည်း မည်သို့မည်ပုံထုတ်ချေးမည်ဆိုသည့် အချက်မှာလည်း မရေမရာဖြစ်နေပါသည်။ အဆိုပါ ချေးငွေအစီအစဉ်က တောင်သူလယ်သမားအများစုအား ဖယ်ထုတ်ထားသကဲ့သို့ဖြစ်နေပါက တောင်သူလယ်သမားထု၏ ဝင်ငွေမြင့်မားရေးကို ဟန့်တားထားသကဲ့သို့ ဖြစ်နေပါသည်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်း များအနေဖြင့် ဤကိစ္စရပ်အပေါ် ရှင်းလင်းတင်ပြပေးပါရန် လေးစားစွာ အကြံပြုတင်ပြအပ်ပါသည်။

အဆိုပါ ချေးငွေအစီအစဉ်၌ ပါဝင်နေသော လယ်ယာစီးပွားရေးလုပ်ငန်းများအား ငွေထုတ်ချေးမှုကိုလည်း ပြန်လည်သုံးသပ်ပေးပါရန် အကြံပြုတင်ပြလိုပါသည်။ လယ်ယာကုန်ထုတ်လုပ်မှုလုပ်ငန်း (အလုပ်သမားဝန်ထမ်း ၃၀၀)အတွက် ကျပ်သန်းတစ်ထောင်၊ လုပ်သားအခြေခံကုန်ထုတ်လုပ်ငန်း (အလုပ်သမားဝန်ထမ်း ၆၀၀)အတွက် ကျပ်သန်းတစ်ထောင်၊ လယ်ယာစီးပွားရေးလုပ်ငန်း (အလုပ်သမား ၆၀) အတွက် ကျပ်သန်းတစ်ရာနှင့် ဝန်ဆောင်မှုဆိုင်ရာ စီးပွားရေးလုပ်ငန်း (အလုပ်သမား ၁၀၀)အတွက် ကျပ်သန်းနှစ်ရာဆိုသည့် လယ်ယာစီးပွားရေးလုပ်ငန်းများအတွက် ထုတ်ချေးငွေသည် တောင်သူလယ်သမားတို့အတွက် အထောက်အပံ့မဖြစ်သည်ကို တွေ့ရှိရပါသည်။ တောင်သူလယ်သမားတို့ဝင်ငွေမြင့်မားမှသာ လယ်ယာစိုက်ပျိုးရေးကဏ္ဍအပါအဝင် တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ ဤချေးငွေ အစီအစဉ်အားပြန်လည်သုံးသပ်ပေးပါရန် ထပ်ဆင့်လေးစားစွာ အကြံပြုတင်ပြအပ်ပါသည်။ ။

# ၂၀၁၇ ခုနှစ်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှရရှိလာမည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်ရေး။

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေမည့် စီးပွားရေးအခြေအနေကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး။

## ကျောင်းဆောင်သစ်ဖွင့်

**ဝါးခယ်မ ဒီဇင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ထီးတန်ကျေးရွာအုပ်စု ဘလေး ရေကျော်ကျေးရွာ၌ မြန်မာထိုင်ဝမ်ကျောင်းသားဟောင်းအသင်းချုပ်က လှူဒါန်းသည့် အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိ တစ်ထပ်သံကူကွန်ကရစ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က ပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် မြန်မာထိုင်ဝမ် ကျောင်းသားဟောင်းအသင်းချုပ်ဥက္ကဋ္ဌ ဦးဂျင်မီလဖိုင်လက အမှာစကားပြောကြားသည်။ ယင်းကျောင်းသည် မြန်မာထိုင်ဝမ်ကျောင်းသားဟောင်းအသင်းချုပ်က လှူဒါန်းပြီး ငွေကျပ်သိန်း ၁၂၀ကျော် ကုန်ကျခဲ့ကြောင်း သိရသည်။

**ကျော်စိန်(ဝါးခယ်မ)**



ကုသိုလ်တော်ဘုရားနှင့် နံနက်ရှုခင်း
ဓာတ်ပုံ - ဇော်မော်ဦး

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၇-၁၂-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၃၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၆၀/၆၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀/၇၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၇၀/၇၁၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၇၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၃ ・ ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၈ ・ ၈၈ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၂၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၁၉ |
| တရုတ် | တစ်ယွမ် | ၁၉၆ ・ ၈၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ ・ ၂၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

* ရှေ့ဖုံးမှ

ထို့ပြင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျဘုရင့်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဆာဟဲ လဲ မူစတာဖာ အာမက် အာဂျီစပ်သည် နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်ခဲ့သည်။

သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျ ဘုရင့်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဆာဟဲ လဲ မူစတာဖာ အာမက် အာဂျီစပ်တို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်**

(သတင်းစဉ်)



# ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ ရုရှားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာရုရှားသံအမတ်ကြီး H.E. Dr.Nikolay Listopadov အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် လွှတ်တော်ဝင်းအတွင်းရှိ ကော်မရှင်ရုံးအဆောက်အအုံ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရေးဆိုင်ရာကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

**ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာရုရှားသံအမတ်ကြီး H.E. Dr.Nikolay Listopadov အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်**

(သတင်းစဉ်)

# ဘရာဇီးစီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီးဖြစ်သူ မစ္စတာ အန်တိုနီယို ဟိုဆေး မာရီယာ ဒီ ဆိုဇာ အီဆစ်လ်ဗာအား ယနေ့မွန်းလွဲ ၃နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးရုံးညှိနှိုင်းခန်းမ၌ တွေ့ဆုံသည်။

ဆွေးနွေးစဉ် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုချစ်ကြည်ရင်းနှီးစွာ တိုးမြှင့်တည်ဆောက်သွားရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး၊ ဘရာဇီးနိုင်ငံမှ မြန်မာနိုင်ငံသို့ အသားများတင်သွင်းရေးဆိုင်ရာကိစ္စရပ်များအပါအဝင်၊ ဘရာဇီးနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ဘရာဇီးနိုင်ငံမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၏အကူအညီဖြင့် မြန်မာနိုင်ငံတွင် အသက်မွေးမှုပညာသင်တန်းများ ဖွင့်လှစ်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## တိမ်အသင့်အတင့်ဖြစ်ထွန်း

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**(မိုး/ဇလ)**

# သဘာဝဘေးအန္တရာယ်လျှော့ချရေးစီမံခန့်ခွဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ကမ္ဘာ့နိုင်ငံအသီးသီးတို့အနေဖြင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်ကြုံတွေ့ခံစားနေကြရပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်အတူ ဘေးအန္တရာယ်လျှော့ပါးရေး လုပ်ငန်းများကိုပါ ကြိုတင်မျှော်မှန်း စီမံဆောင်ရွက်နေကြရလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအမံများကို နိုင်ငံတော်အပိုင်းသာမက မိတ်ဖက်နိုင်ငံများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းအကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား သဘာဝဘေးအန္တရာယ်လျှော့ချရေးစီမံခန့်ခွဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၆ ရက်ညနေပိုင်းတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ Hilton Hotel ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတို့က မြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့ရသော သဘာဝဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ဘေးအန္တရာယ်လျှော့ပါးရေးလုပ်ငန်းစဉ်များ စီမံအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဂျပန်နိုင်ငံ မြေယာ၊ ကုန်းလမ်းပို့ဆောင်ရေး၊ အခြေခံအဆောက်အအုံနှင့် ခရီးသွားလာရေးဝန်ကြီး Mr. Keiichi ISHII က ကြုံတွေ့ခဲ့ရသော သဘာဝဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်လျှော့ပါးရေးလုပ်ငန်းများတွင် နည်းပညာများ၊ အကြံဉာဏ်များနှင့် အကူအညီများ တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်များကိုလည်းကောင်း နှစ်ဖက်အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ အမြင်ခြင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## (၁၈)ကြိမ်မြောက် အထွေထွေရောဂါကု ဆရာဝန်ညီလာခံကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့၏ (၁၈)ကြိမ်မြောက် အထွေထွေ ရောဂါကု ဆရာဝန်ညီလာခံကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၆ ရက်(သောကြာနေ့)မှ ၈ ရက်(တနင်္ဂနွေနေ့)အထိ ရန်ကုန်မြို့အမှတ် ၂၄၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပမည် ဖြစ်သည်။

ညီလာခံသို့ တက်ရောက်မည့်ဆရာဝန်များ၊ ဆေးကျောင်းသားများသည် ဇန်နဝါရီ ၂ ရက်(တနင်္လာနေ့)မှ ၆ ရက်(သောကြာနေ့)အထိ နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအတွင်း မြန်မာနိုင်ငံဆရာဝန်အသင်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **မောင်မောင်**

## လှိုင်းအသင့်အတင့်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့် ရှိမည်။ (မိုး/ဇလ)



ဘာသာပေါင်းစုံမှဘာသာရေးခေါင်းဆောင်များက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏မိခင်ကြီး ဒေါ်ခင်ကြည်အတွက် ဘာသာပေါင်းစုံဆုတောင်းခြင်းအခမ်းအနား ပြုလုပ်စဉ် (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာ သရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။



တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာ သရေ စည်သူ မင်းအောင်လှိုင် ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးစဉ် (သတင်းစဉ်)

ထို့နောက် ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းမှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းဝတ်ရည်အောင်နှင့် သေနတ်ပစ်အကောင်းဆုံးဆုရဗိုလ်လောင်း အိန္ဒြာအောင်ကျော်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားပြီး ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူကာ စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြ အခမ်းအနားအပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ရိပ်သာညှော်ခန်းမ၌ အကောင်းဆုံး ဗိုလ်လောင်းဆုရ ဗိုလ်လောင်းဝတ်ရည်အောင်၊ သေနတ်ပစ်အကောင်းဆုံးဆုရ ဗိုလ်လောင်းအိန္ဒြာအောင်ကျော်နှင့် ၎င်းတို့၏မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၃) သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲသို့ တက်ရောက်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းက မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမ ကျောင်းတိုက်၌ ဖွင့်လှစ်လျက်ရှိသော (၂၃)ကြိမ်မြောက် ဓမ္မဒူတယဉ်ကျေးလိမ္မာ သင်တန်းအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ဆွမ်းဆန်တော်များနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး ဆရာတော် ဓမ္မဒူတအရှင် ဆေကိန္ဒထံ လှူဖွယ်ပစ္စည်းများ၊ ဆွမ်းဆန်တော် ၂၀ အိတ်နှင့် အလှူငွေကျပ်သိန်း ၂၀ တို့အား ဆက်ကပ်လှူဒါန်းကာ တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေကို အတည်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အမျိုးသမီးများကို ရှုထောင့်ပေါင်းစုံမှ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် ရေးဆွဲထားခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီအစည်းအဝေး ၁/၂၀၁၆ ကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် နိုင်ငံတော်အဆင့် လုပ်ငန်းယန္တရားတစ်ရပ်ဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် လုပ်ငန်းအစီအစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်မှုတွင်လည်းကောင်း၊ နိုင်ငံတကာနှင့် ဒေသတွင်း အမျိုးသမီးရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆက်သွယ်ဆောင်ရွက်ရာတွင်လည်းကောင်း နိုင်ငံတော်အစိုးရ ကိုယ်စား အဓိကတာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း။

လက်ရှိကာလတွင် နိုင်ငံတော်၏ မူဝါဒများနှင့်အညီ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၇ ရက်က ပြန်လည်ဖွဲ့စည်းခဲ့ပါကြောင်း၊ ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီတွင် ယခင်ကာလက အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအပြင် အမျိုးသမီးအရေးကို တက်ကြွစွာဆောင်ရွက်နေသော ကွန်ရက် အဖွဲ့အစည်းများ ပါဝင်လာခဲ့ပါကြောင်း။

အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အကျိုးစီးပွားကိုရှေးရှု၍ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) ကို အကောင်အထည်ဖော်ရာတွင်လည်း မဟာဗျူဟာလေးရပ်၊ အဓိကလုပ်ငန်း နယ်ပယ် ၁၂ ရပ်နှင့် နှစ်အလိုက် လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေကို မိမိတို့ဝန်ကြီးဌာနမှဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း၊ ကျား၊ မ တန်းတူညီမျှရေးကွန်ရက်အဖွဲ့၊ UN Gender Theme Group တို့နှင့် ပူးပေါင်းရေးဆွဲထားပြီး အတည်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါဥပဒေတွင် အခန်း ၁၈ ခန်း၊ ပုဒ်မပေါင်း ၈၇ ခု ပါဝင်ပြီး အမျိုးသမီးများကို ရှုထောင့်ပေါင်းစုံမှ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် ရေးဆွဲထားခြင်းဖြစ်ပါကြောင်း။

ဝန်ကြီးဌာနနှင့် အရပ်ဘက်လူမှုရေးအဖွဲ့များပူးပေါင်း၍ Gender, CEDAW, NSPAW ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများကို ဝန်ကြီးဌာနကိုးခုတွင် ၁၂ ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပါကြောင်း၊ ကျန်ရှိသည့် ဝန်ကြီးဌာနများကိုလည်း ဆက်လက်၍ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ မူဝါဒ၊ ဖွဲ့စည်းပုံ၊ တာဝန်နှင့်ဝတ္တရားများ၊ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) (National Strategic Plan for the Advancement of Women-NSPAW) အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals-SDGs) အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေးက ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး/ပြည်နယ် လူမှုရေးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တက်ရောက်လာသူများက ကော်မတီ၏ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ၊ အမျိုးသမီးအခွင့်အရေးများနှင့် ပတ်သက်၍ ဝိုင်းဝန်း အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

တိုးမြှင့်ဆောင်ရွက်လာနေကြပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းဆေးအခန်းကဏ္ဍ မြှင့်တင်ဆောင်ရွက်ခြင်းသည် ပြည်သူလူထုအတွက်၊ နိုင်ငံတော်အတွက် အကျိုးကျေးဇူးဖြစ်စေနိုင်ပါကြောင်း၊ ယခုညီလာခံကြီး အောင်မြင်ရန် ညီလာခံကျင်းပရေးလုပ်ငန်းများ စနစ်တကျကြိုတင်ပြင်ဆင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**တိုက်တွန်း**

မြန်မာ့တိုင်းရင်းဆေးနှင့်ပတ်သက်သည့် ညီလာခံများ၊ နှီးနှောဖလှယ်ပွဲများ ပြုလုပ်ပြီး အားပေးမြှင့်တင်ခြင်းအားဖြင့် နိုင်ငံတကာအဆင့်မီသည့် တိုင်းရင်းဆေးသမားတော်များ ပေါ်ပေါက်လာမည်ဖြစ်ပြီး ကမ္ဘာတွင်လည်း အောင်မြင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ကျရာတာဝန်ကို အားကြိုးမာန်တက်ဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုတိုင်းရင်းဆေးညီလာခံတွင် ထွက်ပေါ်လာမည့် ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များကို အသေအချာအလေးအနက်ထားပြီး အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးလောကကြီးတစ်ခုလုံးတိုးတက်ရန် တိုင်းရင်းဆေးပညာရှင်များ၏ ဦးဆောင်မှုဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဦးစီးကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် ဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်တို့က မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့်နှီးနှောဖလှယ်ပွဲကျင်းပရေးအတွက် ဆပ်ကော်မတီအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပို့ဆောင်ဆက်သွယ်ရေး၊ တည်းခိုရေး၊ ကျွေးမွေးရေး၊ လုံခြုံရေး၊ သတင်းထုတ်ပြန်ရေးနှင့် ညီလာခံအကြို လှုံ့ဆော်ရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

**ဝိုင်းဝန်းကူညီဆောင်ရွက်**

ထို့နောက် ဦးစီးကော်မတီနာယက ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ၂၀၀၀ ပြည့်နှစ်မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့ရာ ၁၆ ကြိမ်တိုင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုကျင်းပမည့် (၁၇)ကြိမ်မြောက်က စတင်၍ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲများက ထွက်ရှိလာသည့် ဆုံးဖြတ်ချက်များကို ဆက်လက်အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ မြန်မာ့တိုင်းရင်းဆေး သုတေသနလုပ်ငန်းများကိုလည်း တိုးတက်အောင် စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းနှင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများနှင့် ဝန်ကြီးဌာနများအားလုံး ပေါင်းစပ်ပြီး ရည်မှန်းချက်များ အောင်မြင်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

(၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင်လည်းကောင်း၊ နှီးနှောဖလှယ်ပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင်လည်းကောင်း မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေးတိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ ကျင့်ဝတ်သိက္ခာမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများ၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေး၊ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့တိုင်းရင်းဆေးဝါးများ ပိုမိုကောင်းမွန်လာရေးအတွက် ရည်ရွယ်၍ ယခုကဲ့သို့ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## သတိပေးချက်

(၁) မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့် ပတ်ဝန်းကျင်ကိုအကူအညီတောင်းပါ။ (၂) မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။ (၃) အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ဈေးဆိုင်တိုင်းတွင် D.C.P (Dry Chemical Powder Extingulsher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှကာကွယ်နိုင်ပါသည်။

**မီးသတ်ဦးစီးဌာန**



# (၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပရာ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယဥက္ကဋ္ဌ လှိုင်သာယာမြို့နယ် သာသနာ့ဂုဏ်ရည်ကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညိသရာဘိဝံသထံမှ ဥပုသ်ဆင်ရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက သာရဏီယဩဝါဒကထာ မြွက်ကြားတော်မူသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အလှူရှင် ၁၃ ဦးက အလှူငွေကျပ် ၃၁၁ သိန်းကျော်ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ လှူဒါန်းမှု အစုစုတို့အတွက် အနုမောဒနာတရားနာကြားပြီး ရေစက်သွန်းချ အမျှပေးဝေကာ သာသနာရေးဦးစီးဌာနမှ စာပေလက်ထောက်(၁) ဦးဆန်းမောင်က ဓမ္မာသနပလ္လင်တော်များနှင့် ကနက္ကဒဏ်ထီးဖြူတော်များကို အဘိသေက မန္တန်တော်ဖြင့် ဘိသိက်သွန်း၍ ပလ္လင်တော်များထက်သို့ သာသနာ့အာဇာနည်များအား ပင့်လျှောက်တော်မူသည်။

(၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာနက ဩဝါဒါစရိယဆရာတော်ကြီး ၁၀ ပါးအား တစ်ပါးလျှင် ဝတ္ထုငွေကျပ် သုံးသိန်း၊ စာထောက်စာမဆရာတော် ၁၂၄ ပါးအား တစ်ပါးလျှင် ဝတ္ထုငွေကျပ် သုံးသောင်း စုစုပေါင်း အလှူငွေကျပ် ၆၇၂၀၀၀၀ ဆက်ကပ်လှူဒါန်းခဲ့သည်။

(၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲသို့ အာဂုံပြန် သံဃာတော် ၂၀၄ ပါး၊ ရေးဖြေသံဃာတော် ၁၅၅ ပါးတို့ ဝင်ရောက်ဖြေဆိုတော်မူကြကြောင်း သိရသည်။

**သတင်း - ရီရီမြင့်၊ ဓာတ်ပုံ - လှမိုး**

# ဘေးအန္တရာယ်လျှော့ချရေးအတွက် အဆင့်မြင့်စားပွဲဝိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ဂျပန်နိုင်ငံ မြေယာ၊ အခြေခံအဆောက်အအုံ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာန (MLIT) သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နှင့် သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်ရန် ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ (MOC) ရေးထိုးထားသော ဝန်ကြီးဌာနဖြစ်သည်။

အဆိုပါ ဂျပန်နိုင်ငံ မြေယာ၊ အခြေခံအဆောက်အအုံ ပို့ဆောင်ရေးနှင့်ခရီးသွားလာရေးဝန်ကြီးဌာန (MLIT) နှင့် MOCရေးထိုးထားသော မြန်မာနိုင်ငံမှ ဝန်ကြီးဌာန သုံးခုတို့ ပူးပေါင်း၍ “ဘေးအန္တရာယ်လျှော့ချရေးအတွက် အဆင့်မြင့်စားပွဲဝိုင်းဆွေးနွေးပွဲ” တစ်ရပ်ကို နေပြည်တော် Hilton Hotel, Grand Ball Room ခန်းမတွင် ဒီဇင်ဘာ ၂၆ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားရာတွင် ဂျပန်နိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရာတွင် လည်းကောင်း၊ ကြိုတင်သတိပေးစနစ်များ ဖော်ဆောင်ရာတွင်လည်းကောင်း များစွာတိုးတက်နေသည့်နိုင်ငံဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ မိမိတို့၏ အရေးပေါ်စီမံခန့်ခွဲမှုဗဟိုဌာန(Emergency Operating Center-EOC)အား နိုင်ငံတကာအဆင့်မီ အဆင့်မြှင့်တင်ရာတွင်လည်းကောင်း။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်ရှိ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းကျောင်းအနေဖြင့်လည်း ဆရာဖြစ်သင်တန်းများ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းများနှင့် အခြားအထူးပြုသင်တန်းများ ပို့ချပေးလျက်ရှိပါကြောင်း၊ အဆိုပါသင်တန်းကျောင်း အဆင့်မြှင့်တင်ရေးအတွက် အကူအညီပေးစေလိုပါကြောင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မြေပြိုမှုဘေးအန္တရာယ် အကဲဖြတ်ခြင်းလုပ်ငန်းများနှင့် ဘေးဒဏ်လျော့ပါးစေရေးလုပ်ငန်းများဆောင်ရွက်ရန် နည်းပညာအကူအညီများ ရယူလိုပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်အပါအဝင် သဘာဝဘေးအန္တရာယ် ကျရောက်လွယ်သောဒေသများတွင် ဘက်စုံသုံးအဆောက်အအုံ (Multi-purpose shelter) များ ဆောက်လုပ်ရန်အစီအစဉ်ရှိကြောင်းကို အသိပေးလိုပါကြောင်း။

ထို့အပြင် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုနှင့် ရာသီဥတုပြောင်းလဲခြင်းတို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ရေကြီးရေလျှံမှုများ၊ ရေရှားပါးမှုများ ကြုံတွေ့နေရလျက်ရှိရာ အဆိုပါကိစ္စများနှင့် ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးလိုပါကြောင်း၊ မြန်မာနိုင်ငံအမျိုးသား ရေအရင်းအမြစ်စီမံခန့်ခွဲမှုကော်မတီနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်း၍ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပမည့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုဖိုရမ်သို့လည်း MLIT ဝန်ကြီးဌာနမှ ကျွမ်းကျင်သူများအား ဖိတ်ကြားလိုပါကြောင်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံ မြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာန(MLIT)၏ ဝန်ကြီး H.E. Mr. Keiichi ISHII က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိအရေးပေါ်စီမံခန့်ခွဲမှုဗဟိုဌာန (EOC) ပိုမိုထိရောက်စေရန် လိုအပ်သောနည်းပညာ အကူအညီများပေးအပ်ရန် အသင့်ရှိပါကြောင်း၊ သဘာဝဘေးစီမံခန့်ခွဲမှုသင်တန်းကျောင်းနှင့် ဘက်စုံသုံး အဆောက်အအုံ (Multi-purpose shelter)များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြန်လည်ညှိနှိုင်းဆွေးနွေးမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရခြင်းကို ကျေနပ်အားရမိကြောင်း ကမ္ဘာလှည့်ခရီးသွားများပြောဆို



**မန္တလေး ဒီဇင်ဘာ ၂၇**

မန္တလေးမြို့သို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များက သဘာဝအမွေအနှစ်များ၊ ဘိုးဘွားအမွေအနှစ်များ ပေါ်များသည့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရခြင်းကို ကျေနပ်အားရမိသည်ဟု ပြောဆိုကြကြောင်း သိရသည်။

“မြန်မာလူမျိုးတွေက ကျွန်မတို့ကို တွေ့လိုက်တာနဲ့ ပြုံးပြနှုတ်ဆက်ကြတဲ့အတွက် သူတို့ရဲ့ ဧည့်ဝတ်ကျေပွန်မှုတွေကို အသိအမှတ်ပြုရမှာပါ။ ဒါ့အပြင် ဒီနိုင်ငံမှာ တွေ့မြင်ရတဲ့ ရှေးဟောင်း အဆောက်အအုံတွေကလည်း ကျွန်မတို့ရဲ့စိတ်ကို အကောင်းဆုံး ဆွဲဆောင်နိုင်ခဲ့ပါတယ်” ဟု မန္တလေးမြို့သို့ ဝင်ရောက်လေ့လာကြသည့် ကမ္ဘာလှည့်ခရီးသွားအဖွဲ့မှ နယ်သာလန်နိုင်ငံသူ တစ်ဦးက ပြောသည်။

ထို့ပြင် နိုင်ငံတကာခရီးသွားဧည့်သည်များက ၎င်းတို့ရောက်ရှိရာ နေရာတိုင်းတွင် နွေးထွေးပျူငှာစွာ ကြိုဆိုနှုတ်ဆက်၍ ရင်းနှီးချစ်ခင်စွာ အမှတ်တရဓာတ်ပုံများ တွဲဖက်ရိုက်ကူးခြင်းကိုလည်း နှစ်သက်မိကြောင်း ဆက်လက်ပြောသည်။

ယခုနှစ်တွင် မန္တလေးမြို့သို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ ယမန်နှစ်ထက် ပိုမိုများပြားလျက်ရှိနေပြီး မန္တလေးမြို့၏ ထင်ရှားသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာနေရာများသို့ ဝင်ရောက်လေ့လာလျက်ရှိရာ ဒေသခံပြည်သူများကလည်း မိမိတို့ ဒေသထွက်ကုန် ရိုးရာလက်မှုအသုံးအဆောင်များ ရောင်းအားကောင်း၍ ပျော်ရွှင်လျက်ရှိသည်။

မန္တလေးမြို့သို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်ဝင်ရောက်မှုကို ၂၀၁၅ ခုနှစ်တွင် သုံးသိန်း လျာထားခဲ့ပြီး ၃၀၆၄၃၂ ဦး ဝင်ရောက်ခဲ့သဖြင့် ယခုနှစ်တွင် လေးသိန်း ခန့်မှန်းထားရာ နိုဝင်ဘာလကုန်အထိ ၃၃၇၀၈၆ ဦး ဝင်ရောက်ထားပြီးဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အမှန်နဲ့အမှားကြား စဉ်းစားရမယ့် ပြဿနာ

## အေးချမ်း

အောက်တိုဘာလ ၉ ရက်နေ့က ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်)၊ ကိုးတန်ကောက်နဲ့ ငါးခူရနယ်မြေရဲကင်းစခန်းတို့ကို အကြမ်းဖက်သမားတွေက အလစ်အငိုက်ရယူဝင်ရောက်စီးနင်းအကြမ်းဖက်တိုက်ခိုက်ခဲ့လို့ ရဲတပ်ဖွဲ့ဝင်တွေကျဆုံးဒဏ်ရာရပြီး လက်နက်ခဲယမ်းတွေ ဆုံးရှုံးခဲ့ပါတယ်။ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး အကြမ်းဖက်သမားတွေ ဖော်ထုတ်ရှာဖွေဖမ်းဆီးရေး၊ ပါသွားတဲ့လက်နက်ခဲယမ်းတွေ ပြန်လည်ရရှိရေးနဲ့ နယ်မြေတည်ငြိမ်အေးချမ်းရေးတို့အတွက် နယ်မြေရှင်းလင်းရေးကို တရားဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီလိုဆောင်ရွက်ခဲ့ရာမှာ အကြမ်းဖက်တိုက်ခိုက်မှုတွေ ထပ်မံရှိလာခဲ့ပြီး တပ်မတော်သားတွေ ကျဆုံးထိခိုက်မှုတွေ ထပ်ရှိခဲ့ပါတယ်။ လုံခြုံရေးတပ်ဖွဲ့များက ဥပဒေနဲ့အညီ ဆက်လက်ဖော်ထုတ်ရှင်းလင်းနေဆဲဖြစ်ပြီး ပြစ်မှုကျူးလွန်သူတွေကို တရားစွဲဆိုအပြစ်ပေးခဲ့သလို သံသယရှိသူတွေကိုလည်း စစ်ဆေးဖော်ထုတ်ဆဲဖြစ်ပါတယ်။ မသက်ဆိုင်သူတွေကိုလည်း ပြန်လွှတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ကလည်း ရခိုင်ပြည်နယ် ပဋိပက္ခကို ဖြစ်စဉ်မှန်ဖော်ထုတ်ပြီး နိုင်ငံတကာနဲ့ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းအချို့က စွပ်စွဲဝေဖန်သလို လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိ၊ မရှိ နောင်မှာ အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားရေးတို့အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့တွေ ဖွဲ့စည်းဆောင်ရွက်နေပါတယ်။ အဲဒီအဖွဲ့တွေဟာလည်း ပြဿနာဖြစ်ခဲ့တဲ့ဒေသတွေကို သွားရောက်လေ့လာပြီး ကာယကံရှင်တွေ၊ ပါဝင်ပတ်သက်သူတွေနဲ့ တွေ့ဆုံမေးမြန်းကာ နှစ်ဖက်အဖွဲ့အစည်းတွေရဲ့စကားသံတွေကိုနားထောင်ပြီး လိုအပ်တဲ့စိစစ်ဖော်ထုတ်တာတွေ လုပ်နေပါပြီ။ သူတို့ရဲ့စစ်ဆေးတွေ့ရှိချက်တွေကို သတင်းထုတ်ပြန်တာ၊ သတင်းစာရှင်းလင်းပွဲ ပြုလုပ်တာနဲ့ မီဒီယာများထံ ဖြေကြားတာတွေနဲ့ အသိပေးသတင်းပေးပို့နေကြတာ တွေ့ရပါတယ်။

အဲဒီလိုနိုင်ငံတော်အစိုးရအနေနဲ့ ပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်ဖို့ နည်းမျိုးစုံနဲ့ ကြိုးစားနေဆဲမှာပဲ အကြမ်းဖက်သမားတွေနဲ့ သူတို့ကိုထောက်ခံအားပေးကူညီထောက်ပံ့နေတဲ့အဖွဲ့အစည်းတွေဟာ အင်တာနက်၊ လူမှုကွန်ရက်တွေကနေ မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်တဲ့ သတင်းတွေကို လွှင့်တင်နေပါတယ်။ ပြည်ပမီဒီယာတချို့ကလည်း ကျင့်ဝတ်ဖောက်ဖျက်ပြီး တစ်ဖက်သတ်စွပ်စွဲချက်တွေနဲ့ မဟုတ်မမှန်လုပ်ကြံကောလာဟလသတင်းတွေကို ဖြန့်ဝေပေးနေပါတယ်။ အဲဒီမဟုတ်မမှန်သတင်းတွေဟာ ပဋိပက္ခကိုရှုပ်စေပြီး ပြဿနာကို ပိုမိုကြီးထွားစေတာကြောင့် နိုင်ငံတကာက ဖိအားတွေနဲ့ ပြည်တွင်းရေးကို အကျယ်ချဲ့ပုံဖော်ချင်တဲ့ အဖျက်လုပ်ရပ်တွေ ဖြစ်နေတာကို အမှန်အတိုင်းသိကြဖို့လိုပါတယ်။ ဝိုင်းဝန်းတားဆီးကာကွယ်သွားကြရမှာ ဖြစ်ပါတယ်။

အဲဒီလိုပြည်တွင်းပြည်ပက ထိုးနှက်ဝေဖန်တဲ့သတင်းတွေအပေါ် မဟုတ်မမှန်ကြောင်းနဲ့ သတင်းမှန်များကို နိုင်ငံတော်အတိုင်ပင်ခံရုံးက သတင်းထုတ်ပြန်ရေးကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ထုတ်ပြန်အသိပေးနေပါတယ်။ အလားတူ တပ်မတော်သတင်းမှန်ထုတ်ပြန်ရေးအဖွဲ့ကလည်း အသိပေးတင်ပြနေတာ တွေ့ရပါတယ်။ ဒါပေမယ့် စစ်ဆင်ရေးကာလဖြစ်နေတော့ ပြင်ပမီဒီယာတွေ အပါအဝင် ပြည်သူတွေအနေနဲ့ ပြဿနာဖြစ်နေတဲ့နေရာတွေကို လွတ်လွတ်လပ်လပ်သွားလာခွင့်မရခဲ့ပါဘူး။

ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေနဲ့ မီဒီယာအဖွဲ့တွေ အဲဒီဒေသကိုသွားရောက်ပြီး လွတ်လွတ်လပ်လပ် သတင်းရယူခွင့်ပြုဖို့နဲ့ သတင်းမှန်များ ထုတ်ပြန်နိုင်အောင် ဆောင်ရွက်ခွင့်ရဖို့ တောင်းဆိုခဲ့ကြပါတယ်။ အစိုးရအနေနဲ့ သတင်းမီဒီယာတွေကို မသွားရ၊ မလာရ တားဆီးပိတ်ပင်ထားတာမျိုးမဟုတ်ပေမယ့် စစ်ဆင်ရေးနယ်မြေဖြစ်နေတော့ ကန့်သတ်ချက်တွေရှိတာကြောင့် အန္တရာယ်မဖြစ်ဖို့အတွက် သွားခွင့်မရခဲ့တာ ဖြစ်ပါလိမ့်မယ်။ မီဒီယာအပါအဝင် ပြည်သူတစ်ဦးချင်းအတွက် လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရမယ့်တာဝန်ကလည်း တစ်ဖက်က ရှိနေပါတယ်။ ဒီကန့်သတ်ချက်ကြောင့် သတင်းမီဒီယာသမားတွေ ပြဿနာဖြစ်တဲ့နေရာအထိ ထဲထဲဝင်ဝင်သွားခွင့်မရခဲ့တာ ဖြစ်ပါတယ်။ အများတကာ သွားလာခွင့်ရတဲ့နေရာတွေအထိ မီဒီယာသမားတွေ သွားလာခွင့်ရှိပါတယ်။

မီဒီယာသမားတွေ ဒီနေရာတွေကိုရောက်ရင် ခိုင်လုံတဲ့၊ မှန်ကန်တဲ့ သတင်းတွေရနိုင်မှာဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရက ပြည်တွင်းပြည်ပမီဒီယာတွေပါဝင်တဲ့ သတင်းမီဒီယာအဖွဲ့တစ်ဖွဲ့ကို ဒီဇင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ သွားရောက်သတင်းရယူနိုင်ဖို့ စီစဉ်ပေးခဲ့ပါတယ်။ အားလုံးတော့ မပါဝင်နိုင်ခဲ့ပါဘူး။ ခရီးလမ်းကြောင်းစီစဉ်ရမှုနဲ့ လုံခြုံရေးအခြေအနေအရ တတ်နိုင်သလောက် စုဖွဲ့စေလွှတ်ဖို့ စီစဉ်ခဲ့ကြောင်း သိရပါတယ်။ ဘာပဲဖြစ်ဖြစ် မျက်မြင်ကွင်းဆင်းရယူတဲ့သတင်းအချက်အလက်တွေကို မျှဝေထုတ်ပြန်နိုင်တဲ့အတွက် ကောင်းတဲ့ဘက်ကပဲတွေးရင်တော့ အကျိုးရှိတဲ့ခရီးလို့ ဆိုရမှာပါ။

မြေပြင်သတင်းရယူခဲ့ကြတဲ့ ပြည်တွင်း၊ ပြည်ပသတင်းဌာနတွေက သတင်းထောက်များရဲ့ ထုတ်ဖော်ပြောကြားချက်များအရ ဖြစ်စဉ်ဖြစ်ခဲ့တဲ့နေရာများကို ရောက်ရှိခဲ့ကြောင်း၊ မေးချင်တဲ့သူကို လွတ်လွတ်လပ်လပ်မေးခွင့်ရကြောင်း၊ စွပ်စွဲမှုတွေရှိသလို ငြင်းဆိုမှုများလည်းရှိကြောင်း၊ အကန့်အသတ်မရှိ မေးချင်သလို မေးနိုင်ပြီး ဖြေဆိုသူများကလည်း လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်းဖြေကြကြောင်း၊ အပြင်မှာပြောနေတာ၊ ကြားနေတာတွေနဲ့ တခြားစီဖြစ်နေတာ တွေ့ရကြောင်း၊ ရရှိတဲ့သတင်းတွေကို အမှန်အတိုင်းဖော်ပြခွင့်ရမှာဖြစ်ကြောင်း သိရပါတယ်။

ပြည်တွင်းပြည်ပမီဒီယာအဖွဲ့တွေ အဲဒီလိုသွားရောက်သတင်းရယူစဉ် တာဝန်ရှိသူတချို့နဲ့ ဒေသခံနှစ်ဖက် လူ့အဖွဲ့အစည်းများထံမှ ပြောကြားချက်များအရ ပြည်ပနိုင်ငံတချို့ စွပ်စွဲချက်များသည်မမှန်ကြောင်း၊ တချို့သတင်းများမှာ ဖြစ်စဉ်အမှန်ထက် လိုရာဆွဲပြီး ဖော်ပြနေတာကြောင့် နိုင်ငံတကာက အထင်မှားမှုများရှိနေကြောင်း၊ တရားဥပဒေစိုးမိုးရေးနဲ့ လုံခြုံရေးကောင်းဖို့လိုကြောင်း၊ ဥပဒေကိုလိုက်နာပြီး နယ်မြေတည်ငြိမ်အေးချမ်းလာရင် တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုရှိလာပြီး အေးအေးချမ်းချမ်းနေနိုင်ကြမည်ဖြစ်ကြောင်း၊ စစ်ဆေးဖော်ထုတ်မှုများကို ဥပဒေနှင့်အညီ လုပ်ဆောင်နေကြောင်း ဆေးရုံများကလည်း လူမျိုးမရွေး၊ ဘာသာမရွေး ပြုစုစောင့်ရှောက်ကုသပေးနေကြောင်း၊ အခုလို အကြမ်းဖက်ဖြစ်စဉ်မျိုး လုံးဝမလိုလားကြောင်း၊ ငြိမ်းငြိမ်းချမ်းချမ်း အေးအေးချမ်းချမ်းပဲ နေချင်ကြကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများက ထောက်ပံ့လှူဒါန်းမှုများကို တားဆီးပိတ်ပင်တာ၊ ဟန့်တားတာတွေမရှိဘဲ လွတ်လွတ်လပ်လပ်လာရောက်လှူဒါန်းနေကြကြောင်း၊ ဒီလိုပြဿနာတွေဖြစ်နေတာ မကောင်းကြောင်း၊ တည်တည်ငြိမ်ငြိမ်အေးအေးချမ်းချမ်းနဲ့ လူမျိုးဘာသာပေါင်းစုံ အတူတကွနေချင်တဲ့ ဆန္ဒရှိကြကြောင်း စတဲ့စကားသံတွေ ကြားသိခဲ့ကြောင်း သိရပါသည်။

ဒါကြောင့် အခုလိုသွားရောက်သတင်းရယူခဲ့တဲ့ မီဒီယာတွေအနေနဲ့ ပြည်သူလူထုနဲ့ ပြည်ပအဖွဲ့အစည်းတွေဆီ သတင်းမှန်တွေ ထုတ်ပြန်ပေးနိုင်မယ်လို့ မျှော်လင့်ရပါတယ်။ ပြည်သူတွေအနေနဲ့လည်း ကောလာဟလနဲ့ သတင်းမှန်ကို ပိုင်းခြားဝေဖန်သုံးသပ်ပြီး အဖြစ်မှန်ကို သိရှိနိုင်ကြပါလိမ့်မယ်။ ဒါက ဒီခရီးစဉ်နဲ့ပတ်သတ်တဲ့ လုပ်ရိုးလုပ်စဉ်၊ ကျင့်ဝတ်အရဆောင်ရွက်တဲ့ မီဒီယာတာဝန်တစ်ခုဖြစ်ပေမယ့် ဒီခရီးစဉ်မှာ ထူးခြားတဲ့သတင်းအချက်အလက် ဖြစ်စဉ်နှစ်ခုကို သတိထားဖော်ထုတ်ကြည့်မိပါတယ်။

**ဒီဖြစ်စဉ်မှာ မဟုတ်မမှန်ကောလာဟလ သတင်းတွေကို ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်ကြံဖန်တီးနေတာ ပေါ်လွင်ပါတယ်။ နောက်ကွယ်က ဩဇာရှိတဲ့သူတွေရဲ့ လမ်းညွှန်ချက်အတိုင်း လုပ်နေကြရတာတွေ့ရပါတယ်။ အရင်းခံကတော့ နိုင်ငံမှာ ဆူပူအကြမ်းဖက်မှုဖန်တီးပြီး နိုင်ငံတကာက ဝိုင်းဝန်းပြစ်တင်စွပ်စွဲဝေဖန်တာ၊ အစိုးရကို ဖိအားပေးနိုင်ဖို့ ကြိုးစားလုပ်ဆောင်နေတယ်ဆိုတာ ရှင်းပါတယ်**

တစ်ခုကတော့ တပ်မတော်နဲ့ ရဲတပ်ဖွဲ့က မီးရှို့တာ၊ အဓမ္မပြုကျင့်တာ၊ မတရားဖမ်းဆီးတာတွေမရှိကြောင်း မီဒီယာတွေကို ပြောကြားခဲ့တဲ့ ကျေးရွာစေတနာ့ဝန်ထမ်းစာကြည့်တိုက်မှူးတစ်ဦး အသတ်ခံရတာပါ။ မြေပြင်ကွင်းဆင်း သတင်းရယူတဲ့ ပြည်တွင်းပြည်ပမီဒီယာအဖွဲ့ဟာ ပြဿနာဖြစ်ခဲ့တဲ့နေရာတစ်ခုဖြစ်တဲ့ ငါးခူရကျေးရွာကို ဒီဇင်ဘာ ၂၁ ရက် ရောက်စဉ် ညနေပိုင်းမှာ ကျေးရွာစေတနာ့ဝန်ထမ်းစာကြည့်တိုက်မှူးဖြစ်တဲ့ ဒုစ်မာမတ် (ခ) ရှူနာမျာကို ငါးခူရကျေးရွာအုပ်ချုပ်ရေးမှူးရုံးနဲ့ ငါးခူရအလယ်ရွာလမ်းမပေါ်မှာ သိရှိတာတွေကို တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ အဲဒီစာကြည့်တိုက်မှူးက တပ်မတော်နဲ့ရဲတပ်ဖွဲ့က မီးရှို့တာ၊ အဓမ္မပြုကျင့်တာ၊ မတရားဖမ်းဆီးတာတွေမရှိကြောင်း၊ ကျေးရွာတွေမှာ ရိုဟင်ဂျာလှုံ့ဆော်မှုများရှိကြောင်း ပြောကြားခဲ့ပါတယ်။

အဲဒီလို သတင်းထောက်တွေရဲ့မေးမြန်းချက်တွေကို ဖြေကြားခဲ့တဲ့ ဒုစ်မာမတ် (ခ) ရှူနာမျာဟာ အဲဒီနေ့ညနေမှာပဲ ရွာထဲကိုထွက်သွားရာက ညပိုင်းထိ ပြန်မရောက်တဲ့အတွက် သက်ဆိုင်ရာကို တိုင်ကြားခဲ့ပါတယ်။ ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းမှာတော့ ဒုစ်မာမတ် (ခ) ရှူနာမျာရဲ့အလောင်းကို စံပယ်ပင်ရင်းချောင်းထဲတွင် ဦးခေါင်းမပါ ဝဲယာပေါင်နှစ်ဖက်မှာ ဓားထိုးဒဏ်ရာနှစ်ချက်စီနဲ့ ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရပါတယ်။

ဘာပဲပြောပြော အဲဒီလိုသတင်းမှန်ဖွင့်ဟပြောကြားခဲ့တဲ့ ဒုစ်မာမတ်(ခ) ရှူနာမျာလိုလူမျိုး အသတ်ခံရတာဟာ နယ်မြေလုံခြုံရေးနဲ့ အေးချမ်းတည်ငြိမ်ရေးအတွက် အနှောင့်အယှက်အဖျက်အဆီးတွေက ရှိနေတုန်းပဲဆိုတာ အသိပေးလိုက်တာပါ။ တစ်ဖက်ကလည်း သတင်းအချက်ရပိုင်ခွင့်အရ ဝိုင်းဝန်းကြိုးစားဆောင်ရွက်ခဲ့ပေမယ့် တစ်ဖက်မှာတော့ မှန်ကန်စွာထုတ်ဖော်ခွင့်အတွက် အန္တရာယ်က ရှိနေတယ်ဆိုတာ သတိပေးလိုက်သလိုပါပဲ။ အသတ်ခံရသူဟာ အစ္စလာမ်ဘာသာဝင်လို့ သိရပါတယ်။ အကြမ်းဖက်သမားတွေအနေနဲ့ သူတို့မလိုလားတဲ့ အဖြေကို အမှန်တိုင်းပြောလိုက်တာကြောင့် အပြတ်ရှင်းလိုက်တာ ဖြစ်နိုင်ပါတယ်။ ကျန်တဲ့သူတွေကိုလည်း နောင်လုပ်ရဲရင်လုပ်ကြည့်၊ ပြောရဲရင် ပြောကြည့်ဆိုတဲ့သဘောနဲ့ အကြမ်းဖက်ပြီး အကြောက်တရားကို ပြလိုက်တာပါ။ ရက်စက်ပြလိုက်တာပါ။ ဒီအဖြစ်အပျက်ကနေ သတင်းရယူလိုသူတွေနဲ့ သတင်းထုတ်ဖော်ပြောကြားလိုသူတွေအတွက် သတိထားဆင်ခြင်စရာတွေ၊ သုံးသပ်ဆင်ခြင်စရာတွေ ရှိလာမှာပါ။ အများလိုလားနေတဲ့ သတင်းအချက်အလက်ရပိုင်ခွင့်ကို ခက်ခဲစေတဲ့ စိန်ခေါ်မှုတစ်ခုအဖြစ် နမူနာယူမိပါတယ်။

နောက်ဖြစ်စဉ်တစ်ခုကတော့ မောင်တောအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ဖြစ်ပွားပြီးနောက် အမျိုးသမီးအချို့ အဓမ္မပြုကျင့်ခံရမှုကောလာဟလနဲ့ပတ်သက်ပြီး စစ်ဆေးတွေ့ရှိတဲ့ သတင်းတစ်ခုပါ။ ဒီဖြစ်စဉ်ကတော့ အမျိုးသမီး တစ်ယောက်တည်းကပဲ ခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့ ကောလာဟလထုတ်ဖော်ပြောကြားခဲ့တာပါ။

ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်တဲ့ ရခိုင်ပြည်နယ်စုံစမ်းစစ်ဆေးရေးကော်မရှင်ဟာ ဒီဇင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ မောင်တောဒေသကို သွားရောက်စုံစမ်းစစ်ဆေးခဲ့ပါတယ်။ အဲဒီခရီးစဉ်မှာ ကော်မရှင်အဖွဲ့ဝင် အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်နဲ့အဖွဲ့ဝင်တွေဟာ ကျေးရွာသူ၊ ကျေးရွာသားတွေ၊ အမျိုးသမီးတွေနဲ့ ကလေးတွေကိုတွေ့ဆုံပြီး အမျိုးသမီးတွေ အဓမ္မပြုကျင့်ခံရမှု ရှိ၊ မရှိကို အသေးစိတ်မေးမြန်းခဲ့ခြင်းဖြစ်ပါတယ်။

ကော်မရှင်အဖွဲ့ဝင်တွေဟာ ဒီဇင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းက ပြောင်ပိုက်ကျေးရွာကို ရောက်ရှိချိန်မှာ မဂျာမာလီဟာဆိုတဲ့ အမျိုးသမီးကို သီးခြားတွေ့ဆုံပြီး ကိုယ်တိုင်အဓမ္မပြုကျင့်ခံရမှု ရှိ၊ မရှိ၊ အခြားအမျိုးသမီးငယ်တွေကိုလည်း အဓမ္မပြုကျင့်ခံရမှု ရှိ၊ မရှိ၊ မျက်မြင်ကိုယ်တွေ့သိရှိခြင်း ရှိ၊ မရှိတို့ကိုမေးမြန်းရာ ကိုယ်တိုင်လည်း ပြုကျင့်ခံရမှုမရှိကြောင်း၊ အခြားသူတွေ ပြုကျင့်ခံရမှုကိုလည်း မြင်တွေ့ကြားသိခြင်းမရှိကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

သို့သော် အခုပြည်တွင်းပြည်ပမီဒီယာအဖွဲ့ ဒီဇင်ဘာ ၂၁ ရက်က ပြောင်ပိုက်ကျေးရွာကို ရောက်ရှိချိန်မှာ ပြောင်ပိုက်ကျေးရွာနေ မဂျာမာလီဟာနဲ့ ငါးစားကြူးကျေးရွာနေ ဒေါ်သန်းသန်း (ခ) မနိုရ်ဂျန်တို့ကို တွေ့ဆုံမေးမြန်းခဲ့ရာ မဂျာမာလီဟာက ၎င်းအားလုံခြုံရေးတပ်ဖွဲ့ဝင်များက အဓမ္မပြုကျင့်ခဲ့ကြောင်း ပြောကြားခဲ့ပါတယ်။

ထိုပြောကြားချက်ကြောင့် အဖြစ်မှန်ပေါ်ပေါက်ရေး၊ ကျူးလွန်ခဲ့သူတွေကို တရားဥပဒေနဲ့အညီ အရေးယူနိုင်ရေးနဲ့ နစ်နာသူတွေကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရေးအတွက် တာဝန်ရှိသူတွေက ဒီဇင်ဘာ ၂၂ ရက်မှာ ပြောင်ပိုက်ကျေးရွာကို သွားရောက်ခဲ့ပါတယ်။ ရွာက တာဝန်ရှိသူတွေနဲ့ ရပ်မိရပ်ဖတွေကို မေးမြန်းစုံစမ်းရာမှာ မဂျာမာလီဟာနှင့် ဒေါ်သန်းသန်းတို့ဟာ ပြောင်ပိုက်ကျေးရွာမှာနေထိုင်ခြင်းမရှိကြောင်း၊ ငါးစားကြူးကျေးရွာတွင် နေထိုင်ကြောင်း သိရတဲ့အတွက် ဆက်သွယ်ခေါ်ယူသော်လည်းမလာရောက်ဘဲ တိမ်းရှောင်နေတယ်လို့ သိရပါတယ်။ ပြောင်ပိုက်ကျေးရွာရှိ မဂျာမာလီဟာရဲ့ နေအိမ်အနီးပတ်ဝန်းကျင်နေ အဘူဘော်ရှော့၊ မနုရ်ရှ်နတ်နှင့် ရာအိမ်မှူးတို့ကိုမေးမြန်းရာမှာ အဓမ္မပြုကျင့်တဲ့ဖြစ်စဉ်ဟာ မမှန်ကန်ကြောင်း၊ အဓမ္မပြုကျင့်ခံရတယ်လို့ ရွာထဲမှာလည်း မကြားမိကြောင်း၊ ၎င်းအနေနဲ့ ဘာရည်ရွယ်ချက်နဲ့ အဓမ္မပြုကျင့်ခံရတယ်လို့ သတင်းထောက်တွေကို ပြောကြားခဲ့တာကို မသိရှိကြောင်း ဖြေကြားခဲ့တာ တွေ့ရပါတယ်။

ဒီဖြစ်စဉ်မှာ မဟုတ်မမှန်ကောလာဟလသတင်းတွေကို ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်ကြံဖန်တီးနေတာ ပေါ်လွင်ပါတယ်။ နောက်ကွယ်က ဩဇာရှိတဲ့သူတွေရဲ့ လမ်းညွှန်ချက်အတိုင်း လုပ်နေကြရတာတွေ့ရပါတယ်။ အရင်းခံကတော့ နိုင်ငံမှာ ဆူပူအကြမ်းဖက်မှုဖန်တီးပြီး နိုင်ငံတကာက ဝိုင်းဝန်းပြစ်တင်စွပ်စွဲဝေဖန်တာ၊ အစိုးရကို ဖိအားပေးနိုင်ဖို့ ကြိုးစားလုပ်ဆောင်နေတယ်ဆိုတာ ရှင်းပါတယ်။

အခုဖြစ်နေတဲ့ဖြစ်စဉ်တွေအရ ရခိုင်အရေးဟာ အလွန်ထိလွယ်ရှလွယ် အနေအထားဖြစ်ပြီး သိမ်သိမ်မွေ့မွေ့နဲ့ ဖြေရှင်းရမှာပါ။ ဒါပေမယ့် ခုလိုပြဿနာမျိုး နောက်ထပ်ဖြစ်မလာအောင် ကိုင်တွယ်ဆောင်ရွက်သင့်ပါတယ်။ ဒီပုံအတိုင်းဆို နောက်ကွယ်က ကြိုးကိုင်ခြယ်လှယ်မှု၊ ထောက်ပံ့ကူညီမှုတွေရှိနေတုန်းဆိုတာ ပေါ်လွင်နေပါတယ်။ ပြဿနာကို မီးမွှေးနေသူတွေအတွက်တော့ သူတို့ရည်မှန်းချက်၊ ရည်ရွယ်ချက်တွေအတိုင်း လုပ်မှာဆိုတော့ တားလို့ ရချင်မှရမှာပါ။ ဒါပေမယ့် ကြားထဲမှာရှိနေတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ပြည်ပနိုင်ငံတွေဟာ ဒီဖြစ်စဉ်ပေါ်မှာ မီးလောင်ရာလေပင့် လုပ်နေတာတွေကိုတော့ မလုပ်သင့်တော့ပါဘူး။ အလားတူ ပြည်တွင်းမှာ အတူယှဉ်တွဲနေထိုင်ကြသူတွေနဲ့ လူမျိုးရေး၊ ဘာသာရေးပြင်းပြထက်သန်ကြသူတွေကလည်း မလိုလားသူတွေရဲ့ မြှောက်ထိုးပင့်ကော်လုပ်နေတာတွေကို သတိထားဆင်ခြင်ကြဖို့လိုအပ်ပါတယ်။ ကောလာဟလနဲ့ မဟုတ်မမှန်လုပ်ကြံသတင်းတွေကို ရှောင်ရှားပြီး ဖြစ်ရပ်မှန်များအပေါ် အခြေခံကာ ရခိုင်ပြည်နယ် ပြန်လည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးကို စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းအပ်ပါတယ်။

# ရန်ကုန်တိုင်းဒေသကြီး၌ လာမည့်နွေရာသီအတွက် ပြည့်ဝကောင်းမွန်သော လျှပ်စစ်ဓာတ်အားပေးနိုင်ရေးအတွက် အစီအစဉ်နှစ်ခုရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး၌ လာမည့်နွေရာသီတွင် ပြည့်စုံကောင်းမွန်သော လျှပ်စစ်ဓာတ်အားပေးနိုင်ရေးအတွက် ဆောင်ရွက်နေသော အစီအစဉ်နှစ်ခုရှိကြောင်း တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားသည်။



ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ အစီအစဉ်တွင် ပါဝင်သော လမ်းမတော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမာ၏ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းမှုကို ဖြေကြားရာတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

လမ်းမတော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမာက စီးပွားရေးလုပ်ငန်းရှင်များ သုံးစွဲသော ဓာတ်အားများ၊ စက်မှုလုပ်ငန်းရှင်များ သုံးစွဲသော လျှပ်စစ်ဓာတ်အားများနှင့် ပြည်သူလူထုသုံးစွဲသော လျှပ်စစ်ဓာတ်အားများကို နှိုင်းယှဉ်ကြည့်ခြင်းဖြင့် မည်သူတို့အတွက် လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲနေရကြောင်း၊ ပိုမိုအရှုံးခံနေရသည်ကို တွေ့မြင်လာရမည်ဖြစ်ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ထိုကဲ့သို့ အရှုံးခံဖြန့်ဖြူးနေခြင်းအတွက် အရှုံးခံမှုနည်းပါးစေရန် နည်းလမ်းရှာဖွေသင့်ကြောင်းကို ၎င်း၏ မေးခွန်းတွင် ထည့်သွင်းမေးမြန်းခဲ့သည်။

လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က မေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ဖြေကြားရာတွင် "ရန်ကုန်တိုင်းဒေသကြီးမှာ လာမယ့်နွေရာသီအတွက် ပြည့်ဝကောင်းမွန်သော လျှပ်စစ်ဓာတ်အားပေးနိုင်ရေးအတွက် အစီအစဉ်နှစ်ခုရှိပါတယ်။ ပြည့်ဝကောင်းမွန်သောဆိုတဲ့စကားလုံးကို အဓိပ္ပာယ်ဖွင့်ရရင် ပြည့်ဝသောဆိုတာက ဗို့အား ပြည့်ဝတာကိုပြောတာပါ။ ကောင်းမွန်သောဆိုတာက လျှပ်စစ်မီးမပြတ်ဘဲ အဆက်မပြတ်ရရှိမယ့် လျှပ်စစ်ကိုပြောတာပါ။ လာမယ့်နွေရာသီမှာ ပြည့်ဝကောင်းမွန်သော လျှပ်စစ်ဓာတ်အားပေးနိုင်ရေးအတွက် (၁)ဆိပ်ကြီးခနောင်တို အလုံဓာတ်အားပေး စက်ရုံတစ်ဖက်ကမ်းမှာ ၃၀၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပေး စက်ရုံကို စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ (၂)ကတော့ သန်လျင် သီလဝါအထက်ပိုင်းမှာ သင်္ဘောနဲ့တင်လာမယ့် ၃၀၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပေးစက်ရုံပေါ့။ အဲဒါလည်း စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါတယ်"ဟု မေးခွန်းမေးမြန်းခြင်းအပေါ် ထည့်သွင်းဖြေကြားခဲ့သည်။

ဝန်ကြီးက ဆက်လက်၍ နိုင်ငံတော်က ဖြန့်ဖြူးပေးနေသော လျှပ်စစ်ဓာတ်အားဈေးနှုန်းမှာ အလွန်သက်သာသောနှုန်းထားဖြစ်ကြောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နှစ်စဉ်ပျမ်းမျှ မြန်မာကျပ်ငွေ ၄၇၀ ဘီလီယံခန့် အရှုံးပေါ်နေကြောင်းနှင့် ထပ်မံတိုးချဲ့မည့် ၆၀၀ မဂ္ဂါဝပ် ပါဝင်ပါက မြန်မာကျပ်ငွေ ၉၀၀ ဘီလီယံခန့် အရှုံးပေါ်နိုင်ကြောင်း ပြောကြားခဲ့သည်။

ယနေ့ ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများဖြစ်သော ပန်းဘဲတန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်ဦး၏ ရန်ကုန်တောင်ပိုင်းခရိုင်ရှိ ဒလ၊ လက်ခုပ်ကုန်းမြို့များ၌ စိုက်ပျိုးမွေးမြူရေးဇုန်များ၊ အသေးစားစက်မှုဇုန်များ ပြုလုပ်ရန် အစီအစဉ်ရှိ/မရှိ မေးခွန်း၊ လသာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနိုင်၏ ရန်ကုန်မြို့တွင်း ယာဉ်ရပ်နားမှုများ စနစ်တကျဖြစ်စေရန်အတွက် အများပြည်သူပိုင်လမ်းများ၌ ကားပါကင်လိုင်းများ ရေးဆွဲကာ ယာဉ်ရပ်နားခကောက်ခံစေလျက် ယာဉ်ရပ်နားမှုဆိုင်ရာ စည်းကမ်းချက်များ၊ မူဝါဒများချမှတ်ပေး ရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့် လမ်းမတော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမာ၏ ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းတွင် စက်မှုဇုန် ၂၉ ဇုန်အတွက် မြို့နယ်တစ်ခုချင်းအလိုက် သုံးစွဲသော ယူနစ်ပေါင်းနှင့် ဓာတ်အားသုံးစွဲမှုအပေါ် ကောက်ခံရရှိသော ငွေတို့ကိုက်ညီမှု ရှိ/မရှိ မေးခွန်းများကို မေးမြန်းခဲ့ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက ပြန်လည်ဖြေကြားခဲ့ကြသည်။

ဆက်လက်၍ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီ၏ လေ့လာစိစစ်ချက် အစီရင်ခံစာအား ဖတ်ကြားတင်ပြပြီး အဆုံးအဖြတ်ရယူခဲ့ရာ ကန့်ကွက်သူမရှိသည့်အတွက် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက "၂၀၁၆ ခုနှစ်အတွင်းမှာ နိုင်ငံသားတစ်ဦးချင်း၊ တစ်ယောက်ချင်းမှာ အဆင်မပြေမှုတွေ၊ စိန်ခေါ်မှုတွေနဲ့ ကြုံတွေ့ရမှာ မလွဲပါဘူး။ ဒါတွေကို အမှတ်တရ သတိတရနဲ့ ချင့်ချိန်သုံးသပ်ပြီး လာမယ့်နှစ်သစ်မှာ စိတ်သစ်လူသစ် အတွေးအခေါ်အသစ်တွေနဲ့ စိတ်ချမ်းသာခြင်း၊ ကိုယ်ချမ်းသာခြင်းနဲ့ နှစ်သစ်မှာ ပျော်ရွှင်နိုင်ကြပါစေလို့ အားလုံးကို ဆုမွန်ကောင်းတောင်းလိုက်ပါတယ်"ဟု ပြည်သူများနှင့် လွှတ်တော်ကိုယ်စားလှယ်များအား နှုတ်ဆက်စကားပြောကြားပြီး ဒုတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးဆုံးကြောင်း ကြေညာခဲ့သည်။

ကျင်းပပြီးစီးခဲ့သော ဒုတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၉ ရက်က စတင်ကျင်းပခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက တိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ မေးခွန်းစုစုပေါင်း ၂၂၄ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ လွှတ်တော်ကျင်းပနေစဉ် အဆိုများအနေဖြင့် ဝမ်းမြောက်ကြောင်း အဆိုတစ်ခုအပါအဝင် အဆို ၁၀ ခု တင်သွင်းခဲ့ပြီး ဥပဒေကြမ်းများအနေဖြင့် သုံးခုတင်သွင်းခဲ့ရာ နှစ်ခုကို အတည်ပြုနိုင်ခဲ့ပြီး ဆက်လက်ဆောင်ရွက်ဆဲဥပဒေကြမ်းတစ်ခု ကျန်ရှိကြောင်း သိရသည်။ လွှတ်တော်အစည်းအဝေးကာလအတွင်း ပြင်ပမှ လာရောက်လေ့လာသူ ၁၂၁၇ ဦးရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**

# စုံညီခုံရုံးက အယူခံမှုအမှတ် (၂၅) နှင့် (၂၆)တို့ကို အပြီးသတ်အမိန့်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသူ ဒေါ်ခင်စန်းလှိုင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အပေါ် ဦးဝင်းဆွေ(မဲဆန္ဒရှင်)က လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ်(၃၉/၂၀၁၅)ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၄ ရက်က ရွေးကောက်ပွဲ ခုံအဖွဲ့(၄)၏ ချမှတ်ခဲ့သည့် စီရင်ချက်(အမိန့်)အား ဦးဝင်းဆွေက ကျေနပ်မှုမရှိသဖြင့် အယူခံမှုတင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အယူခံမှုအမှတ်(၂၅/၂၀၁၆)ဖြင့် လက်ခံခဲ့သည်။ ယင်းအယူခံမှုကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင်များအဖြစ် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ ပါဝင်သည့် စုံညီခုံရုံးက မူလရွေးကောက်ပွဲ ခုံအဖွဲ့(၄)၏ ၁၄-၁၀-၂၀၁၆ရက်နေ့က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အမိန့်ကို ဆက်လက်အတည်ပြုပြီး အယူခံလျှောက်ထားသူ၏ အယူခံကန့်ကွက်လွှာကို စရိတ်နှင့်တကွ ပယ်ကြောင်း၊ ကန့်ကွက်လွှာအယူခံမှုအတွက် တရားစရိတ် ငွေကျပ် ၁၀၀၀၀၀/-(ကျပ်တစ်သိန်းတိတိ)ကို အယူခံလျှောက်ထားသူက အယူခံလျှောက်ထားခံရသူအား ပေးစေသည့် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသူ ဦးဇော်ထက်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အပေါ် ဦးတင်ဆွေ(ခ)ဦးတင့်ဆွေ (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)က လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ်(၄၀/၂၀၁၅)ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၄ ရက်က ရွေးကောက်ပွဲခုံအဖွဲ့(၄)၏ ချမှတ်ခဲ့သည့် စီရင်ချက်(အမိန့်)အား ဦးတင်ဆွေ(ခ)ဦးတင့်ဆွေက ကျေနပ်မှုမရှိသဖြင့် အယူခံမှုတင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အယူခံမှုအမှတ်(၂၆/၂၀၁၆)ဖြင့် လက်ခံခဲ့သည်။ ယင်းအယူခံမှုကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်များအဖြစ် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ပါဝင်သည့် စုံညီခုံရုံးက မူလရွေးကောက်ပွဲခုံအဖွဲ့(၄)၏ ၁၄-၁၀-၂၀၁၆ ရက်နေ့က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အမိန့်ကို ဆက်လက်အတည်ပြုပြီး အယူခံလျှောက်ထားသူ၏ အယူခံကန့်ကွက်လွှာကို စရိတ်နှင့်တကွပယ်ကြောင်း၊ ကန့်ကွက်လွှာအယူခံမှုအတွက် တရားစရိတ်ငွေကျပ် ၁၀၀၀၀၀/-(ကျပ်တစ်သိန်းတိတိ)ကို အယူခံလျှောက်ထားသူက အယူခံလျှောက်ထားခံရသူအား ပေးစေသည့် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# SIM Registration ဆိုင်ရာသတင်းထုတ်ပြန်ချက်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် အများပြည်သူလုံခြုံရေးကို ထိရောက်စွာ အကာအကွယ်ပေးနိုင်ရန် အများပြည်သူများအနေဖြင့် မိုဘိုင်းဖုန်းအသုံးပြု၍ Mobile Banking၊ Mobile Money၊ Online Shopping စသည့်ကိစ္စရပ်များ ပြုလုပ်ရာတွင် အသိအမှတ်ပြုပစ္စည်း (Identification Device) တစ်ခုအနေဖြင့် ဆက်စပ်အသုံးပြုနိုင်ရန်၊ SIM Card ပျက်စီးပျောက်ဆုံးမှုများဖြစ်ပေါ်ပါက အလွယ်တကူ ပြန်လည်ရရှိသုံးစွဲနိုင်ရန်တို့အတွက် SIM Card များကို စနစ်တကျမှတ်ပုံတင်၍သုံးစွဲရန် အသိပေးကြေညာခဲ့ပြီး SIM Card Registration ကို စတင်ဆောင်ရွက်စေခဲ့ရာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလကုန်အထိ အသုံးပြုလျက်ရှိသော SIM Card စုစုပေါင်း ၄၈ သန်းအနက် ၂၈ ဒသမ ၆ သန်းကို မှတ်ပုံတင်ခဲ့ပြီးဖြစ်သည်။

မိုဘိုင်းအော်ပရေတာများဖြစ်သည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ တယ်လီနောမြန်မာလီမိတက်နှင့် အူရီဒူးမြန်မာလီမိတက်တို့မှ ပြည်သူများ SIM Card မှတ်ပုံတင်ခြင်းဆောင်ရွက်နိုင်ရန်အတွက် Mobile Application များမှ သော်လည်းကောင်း၊ Website များမှသော်လည်းကောင်း၊ သက်ဆိုင်ရာအော်ပရေတာများ၏ USSD နံပါတ်တိုများကို ခေါ်ဆိုခြင်းဖြင့်သော်လည်းကောင်း၊ ကိုယ်တိုင်သွားရောက်ဆောင်ရွက်လိုသူများအတွက် လက်လီအရောင်းဆိုင်များ၌ သော်လည်းကောင်း၊ ဆက်သွယ်ရေးစခန်းရုံးများ၌ သော်လည်းကောင်း၊ ဘဏ်များ၌ သော်လည်းကောင်း၊ အများပြည်သူနှင့် သက်ဆိုင်သည့်ဈေးများ၊ Shopping Mall များ၌ သော်လည်းကောင်း အဆင်ပြေချောမွေ့စွာ မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မှတ်ပုံတင်ခြင်းမရှိသည့် SIM Card များကို ၁-၄-၂၀၁၇ ရက်နေ့မှစတင်၍ ယာယီပိတ်သိမ်းသွားမည်ဖြစ်ပါသဖြင့် SIM Card မှတ်ပုံတင်ခြင်းအား သက်ဆိုင်ရာ Operators များနှင့် ဆက်သွယ်၍ (၃၁-၃-၂၀၁၇) ရက်နေ့မတိုင်မီ မှတ်ပုံတင်ပြုလုပ်သွားကြရန် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ တိုက်တွန်းနှိုးဆော် ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမများ မသုံးရ

### ❐ *ကျောဖုံးမှ*

ဆုရ အားကစားသမားများအား ဆုများချီးမြှင့်ခဲ့သည်။ အစီအစဉ်အရ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြိုင်ပွဲဝင်ထိုင်းနိုင်ငံမှ လက်ရွေးစင် စက်ဘီးသမားနှစ်ဦးအပါအဝင် မန္တလေးမြို့ပေါ်နှင့် အိမ်နီးချင်းမြို့တို့မှ ပြိုင်ပွဲဝင်စက်ဘီးစီးအားကစားသမား မောင်မယ် ၃၀၀ ကျော်တို့အား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေးစကားပြောကြားပြီး ပြိုင်ပွဲကို ဝန်ကြီးချုပ်က အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်ပေးလိုက်သည်နှင့်တစ်ပြိုင်တည်း ပြိုင်ပွဲဝင်အားကစားသမားတို့သည် စုရပ်မှ ၇၈ လမ်းအတိုင်း သိပ္ပံလမ်းအထိ၊ ထိုမှ ၆၂ လမ်းအတိုင်း ကျုံးတောင်ဘက် ၂၆ လမ်း၊ ကျုံးအနောက်ဘက် လမ်း၈၀၊ ကျုံးမြောက်ဘက် ၁၂ လမ်းအတိုင်း ကျုံးမြောက်ဘက် ၇၃ လမ်းအထိ၊ ယင်းမှ ရွှေမန်းတောင် အားကစားကွင်းအထိ၊ ထိုမှ မန္တလေးတောင်အဆင်းလမ်း၊ ယင်းမှ တစ်ဆင့် မန္တလေးတောင်ပေါ် ဓာတ်လှေကားအနီးထိ စီးနင်းပန်းဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် မန္တလေးတောင်ဆင်းလမ်းကြမ်း ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲဝင်အားကစားသမား ၃၂ ဦးတို့သည် တောင်ပေါ် ဓာတ်လှေကားစုရပ်နေရာမှ ဘိုးဘိုးကြီးနတ်နန်းအထိ(မီတာ ၁၅၀၀ ခန့်) အစီအစဉ်အတိုင်း စီးနင်းယှဉ်ပြိုင်ခဲ့ကြရာတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အား/ကာသိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ပြိုင်ပွဲအဓိကပံ့ပိုးသူ ဦးအောင်ဝင်းထွန်း(အိုစတိုး)နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စက်ဘီးစီး အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများက တစ်ခဲနက်အားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို မန္တလေးတောင်ခြေ ခြသေ့်ကြီးနှစ်ကောင်အနီး၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲအမျိုးအစား သက်တမ်းအလိုက် ဆုရရှိကြသော ပြိုင်ပွဲဝင် အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးအားကစားသမားများအား ဆုများချီးမြှင့်ခဲ့ကြောင်းနှင့် အဆိုပါတောင်တက်ပြိုင်ပွဲတွင် ထိုင်းနိုင်ငံမှ Mr. AOR က တတိယဆုနှင့် Mr. Golden boy က တောင်ဆင်းလမ်းကြမ်းပြိုင်ပွဲ ပထမဆု ရရှိခဲ့ကြောင်း သိရသည်။

### ❂ *ကျောဖုံးမှ*

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၆)ကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၉ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံမြားပစ်ကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် Compound နှင့် Recurve မြားပစ်ပြိုင်ပွဲများ၌ တစ်ဦးချင်းအမှတ်ပေး အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ၊ တစ်ဦးချင်း ရှုံး/ထွက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ၊ အသင်းလိုက် ရှုံး/ထွက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲ ရှုံး/ထွက် ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ဗီယက်နမ်၊ မလေးရှား၊ ထိုင်း၊ ဟောင်ကောင်နှင့်မြန်မာနိုင်ငံ အပါအဝင် အားကစားသမား ၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး စင်ကာပူ၊ အိန္ဒိယ၊ အီရန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့မှလည်း လာရောက်ယှဉ်ပြိုင်မည်ဟု သိရသည်။

# နိုဘယ်-မြန်မာ စာပေပွဲတော်၊ ရသစာပေ(၂၀၁၇) စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ရန်ကုန်  ဒီဇင်ဘာ ၂၇**

စာရေးဆရာများ၊ ကဗျာဆရာများ၊ စာနယ်ဇင်း သရုပ်ဖော်ပန်းချီဒီဇိုင်းပညာရှင်များ၊ ကာတွန်းပညာရှင်များ၊ စာကြည့်တိုက်ပညာရှင်များ၊ စာနယ်ဇင်းအယ်ဒီတာများ၊ စာအုပ်စာနယ်ဇင်း ထုတ်ဝေဖြန့်ချိသူများနှင့် စာအုပ်စာပေကိစ္စတွင် စိတ်အားထက်သန်သည့်ပုဂ္ဂိုလ်များ စုပေါင်း၍ နိုဘယ်-မြန်မာစာပေပွဲတော်၊ ရသစာပေ (၂၀၁၇)ကို တတိယအကြိမ်မြောက်အဖြစ် ကျင်းပသွားမည်ဖြစ်သည်။

နိုဘယ်-မြန်မာ စာပေပွဲတော်၊ ရသစာပေ(၂၀၁၇)၏ ရည်ရွယ်ချက်မှာ ရသစာပေ ပိုမိုထွန်းကားပြန့်ပွားရေးဖြစ်ပြီး ရသသဘောပါသော ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာ၊ ဘာသာပြန်ရသ၊ ရသစာတမ်း စသည့် စာပေလက်ရာများဖြင့် မြန်မာစာပေကို အားဖြည့်မြှင့်တင်ရန်၊ မြန်မာနိုင်ငံ၌ စာအုပ်စာပေကို အများပြည်သူတို့ စိတ်ဝင်စားမှု၊ လေ့လာဖတ်ရှုမှု တိုးတက်မြင့်မားလာစေရန်နှင့် ရသစာပေ ဖန်တီးရေးသားသူတို့၌ စိတ်ကူးစိတ်သန်းအသစ်၊ စိတ်အားထက်သန်မှု အသစ်တို့နှင့် အထူးတီထွင်ဖန်တီးမှုအသစ်များ တိုးတက်ဖြစ်ပေါ်လာစေရန် အစရှိသော ရည်ရွယ်ချက်များနှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၂၊၂၃၊၂၄ ရက်တို့တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီက ထုတ်ပြန်သော သတင်းများအရ သိရသည်။

စာပေပွဲတော်တွင် ရသစာပေကို စာဖတ်ပရိသတ်များ ပိုမိုစိတ်ဝင်စားစေရေး၊ ရသစာပေ အကျိုးကျေးဇူး၊ ရသစာပေ ပိုမိုထွန်းကားရေးတို့ကို ရည်ရွယ်သည့် စာတမ်းကိုးစောင်ကို စာပေပညာရှင်ကြီးများ၊ စာရေးဆရာ၊ ဆရာမတို့က တင်သွင်းဖတ်ကြားမည်ဖြစ်သည်။ထို့အပြင် ရသစာပေနှင့် ပတ်သက်သည့် စကားဝိုင်းဆွေးနွေးပွဲများ၊ ရသစာဖတ်ဝိုင်း ၊ ကဗျာရွတ်ပွဲ၊ ကာတွန်းပွဲတော်၊ မြန်မာ့ဂန္ထဝင်ဝတ္ထုစာအုပ်ပြခန်းနှင့် စာအုပ်မိတ်ဆက်ပွဲအခမ်းအနားများ၊ ဆိုင်ခန်းပေါင်း ၂၀၀ နီးပါး ပါဝင်သည့် စာအုပ်ဈေးခင်းပါ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

စာပေအနုပညာသမားများ ကိုယ်တိုင်တင်ဆက်ကပြမည့် ပြဇာတ်အပါအဝင် ဖျော်ဖြေပွဲအစီအစဉ်များ တင်ဆက်သွားမည်ဖြစ်သည်။

စာအုပ်ဈေးခင်း၌ ပါဝင်ရောင်းချလိုသော စာအုပ်ဆိုင်၊ စာအုပ်တိုက်များ ၂၀၁၇ ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ဘိုကလေးဈေးလမ်းရှိ ဝိုင်ဒဗလျူစီအေခန်းမ၌ မဲနှိုက်ရောင်းချပေးမည်ဖြစ်သည်။

စားသောက်ဆိုင် ဖွင့်လှစ်ရောင်းချလိုသူများသည် ကျင်းပရေးကော်မတီဝင် ဦးဝင်းချို၊ ဖုန်း-၀၉-၇၃၂၀၂၄၁၁ ၊ ဦးကြည်ဝင်း ဖုန်း- ၀၉-၅၁၁၉၇၁၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဟိုတယ်အပြင်ထွက်သွားရာမှ မျက်စိလည်သွားသည့် ထိုင်းနိုင်ငံသူ အမျိုးသမီးအား သမီးဖြစ်သူထံ သက်ဆိုင်ရာက ပြန်လည်အပ်နှံ



**ရန်ကုန်  ဒီဇင်ဘာ ၂၇**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်အတွင်းရှိ ဟိုတယ်တစ်ခု၌ တည်းခိုနေထိုင်နေသော ထိုင်းနိုင်ငံသူ အမျိုးသမီးတစ်ဦးသည် ယနေ့နံနက်ပိုင်းက ဟိုတယ်အပြင်သို့ထွက်သွားရာမှ ပြန်မလာဘဲပျောက်ဆုံးနေသဖြင့် လူပျောက်တိုင်ကြားခဲ့မှုအပေါ် သက်ဆိုင်ရာက ညနေပိုင်းတွင် ပြန်လည်အပ်နှံနိုင်ခဲ့ကြောင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့စုမှူးရုံး (ရန်ကုန်)မှ သိရသည်။

ဖြစ်စဉ်မှာ ပန်းဘဲတန်းမြို့နယ် အတွင်းရှိ ဂလိုဘယ်ဟိုတယ်၌ တည်းခိုနေထိုင်လျက်ရှိသော ထိုင်းနိုင်ငံသူ Mrs. YUWATEE SAELU (၅၀နှစ်)၏ မိခင်ဖြစ်သူ Mrs.WIPA(၈၀နှစ်)သည် ယနေ့နံနက် ၅ နာရီ ၁၅ မိနစ်ခန့်က ၎င်း တည်းခိုနေထိုင်နေသည့် အဆိုပါ ဟိုတယ်မှ အပြင်သို့ ထွက်သွားခဲ့ရာ ပြန်လည်ရောက်ရှိမလာဘဲ ပျောက်ဆုံးနေကြောင်း အကြောင်းကြားလာသဖြင့် ပန်းဘဲတန်းမြို့မရဲစခန်းက လူပျောက်အမှတ်စဉ် (၂၃/၂၀၁၆)ဖြင့် ရေးဖွင့်ကာ သက်ဆိုင်ရာက စုံစမ်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည့်အပြင် ပြည်သူများထံသို့လည်း ပျောက်ဆုံးသူကို တွေ့ရှိပါက သတင်းပေးကူညီနိုင်ပါရန် လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် အသိပေးဖော်ပြခဲ့ကြောင်း သိရသည်။

အဆိုပါ ပျောက်ဆုံးနေသူကို ပြန်လည်တွေ့ရှိရေးအတွက် သက်ဆိုင်ရာက စုံစမ်းမှုများ ပြုလုပ်ခဲ့ရာ ညနေ ၄ နာရီခွဲခန့်တွင် ပျောက်ဆုံးနေသော ထိုင်းနိုင်ငံသူ Mrs.WIPA ကို ၎င်းနှင့်အတူပါရှိသွားသော လက်ဝတ်ရတနာများနှင့်အတူ ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်စေတီတော် ရင်ပြင်ပေါ်၌ ပြန်လည်တွေ့ရှိခဲ့သဖြင့် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စုမှူးရုံး(ရန်ကုန်)၌ သမီးဖြစ်သူ Mrs. YUWATEE SAELU ထံသို့ ကောင်းမွန်စွာ ပြန်လည်လွှဲပြောင်းအပ်နှံပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး(ပဏ္ဍိတ)**
**ဓာတ်ပုံ- လုံခြုံရေးရဲတပ်ဖွဲ့စု**

## အစာအဆိပ်သင့်မှုမဖြစ်ပွားစေရေးနှိုးဆော်ချက်

အစာအဆိပ်သင့်မှုသည် ရောဂါပိုးများပါဝင်သော မသန့်ရှင်းသည့် အစားအသောက်များကို စားသုံးမိခြင်းကြောင့် အများဆုံးဖြစ်ပွားတတ်ပါသည်။ အစာအဆိပ်သင့်မှုမဖြစ်ပွားစေရန်အတွက်

**အစားအသောက်ပြင်ဆင်ချက်ပြုတ်သူများလိုက်နာရန်**

၁။ အစားမစားမီ၊ အစားအစာများကို ကိုင်တွယ်ချက်ပြုတ်ခြင်းမပြုမီနှင့် အိမ်သာအသုံးပြုပြီးချိန်များတွင် လက်များအားဆပ်ပြာဖြင့် သေချာစွာဆေးကြောပါ။

၂။ အိုးခွက်၊ ပန်းကန်များ၊ စဉ်းတီတုံးများအပါအဝင် မီးဖိုချောင်ပစ္စည်းများ၏ သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။

၃။ ချက်ပြုတ်ပြီး အစားအစာနှင့် မချက်ပြုတ်ရသေးသော အစားအစာများအား သီးခြားစီထားရှိပါ။

၄။ အစားအစာများချက်ပြုတ်ရာနှင့် ပန်းကန်များဆေးကြောရာတွင် သန့်ရှင်းသော ရေကိုသာ သုံးစွဲပါ။

၅။ အစားအစာများကို ကျက်အောင်ချက်ပြုတ်၍ လတ်လတ်ဆတ်ဆတ်နှင့် ပူပူနွေးနွေးစားသုံးပါ။

ချက်ချင်းမစားသုံးဖြစ်ပါက ပွက်ပွက်ဆူအောင်နွေးပြီးမှ စားသုံးပါ။

**အစားအသောက်ရောင်းချသူများအနေဖြင့်အထူးလိုက်နာရန်**

၆။ ဝမ်းပျက်ဝမ်းလျှောနှင့် ဝမ်းကိုက်ရောဂါဖြစ်ပွားနေသူများ၊ အရေပြားတွင် အနာရှိသူများနှင့် ဖျားနာနေသူများအနေဖြင့် အစားအစာများကို ပြင်ဆင်ချက်ပြုတ်ခြင်းနှင့် ကိုင်တွယ်ရောင်းချခြင်းတို့မှ ရှောင်ကြဉ်ပါ။

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ အချိန်မီသတင်းပေးပို့ခြင်းနှင့်ထိရောက်သော ကုသမှုခံယူခြင်းတို့ကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## လျှပ်စစ်ဓာတ်အားသုံးလျှင်

(၁) ဟောင်းနွမ်းနေသည့် လျှပ်စစ်ကြိုးများလဲလှယ်ပေးပါ။

(၂) လျှပ်စစ်ဒဏ်ခံကြိုးများကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။

(၃) လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် (သို့မဟုတ်) လျှက်စစ်မီး ပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။

(၄) လျှပ်စစ်ဝိုင်ယာရှော့ဖြစ်လျှင် ပင်မခလုတ်ကိုပိတ်ပြီး၊ ခြောက် သွေ့သော အဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်ဖုံးအုပ်ငြိမ်းသတ်ပါ။

(၅) လျှပ်စစ်ဓာတ်အားကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။

(၆) ချို့ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

**မီးသတ်ဦးစီဌာန**

# ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းရှိ KIA လက်နက်ကိုင်အဖွဲ့များ၏ ပွိုင့်-၇၆၈ စခန်းနှင့် ပတ်ဝန်းကျင်စခန်းငယ်များကို သိမ်းပိုက်ရရှိ

**နေပြည်တော်  ဒီဇင်ဘာ ၂၇**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်း KIA လက်နက်ကိုင်အဖွဲ့များ အခိုင်အမာ တပ်စွဲထားသည့် ဂီဒုန်စခန်းအပါအဝင် ကာကင်းစခန်းများကို မြန်မာ့တပ်မတော်က ဒီဇင်ဘာ ၁၆ ရက်က သိမ်းပိုက်ရရှိခဲ့ပြီးနောက် မြစ်ကြီးနား-ဗန်းမော်ကားလမ်း၏ အရှေ့ဘက် ၇ မိုင်ခန့်အကွာရှိ KIA တပ်မဟာ ၅ လက်အောက် တပ်ရင်း ၃ ဌာနချုပ်ရှိရာ ပွိုင့် ၇၆၈ (KIAအခေါ် လိုင်ဖောင်)စခန်းကို သိမ်းပိုက်ရရှိရေးအတွက် ဒီဇင်ဘာ ၂၁ ရက်က တပ်မတော်စစ်ကြောင်းများက စတင်တိုက်ခိုက်ခဲ့သည်။




အဆိုပါတိုက်ခိုက်မှုအပေါ် မူတည်၍ ယနေ့နံနက်ပိုင်းက လေကြောင်းနှင့် ခြေလျင်၊အမြောက်၊ တင့်၊ လက်နက်ကြီးပစ်ကူရယူ၍ တိုက်ခိုက်ခဲ့ရာ ညနေ ၃ နာရီခွဲက ပထမဆုံးစခန်းကို သိမ်းပိုက်ရရှိခဲ့ပြီး ညနေ ၅ နာရီ ၁၅ မိနစ်ခန့်က အဓိကခံစစ်ကုန်းနှင့် စခန်းငယ် ခြောက်ခုတို့ကို သိမ်းပိုက်ရရှိခဲ့သည်။

ယနေ့သိမ်းပိုက်ရရှိသည့် ပွိုင့်-၇၆၈ (KIAအခေါ် လိုင်ဖောင်)စခန်းသည် ဒီဇင်ဘာ ၁၆ ရက်က KIA တို့လက်လွှတ်ခဲ့ရသည့် တပ်ရင်း ၂၅၂ ၏ ဂီဒုန်စခန်းနှင့် အပြိုင် နန့်တဘက်ချောင်း၏ တစ်ဖက်တစ်ချက်စီ၌ တပ်စွဲအခြေပြုထားသည့် စခန်းကြီးတစ်ခုဖြစ်ပြီး KIA ဗဟိုဌာနချုပ် လိုင်ဇာ၊ လိုင်စင်ပို့နှင့် အမှတ် ၆ နယ်ခြားမှတ်တိုင်တစ်ဝိုက်ရှိ စခန်းများနှင့် ဆက်သွယ်သည့် လမ်းကြောင်းကို စိတ်ချလုံခြုံမှုရှိစေရေးနှင့် မြစ်ကြီးနား၊ ဝိုင်းမော်မြို့နယ်ကို ခြိမ်းခြောက်နိုင်ရေး တည်ဆောက်ထားသည့် စခန်းတစ်ခုဖြစ်ပြီး ယင်းလမ်းကြောင်းမှတစ်ဆင့် တပ်မဟာ ၁ နယ်မြေ အင်ဂွန်လဒေသသို့ ဆက်သွယ်ရာ အတွင်းလမ်းကြောင်းတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

KIA စခန်းများကို သိမ်းပိုက်ရရှိပြီးဖြစ်သော်လည်း အချိန်ကန့်သတ်ချက်အရ ပြန်လည်စုဖွဲ့ နေရာယူခြင်းနှင့်အတူ နှစ်ဖက်ထိခိုက်ဆုံးရှုံးမှုများနှင့်ပတ်သက်၍ အသေးစိတ် စစ်ဆေးလျက်ရှိကြောင်းနှင့် ဆက်လက်သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မောင်တောဒေသနှင့်ပတ်သက်၍ မဟုတ်မမှန်သတင်းကို သတင်းမှန်ဖော်ထုတ်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

လူမှုကွန်ရက်တွင် မောင်တောဒေသနှင့်ပတ်သက်၍ ကာကွယ်ဆေးအတင်းအဓမ္မ ထိုးနှံရာမှ ကလေးငယ်တစ်ဦးသေဆုံးကြောင်း မဟုတ်မမှန်တင်ထားသည့် သတင်းတစ်ပုဒ်ကို နယ်မြေကွင်းဆင်းစစ်ဆေးပြီး အာဏာပိုင်များက သတင်းမှန်တစ်ရပ် ဖော်ထုတ်ခဲ့သည်ဟု သိရသည်။

ဖြစ်စဉ်မှာ ဖေ့စ်ဘုတ် လူမှုကွန်ရက် သုံးစွဲသူ Ro Nay San Lwin အကောင့်ပိုင်ရှင်က " ဒီဇင်ဘာ ၂၃ ရက်က မောင်တောခရိုင် ခမောင်ဆိပ်မြို့ ရပ်ကွက် ၄ မကျည်းချောင်းရှိ ကလေးများကို အာဏာပိုင်တွေက ကာကွယ်ဆေးမထိုးရင် ဒဏ်ငွေဆောင်ရမယ်ဆိုပြီး အတင်းအဓမ္မထိုးသဖြင့် ကာကွယ်ဆေးထိုးခံရသည့် ကလေးငယ် တစ်ယောက် ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက သေဆုံးသွားကြောင်း၊ နောက်ကလေးသုံးယောက်ကို ဆေးရုံတင်ထားရကြောင်း" သတင်းထွက်ပေါ် မှုနှင့်ပတ်သက်၍ တာဝန်ရှိသူများက စိစစ်ရာ အဆိုပါသတင်းမှာ ဖြစ်စဉ်အမှန်နှင့် ကွဲလွဲမှုရှိကြောင်း သိရသည်။

တကယ့်မြေပြင်အခြေအနေမှာ ဒီဇင်ဘာ ၂၂ ရက်က မောင်တောမြို့နယ် တမန်းသားကျေးလက်ကျန်းမာရေးဌာန ကာကွယ်ဆေးထိုးအဖွဲ့သည် မင်းခမောင်း၌ စုရပ်ပြုလုပ်၍ ကာကွယ်ဆေးထိုးနှံခဲ့ရာ တစ်နှစ်အောက် ကလေးပထမအကြိမ် ၁၄ ဦး၊ ဒုတိယအကြိမ် ခုနစ်ဦး၊ တတိယအကြိမ် တစ်ဦး ပေါင်း ၂၂ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင် ပထမအကြိမ် သုံးဦး၊ ဒုတိယအကြိမ် လေးဦး ပေါင်း ခုနစ်ဦး ထိုးနှံနိုင်ခဲ့ကြောင်း သိရှိရသည်။

လူမှုကွန်ရက်တွင်ပါသည့် သေဆုံးကလေးမှာ အဖ နိုအာလောင်၏သား ခုနစ်လသားအရွယ် ဘေဘီတိုယိုအာ (ကျား) ဖြစ်ကြောင်း၊ အဆိုပါ ကလေးငယ်မှာ ကာကွယ်ဆေးထိုးနှံသည့် အမည်စာရင်းတွင် ပါဝင်ခြင်းမရှိကြောင်း၊ မသေဆုံးမီ အသက်ရှူကျပ်၊ ဝမ်းပျက်ဝမ်းလျှောသည့် လက္ခဏာဖြင့် ဒီဇင်ဘာ ၂၄ ရက်က သေဆုံးခြင်းဖြစ်သည်ဟု သိရှိရကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လက်နက်ကိုင်အဖွဲ့များ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်၊ နမ့်ပါးချီးရွာနေ ဦးရှမ်းလေးသည် ယမန်နေ့နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်က ၎င်းပိုင်တောင်ယာအတွင်း ပြောင်းစိုက်ပျိုးရန် ထွန်ယက်စဉ် မိုင်းဟောင်းတစ်လုံးအားထယ်ဖြင့် ထိုးမိပေါက်ကွဲ၍ မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အလားတူ ကချင်ပြည်နယ် ရွှေကူမြို့နေ ဦးမျိုးအောင်သည် ဒီဇင်ဘာ ၂၃ ရက်မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မိုးကောင်းချောင်းအထက်သို့ ငါးရှာရန်သွားရောက်စဉ် တနိုင်းမြို့နယ် ရှဒူဇွပ်ကျေးရွာ၏ အနောက်ဘက် မီတာ ၆၀၀၀ ခန့်အကွာသို့အရောက်၌ KIA လက်နက်ကိုင်များ ထောင်ထားသော မိုင်းတစ်လုံး နင်းမိပေါက်ကွဲသဖြင့် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မိုင်းထိလူနာများကို တပ်မတော်စစ်ကြောင်းများက လိုအပ်သည့် ကုသပေးမှုများ ဆောင်ရွက်ပေးပြီး သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ဆေးရုံများသို့ တက်ရောက် ဆေးကုသမှုခံယူနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သီပေါမြို့နယ်ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

**ကျောက်မဲ ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် ပန်လုံကျေးရွာအုပ်စုမှ တိုက်ပွဲများကို တိမ်းရှောင်၍ ကျောက်မဲခရိုင် သီပေါမြို့နယ်အတွင်း ရောက်ရှိနေသော ပြည်သူ ၁၉၀၀ ကျော်အတွက် ထောက်ပံ့ပစ္စည်းများကို မူဆယ်မြို့နယ် (၁၀၅)မိုင် မိုင်းယုကျေးရွာအခြေစိုက် ပါရမီလူမှုကူညီရေးအသင်းမှ ဒီဇင်ဘာ ၂၅ ရက်က လာရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

နမ္မတူမြို့နယ် ပန်လုံကျေးရွာအုပ်စု အနီး၌ ဒီဇင်ဘာ ၁၉ ရက်မှစ၍ တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသဖြင့် သီပေါမြို့သို့ တိမ်းရှောင်၍ ရောက်ရှိနေကြသော ပြည်သူများအတွက် သီပေါမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်နေရာများ၌ စစ်ဘေးရှောင်စခန်းများ ဖွင့်လှစ်ထားရှိရာ အဆိုပါပြည်သူများအတွက် ပါရမီလူမှုကူညီရေးအသင်း (မူဆယ်)က လာရောက်၍ ထောက်ပံ့ပစ္စည်းများ လှူဒါန်းကူညီခြင်း ဖြစ်သည်။




ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာတွင် သီပေါမြို့နယ်အတွင်း လက်ရှိဖွင့်လှစ်ထားသည့် စစ်ဘေးရှောင်စခန်းငါးခုဖြစ်သည့် မိုးတေ၊ သာသနာ ၂၅၀၀ ကျောင်း၊ ဘော်ကြို၊ ပန်လုံ၊ တာပုတ်နေရာများ၌ ရောက်ရှိနေသည့် လူဦးရေ ၁၉၀၀ ကျော်အတွက် ဆန် ၅၂ အိတ်၊ ဆီငါးပုံး၊ ခေါက်ဆွဲဖာကြီး ၁၂ ဖာ၊ စောင် ၅၂ ထုပ်၊ ကြာဆံအိတ်တစ်အိတ် တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# သီပေါရောက်စစ်ဘေးရှောင် ရှမ်း/ပလောင်တိုင်းရင်းသားများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဆေးစိမ်ခြင်ထောင်များပေးအပ်

**သီပေါ ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် အုံမုဒေသနှင့် နမ္မတူမြို့နယ် ပန်လုံဒေသများမှ စစ်ဘေးရှောင် တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများအား စေတနာရှင်ပြည်သူများက ဆန်၊ ဆီ၊ ဆေး၊ ဆား၊ အဝတ်အထည်များနှင့် ခြုံစရာစောင်များပါမကျန် ကူညီလှူဒါန်းထောက်ပံ့ပေးသည့်အပြင် ၎င်းတို့၏ ကျန်းမာရေးအတွက် ဆေးစိမ်ခြင်ထောင်များကိုလည်း မြန်မာနိုင်ငံကြက်ခြေနီအသင်းက ပေးပို့လှူဒါန်း ထောက်ပံ့ခဲ့သည်။

အဆိုပါ ဆေးစိမ်ခြင်ထောင်များ ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက်က ဘော်ကြိုကျေးရွာ ဘော်ကြိုဘုရားကြီး ကယ်ဆယ်ရေးစခန်းရှေ့၌ ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းအောင်ရွှေက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(လားရှိုး) ကြက်ခြေနီအသင်းမှ ဦးသိန်းစိုးနိုင်နှင့် သီပေါမြို့နယ် ကြက်ခြေနီအသင်းမှ ဦးစိုင်းအောင်ဝင်းတို့က လာရောက်ကူညီပံ့ပိုးရသည့်အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ပေးပို့လှူဒါန်းခဲ့သော ဆေးစိမ်ခြင်ထောင်များအနက် ဘော်ကြိုကယ်ဆယ်ရေးစခန်းမှ အိမ်ထောင်စု ၁၂၂ စုအတွက် ခြင်ထောင်အလုံးပေါင်း ၃၉၀ ကို ပြည်နယ်ကြက်ခြေနီအသင်းမှ ဦးသိန်းစိုးနိုင်၊ မြို့နယ်ကြက်ခြေနီအသင်းမှ ဦးစိုင်းအောင်ဇော်ဝင်းနှင့် တာဝန်ရှိသူများက အိမ်ထောင်စုအလိုက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ရွာသူ၊ ရွာသားခြောက်ဦးကို TNLA လက်နက်ကိုင်အဖွဲ့က အဓမ္မဖမ်းဆီးခေါ်ဆောင်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

TNLA လက်နက်ကိုင်အဖွဲ့မှ မိုးမိတ်မြို့နယ် မုံးကိုးကျေးရွာရှိ ကျေးရွာသားခြောက်ဦးကို ဒီဇင်ဘာ ၂၅ ရက်ညက အဓမ္မဖမ်းဆီးခေါ်ဆောင်သွားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးရှာဖွေမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မိုးမိတ်မြို့ အရှေ့မြောက်ဘက် (၈) မိုင်ခန့်အကွာရှိ မိုးဘုံကျေးရွာနေ ဦးစောမောင်အပါအဝင် အမျိုးသားသုံးဦး၊ အမျိုးသမီး သုံးဦးတို့ကို ဒီဇင်ဘာ ၂၅ ရက် ည ၉ နာရီခွဲက TNLA လက်နက်ကိုင်အဖွဲ့ဝင်ခြောက်ဦးမှ မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲသည်ဟူသော အကြောင်းပြချက်ဖြင့် ပန်ဟိုင်းကျေးရွာဘက်သို့ အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း၊ ဖမ်းဆီးခေါ်ဆောင်သွားသူများကို အမြန်ဆုံး ပြန်လည်တွေ့ရှိရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးရှာဖွေမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# မောင်တောမြို့နယ် ပြူမချောင်းဘေးမြေနုကျွန်း၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တက်ကြွစွာပါဝင်ခဲ့သည့် ဆယ်အိမ်မှူးဟောင်းတစ်ဦး သေဆုံး

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မောင်တောကျေးရွာ၊ ဝက်ကျိန်းကျေးရွာနှင့် ဘဒကားကျေးရွာကြားရှိ ပြူမချောင်းဘေး မြေနုကျွန်း၌ ဒီဇင်ဘာ ၂၆ ရက်က ဝက်ကျန်း(မြောက်) ကျေးရွာနေ ဘဒကားကျေးရွာ ယခင် ဆယ်အိမ်မှူးဟောင်း ဆီရာဇူဟွတ်တစ်ဦး သေဆုံးနေသည်ကို တွေ့ရကြောင်း သိရသည်။

ဆီရာဇူဟွတ်သည် ဒီဇင်ဘာ ၁၆ ရက် ညနေပိုင်းမှစ၍ နေအိမ်မှ ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းအား ဒီဇင်ဘာ ၂၆ ရက်တွင် ပြူမချောင်းဘေး မြေနုကျွန်း၌ ရွှံ့များပေကျံပြီး သေဆုံးနေသည်ကို တွေ့ခဲ့ရခြင်းဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့်အတူ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သူဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကားနှင့်လမ်းပေါ်လူများ
မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက်
"ကား"တိုင်းတွင် မီးသတ်ဆေးဘူး ဆောင်ထားပါ
မီးသတ်ဦးစီးဌာန

# မြစ်ကြီးနားမြို့၌ ပြည်သူလေးဦး မိုင်းထိမှန်ဒဏ်ရာရ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက်မှ ပြည်သူလေးဦးသည် ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက တောင်ယာမှအပြန် မိုင်းတိုက်မိပေါက်ကွဲပြီး ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက်နေ ဦးဗျာလေးအပါအဝင် လေးဦးသည် မြစ်ကြီးနားမြို့မှ အနောက်တောင်ဘက် ၃၂ မိုင်ခန့်အကွာ မလဲကျေးရွာအနီးရှိ တောင်ယာ၌ အလုပ်လုပ်ပြီး မလဲကျေးရွာသို့ ပြန်လာစဉ် လမ်း၌ မိုင်းနှစ်လုံးကို တိုက်မိပေါက်ကွဲပြီး မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများကို ရွှေစက်ရပ်ကွက် လူမှုကူညီရေးအဖွဲ့၏ အကူအညီဖြင့် မြစ်ကြီးနားဆေးရုံသို့ ပို့ဆောင်ပြီး ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



**မြစ်ကြီးနားမြို့နယ် မလဲကျေးရွာ အနောက်တောင်ဘက် တောင်ယာတွင် တိုက်မိုင်းနှစ်လုံး တိုက်မိပေါက်ကွဲ၍ ဦးဗျာလေးပါ လေးဦး ဒဏ်ရာရရှိခဲ့သည့် နေရာပြမြေပုံ**

# ရုရှားလေယာဉ်ပျက်ကျရာပင်လယ်နက်အတွင်း လေယာဉ်ပျံသန်းမှုမှတ်တမ်းကိရိယာကိုရှာတွေ့

**မော်စကို ဒီဇင်ဘာ ၂၇**

ဆီးရီးယားသို့ ပျံသန်းလာသည့် ရုရှားလေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်ပေါ် လိုက်ပါလာသူအားလုံးသေဆုံးခဲ့ရသည့် ကြေကွဲဖွယ်ဖြစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက်တွင် လေယာဉ်ပျက်ကျခဲ့ရာ ပင်လယ်နက်အတွင်း၌ လေယာဉ်၏ပျံသန်းမှု မှတ်တမ်းတင်ကိရိယာကို ဦးစွာတွေ့ရှိခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

လေယာဉ်ပေါ်တွင်ပါလာသည့်ကိရိယာများအနက်တစ်ခုဖြစ်သည့် အဆိုပါ မှတ်တမ်းကိရိယာတွင် တနင်္ဂနွေနေ့ကဖြစ်ပျက်ခဲ့သည့် လေယာဉ်ပျက်ကျမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးသူများအား အကူအညီပေးနိုင်မည့် အချက်အလက်များစွာပါရှိသည်ဟု သိရသည်။ နှစ်သစ်ကူး၌ ဆီးရီးယားသို့သွားရောက်ကာ ဖျော်ဖြေတင်ဆက်မည့် တပ်နီတော်တေးဂီတအဖွဲ့ဝင်များမှာ လေယာဉ်ပျက်ကျမှုအတွင်း သေဆုံးခဲ့ရသည်။

ပင်လယ်ထဲသို့ လေယာဉ်ပျက်ကျရခြင်းကို စုံစမ်းစစ်ဆေးသူအချို့က အကြမ်းဖက်မှုတစ်ခုထက် နည်းပညာပိုင်းဆိုင်ရာချွတ်ယွင်းမှု သို့မဟုတ် လေယာဉ်မှူး၏ အားနည်းချက်ကြောင့်ဖြစ်မည်ဟု ထင်မြင်ချက်ပေးခဲ့ကြသည်။

လေယာဉ်ပျံသန်းမှု မှတ်တမ်းတင်ကိရိယာ (black box) ကို ဆိုချီအပန်းဖြေစခန်းမှ တစ်မိုင် (မီတာ ၁၆၀၀)အကွာ ရေအောက်အနက် ၅၅ ပေခန့်တွင် ရေငုပ်သင်္ဘောတစ်စင်းက ရှာတွေ့ခဲ့ခြင်းဖြစ်ပြီး အဆိုပါကိရိယာအား အသေးစိတ်စစ်ဆေးမှု ပြုလုပ်ရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာနသို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ရှာဖွေရေးပြုလုပ်သည့်ညတွင် မှတ်တမ်းကိရိယာအပြင် လေယာဉ်၏ နောက်ထပ်အပိုင်းအစငါးခုကိုလည်းတွေ့ရှိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြထားသည်။ လေယာဉ်ကိုယ်ထည်နှင့် အင်ဂျင်အစိတ်အပိုင်းများဖြစ်သည်ဟု ဆိုသည်။ ကယ်ဆယ်ရှာဖွေရေးအဖွဲ့ဝင်များသည် သေဆုံးသူအလောင်း ၁၂ လောင်းကိုလည်း တွေ့ရှိထားကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

**(ရိုက်တာ)**




# အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် မီးရှူးမီးပန်းစက်ရုံတစ်ရုံ မီးလောင်၊ ငါးဦးသေဆုံး

**နယူးဒေလီ ဒီဇင်ဘာ ၂၇**

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူးပြည်နယ်တွင် ယမန်နေ့က မီးရှူးမီးပန်းစက်ရုံတစ်ရုံ မီးလောင်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူငါးဦးသေဆုံးခဲ့ပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

တမီလ်နာဒူးပြည်နယ်တောင်ဘက် ကီလိုမီတာ ၅၄၃ ခန့်အကွာ ဗီရူဟူနာဂါခရိုင် ဆတာမြို့အနီးရှိ စက်ရုံတွင် မီးလောင်ခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုကြောင့် စက်ရုံအတွင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ စက်ရုံ၏ ထုတ်လုပ်ရေးပိုင်း ယူနစ်တစ်ခုလုံး ပျက်စီးသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် သေဆုံးသူများတွင် အမျိုးသမီး သုံးဦးလည်းပါဝင်ကာ မီးသတ်ယာဉ်များလည်း လာရောက်မီးငြိမ်းသတ်ခဲ့ရကြောင်း ဗီရူဟူနာဂါခရိုင်ရဲအရာရှိတစ်ဦးက ပြောခဲ့သည်။

မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းကို ချက်ချင်းမသိရသေးသော်လည်း ကနဦးစစ်ဆေးမှုများအရ စက်ရုံအတွင်း မီးရှူးမီးပန်းများ သိုလှောင်ထားသည့်အတွက် ယခုကဲ့သို့ပေါက်ကွဲမှုကြီးမားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဂျာမနီတွင် ခရစ္စမတ်ဈေးတိုက်ခိုက်ခံရပြီးနောက် ပိုမိုတင်းကျပ်သောလုံခြုံရေးအစီအမံများကို တောင်းဆို

**ဘာလင် ဒီဇင်ဘာ ၂၇**

ဂျာမနီတွင် ဥပဒေပြုနိုင်ငံရေးအဖွဲ့များသည် ပြီးခဲ့သည့်ရက်သတ္တပတ်က ဖြစ်ပွားခဲ့သည့် ခရစ္စမတ်ဈေးတိုက်ခိုက်ခံရမှုကိုတုန့်ပြန်သည့်အနေဖြင့် လုံခြုံရေးတင်းကျပ်မှုများပိုမိုလုပ်ဆောင်မည့်အခွင့်အာဏာပေးအပ်ရန် တိုက်တွန်းတောင်းဆိုခဲ့ကြသည်။

ဘာလင်တိုက်ခိုက်မှုကြောင့် လူ၁၂ ဦးသေဆုံးခဲ့ပြီးနောက် ရွှေ့ပြောင်းသွားလာသူများအား တံခါးဖွင့်လက်ခံမည့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်၏မူဝါဒသည် ဂျာမနီ၏လုံခြုံရေးစီမံခန့်ခွဲမှုကို အကျဉ်းအကျပ်ထဲသို့ကျရောက်စေခဲ့ပြီး နိုင်ငံ၏ လုံခြုံရေးအတွက် ဥပဒေအသစ်များကို လိုအပ်လျှင် ရေးဆွဲပြဋ္ဌာန်းရမည်ဖြစ်ကြောင်း ဥပဒေပြုအဖွဲ့က တိုက်တွန်းတောင်းဆိုခဲ့ကြသည်။

ခရစ္စမတ်ဈေးအတွင်းတိုက်ခိုက်မှုလုပ်ဆောင်ခဲ့သည့် တူနီးရှားနိုင်ငံသား အာနစ်အမ်ရီ (၂၄ နှစ်) သည် ဂျာမနီ၌ ရွှေ့ပြောင်းဒုက္ခသည်အဖြစ် လာရောက်ခိုလှုံသူဖြစ်သည်။ ၎င်းသည် အီတလီရဲအဖွဲ့၏ပစ်ခတ်မှုကြောင့် သောကြာနေ့က သေဆုံးသွားခဲ့ပြီဖြစ်သည်။

ဘာဗာရီယာရှိ ဝန်ကြီးချုပ် အိန်ဂျလာမာကယ်၏ ကွန်ဆာဗေးတစ်မဟာမိတ်အဖွဲ့ဝင်များသည် ရဲတပ်ဖွဲ့နှင့် အထူးအေဂျင်စီအဖွဲ့များအား သတင်းအချက်အလက်များပိုမိုဖလှယ်နိုင်ရေးအတွက် လုပ်ပိုင်ခွင့်များ ယခုထက်ပိုမိုပေးအပ်ရန် တောင်းဆိုခဲ့ကြောင်း သိရသည်။ **(ရိုက်တာ)**

# ရှန်ကျိူ့ ၁၁ အာကာသယာဉ်မှူးများအား ဂုဏ်ပြုတံဆိပ်များချီးမြှင့်

**ပေကျင်း ဒီဇင်ဘာ ၂၇**

ရှန်ကျိူ့ ၁၁ အာကာသယာဉ်လွှတ်တင်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ခဲ့ကြသည့် အာကာသယာဉ်မှူးနှစ်ဦးအား တရုတ်နိုင်ငံ၏ အာကာသစူးစမ်းလေ့လာမှုတွင် ၎င်းတို့၏ ပါဝင်ကြိုးပမ်းမှုကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်ပြုဆုတံဆိပ်များ ချီးမြှင့်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ရှန်ကျိူ့၁၁ အာကာသယာဉ် ခေါင်းဆောင် အသက် ၅၀ အရွယ်ခန့်ရှိ ဂျင်းဟိုင်ဖန်အား ပထမအဆင့် အာကာသလေကြောင်း ဆုတံဆိပ်နှင့် အသက် ၃၈ နှစ်အရွယ် အာကာသယာဉ်မှူး ချန်တုံးအား တတိယအဆင့် အာကာသလေကြောင်း ဆုတံဆိပ် ချီးမြှင့်ခဲ့ပြီး သူရဲကောင်းအာကာသယာဉ်မှူးအဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။

ရှန်ကျိူ့ ၁၁ အာကာသယာဉ်အား အောက်တိုဘာ ၁၇ ရက်တွင် လွှတ်တင်ခဲ့ပြီးနောက် နှစ်ရက်အကြာတွင် အာကာသယာဉ်မှူးများသည် တရုတ်နိုင်ငံ၏ပထမဆုံးအာကာသဓာတ်ခွဲခန်း တီယန်ဂေါင် ၂ နှင့် ချိတ်ဆက်နိုင်ခဲ့ကာ ယင်းဓာတ်ခွဲခန်းတွင် ရက်ပေါင်း ၃၀ ကြာနေထိုင်ခဲ့ပြီး အာကာသအတွင်း အကြာဆုံးနေထိုင်သူများအဖြစ် မှတ်တမ်းတင်ခဲ့သည်။

**(ဆင်ဟွာ)**







# ဂိုအာအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လေယာဉ်တစ်စင်းပြေးလမ်းချော်

**မွမ်ဘိုင်း ဒီဇင်ဘာ ၂၇**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂိုအာပြည်နယ် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဒီဇင်ဘာ ၂၇ ရက်က လေယာဉ် တစ်စင်းပြေးလမ်းချော်မှုဖြစ်ပွားခဲ့ရာ ခရီးသည် ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဒူဘိုင်းမြို့မှ ထွက်ခွာလာပြီး ဂိုအာပြည်နယ် ဒါဘိုလင်လေဆိပ်သို့ ဆိုက်ရောက်လာသော ခရီးသည် ၁၅၀ တင်ဆောင်လာသည့် Jet Airways လေယာဉ်တစ်စင်းသည် ဂိုအာပြည်နယ် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မွမ်ဘိုင်းသို့ထွက်ခွာရန် ပြင်ဆင်နေစဉ် ဒေသစံတော်ချိန် နံနက် ၅ နာရီတွင် လေယာဉ်ပြေးလမ်းချော်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လေယာဉ်မှူးများသည် အရေးပေါ်အခြေအနေတစ်ခုကြောင့် လေယာဉ်ပျံတက်မှုအား ရပ်တန့်ရန်ကြိုးစားခဲ့ရာ လေယာဉ်သည် ၃၆၀ ဒီဂရီ လည်ထွက်သွားစဉ် ပြေးလမ်းချော်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ လေယာဉ်ပေါ်မှ ခရီးသည်များကို ကယ်ထုတ်ခဲ့ရာ အနည်းဆုံး ခရီးသည် ၁၅ဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

Jet Airways ၏ထုတ်ပြန်ချက်တွင် ခရီးသည်အားလုံးနှင့် လေယာဉ်ဝန်ထမ်းများအားလုံးကို ကယ်ဆယ်နိုင်ခဲ့ကြောင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ် ဒဏ်ရာရရှိခဲ့သည့် ခရီးသည်များကို Jet Airways လေကြောင်းလိုင်းအဖွဲ့ နှင့် လေဆိပ်အာဏာပိုင်များပူးပေါင်းကာ ဆေးကုသမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

လေယာဉ်ပြေးလမ်းချော်မှု ဖြစ်ပွားခဲ့သောကြောင့် လေယာဉ်ကိုယ်ထည်သည် ရွှံ့ထဲသို့ နစ်မြုပ်ခဲ့ပြီး အဆင်းဂီယာမှာ လုံးဝပျက်စီးခဲ့ကြောင်း သိရသည်။

ပြည်တွင်းလေကြောင်းဦးစီးဌာနချုပ်က အဆိုပါကိစ္စအား စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း အကြီးတန်းလေကြောင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

**(ဆင်ဟွာ)**

# ပြည်သူလူထုသက်ရှည်ကျန်းမာဖို့ စားသုံးသူအကာအကွယ်ပေးရေးဆောင်ရွက်စို့

**သတင်းဆောင်းပါး-နိုင်ဦး၊ မြင့်မြင့်ချို**

**ဓာတ်ပုံ-စားသုံးသူရေးရာဦးစီးဌာန**



**စားသုံးသူအကာအကွယ်ပေးရေးအတွက် ဈေးများသို့ကွင်းဆင်းစစ်ဆေးဆောင်ရွက်နေစဉ်**

လူတိုင်းလူတိုင်းသည် နံနက်အိပ်ရာထသည်မှ ညအိပ်ရာဝင်သည်ထိ တစ်နေ့တာလုပ်ငန်းဆောင်တာများကို ပုံမှန်ဆောင်ရွက်နိုင်ရေးအတွက် နေ့စဉ်အာဟာရများကို မှီဝဲစားသုံးကြရပါသည်။

စားသုံးသည့်အာဟာရများသည် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး သဘာဝအာဟာရဓာတ်များ ပြည့်စုံမှသာလျှင် သက်တမ်းစေ့ နေထိုင်လုပ်ကိုင်နိုင်မည်ဖြစ်ရာ စားသုံးကြရာတွင်လည်း မျက်စိ၊ နှာခေါင်း၊ ဦးနှောက်၊ ပါးစပ်တို့ဖြင့် မြင်သိဆုံးဖြတ်ပြီးမှသာ စားသုံးသင့်ပေသည်။ ပထမဦးစွာ စားသုံးမည့်ပစ္စည်းကို မျက်စိဖြင့်ကြည့်၍ သပ်ရပ်သန့်ရှင်းစွာ ထုပ်ပိုးထားမှုရှိ/မရှိ၊ ထုပ်လုပ်သည့်ရက်စွဲ၊ သက်တမ်းကုန်ဆုံးမည့်ရက်စွဲပါ/မပါ၊ တွဲဖက်စားသုံးရန်မသင့်(သို့) ဓာတ်မတည့်သောပစ္စည်းများ ဖော်ပြထားခြင်း ရှိ/မရှိနှင့် တစ်ခုခုနစ်နာ ထိခိုက်မှုများရှိလာပါက နောက်ကြောင်းပြန်လိုက်နိုင်ရန် ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၏ လိပ်စာ၊ ဖုန်းနံပါတ်များကိုလည်း သတိပြုစစ်ဆေးကြည့်ရှုရပါမည်။ ဒုတိယအနေဖြင့် နှာခေါင်းဖြင့် လတ်ဆတ်မှုရှိ/မရှိ၊ အနံ့ပြောင်းလဲမှု ရှိ/မရှိ၊ အခြားအနံ့များ ပါဝင်နေခြင်းရှိ/မရှိ၊ နှာခေါင်းဖြင့်အနံ့ခံကာ စစ်ဆေးရပါမည်။ တတိယအနေဖြင့် ဦးနှောက်က ထိုမျက်စိ၊ နှာခေါင်းတို့ဖြင့် စစ်ဆေးပြီးသော စားသုံးမည့်ပစ္စည်းနှင့်ပတ်သက်၍ စားသုံးရန်ဖြစ်နိုင်/မဖြစ်နိုင်၊ ဝယ်ယူရန်သင့်/မသင့် သုံးသပ်ဆုံးဖြတ်ပြီးနောက် စတုတ္ထအနေဖြင့် ပါးစပ်ဖြင့်စားသောက်ကြပါတော့သည်။ မစားသုံးခင် အဆင့်အလိုက် စစ်ဆေး၍ လေ့လာသုံးသပ်ပြီးမှသာ စားသုံးပါက ဘေးဥပဒ်အန္တရာယ်ကင်းရှင်းနိုင်မည်ဖြစ်သည်။

### ဂုဏ်တုဂုဏ်ပြိုင်

ယနေ့ကာလတွင် စားသုံးသူများသည် အစားအသောက်များ၊ အသုံးအဆောင်များကို မပင်ပန်းဘဲ သက်သက်သာသာ၊ လွယ်လွယ်ကူကူရယူ၍ အရသာရှိရှိဖြင့် စားသုံးလိုကြသည်။ ကောင်းတာစားသုံးပြီးလျှင် ပို၍ကောင်းတာကို မျှော်လင့်တောင့်တလာကြပြန်ပါသည်။ အသင့်ချူပြီးခပ်ပြီး ရောပြီးစပ်ပြီး ဇိမ်ခံစားသောက်စရာများကို ရှာဖွေလာကြသည်။ ဂုဏ်တုဂုဏ်ပြိုင် စားသုံးလိုလာကြသည်။ ပြည်တွင်းဖြစ်ဘေးအန္တရာယ်ကင်းသော စားသုံးပစ္စည်းများထက် ပြည်ပမှ အမြင်လှလှပစ္စည်းများကိုသာ မက်မက်မောမော အထင်တကြီး စားသုံးလိုသည့်လောဘများ တိုးတက်ဖြစ်ပေါ်လျက်ရှိသလို စီးပွားရေးလုပ်ငန်းရှင်များမှ မသိနားမလည်သေးသော အချို့သောစားသုံးသူတို့၏ လိုလားချက်အရလည်းကောင်း၊ အမြတ်အစွန်းကြီးမားစွာ ရရှိရေးအတွက်လည်းကောင်း၊ လောဘတရားရှေ့ထားကာ သုံးစွဲခွင့်မရှိသော ဓာတုဆေးပစ္စည်းများကိုသုံးစွဲကာ အစွန်းရောက်အရသာ၊ အရောင်နှင့်မျက်စိပသာဒအလှအပများ ရရှိရေးအတွက်သုံးစွဲပြီး ထုတ်လုပ်ရောင်းချလျက်ရှိနေကြပါသည်။ လုပ်ငန်းရှင်များသည် မိမိတို့ထုတ်လုပ်ရောင်းချလိုက်သောကုန်စည်ကို စားသုံးမိသူအပေါင်း အာဟာရဖြစ်ပါစေ၊ ဘေးကင်းစွာ သုံးစွဲနိုင်ပါစေဆိုသော စေတနာထားကာ ဆောင်ရွက်ကြရန် လိုပါသည်။

လူ့သက်တမ်းအနေဖြင့် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျား(၆၅)နှစ်၊ မ(၆၈)နှစ် ပျမ်းမျှသက်တမ်းရှိပြီး ၂၀၁၅ ခုနှစ်သို့ရောက်သောအခါ ကျား(၆၂)နှစ်၊ မ(၆၅)နှစ်ဖြစ်လာ၍ ပျမ်းမျှသက်တမ်းများ တဖြည်းဖြည်းတိုလာနေသည်ကို တွေ့ရှိလာရပါသည်။ မကြာသောကာလတွင် ဘေးဥပဒ်အန္တရာယ်ရှိသော စားသုံးပစ္စည်းများကိုသာ ဆက်လက်၍ စားသုံး၊ သုံးစွဲနေပါက မြန်မာ နိုင်ငံ၏ ပျမ်းမျှလူ့သက်တမ်းသည် ပို၍ပို၍တိုသွားရုံသာ ရှိပါတော့မည်။ ပျမ်းမျှ လူ့သက်တမ်း (၄၀)နှစ်၊ (၅၀)နှစ်နှင့် ဘဝသစ်ကူးပြောင်းသွားနိုင်သလို၊ မကူးပြောင်းခင်လည်း ရောဂါဘယများ တိုးပွားဖြစ်ပေါ်လာနိုင်ပါသည်။

### အနှစ်သာရပြည့်စုံ

ရေတိုချက်ချင်းသေကျေပျက်စီးမှုကို လူတိုင်းတုန်လှုပ်ကြောက်ရွံ့သော်လည်း ရေရှည်သုံးစွဲပါက ဖြစ်ပွားလာနိုင်သည့် သေကျေပျက်စီးမှုများကိုတုန်လှုပ်ကြောက်ရွံ့မှု အလွန်ပင်နည်းပါးသဖြင့် နောင်မှတရသည့် နောင်တများကိုသာ ရင်ဝယ်ပိုက်ရသူများ ဒုနှင့်ဒေးဖြစ်လာပါသည်။ လူတိုင်း သက်တမ်းရှည်ပြီးကျန်းမာမှသာ လူ့ဘဝကို အနှစ်သာရပြည့်စုံစွာ ရရှိနိုင်ပါမည်။ သက်တမ်းရှည်ပြီး မကျန်းမာပါက အဓိပ္ပာယ်မဲ့ကာ မိသားစုကိုတာဝန်ပိစေမည်ဖြစ်သည်။ မိမိအသက်ကို မိမိသာ စောင့်ရှောက်ရမည်ဖြစ်သလို မိသားစုအသက်ကိုလည်းမီးဖိုချောင်ကို ချုပ်ကိုင်ထားသော အိမ်ရှင်မများက စောင့်ရှောက်ရပေမည်။ တာဝန်ယူရပေမည်။ အိမ်ရှင်မများကလည်း ဇီဝိတဒါနကုသိုလ်ကို အမြဲရနေသည်ဟုမှတ်ယူရပါမည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်မူ ပြောဆိုဖွယ်ရာမရှိ၊ အနာဂတ် အန္တရာယ်မှာ လွန်စွာပင်ကြီးမားလှပါသည်။ ထိုသို့မဖြစ်စေရေးအတွက် စားသုံးသူများကို အပြည့်အဝကာကွယ်ပေးသော နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော စားသုံးသူများ၏အခွင့်အရေး လိုက်နာရမည့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏တာဝန်များ၊ တားမြစ်ချက်များကို တိကျစွာဖော်ပြထားသော ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အရေးတကြီးလိုအပ်လာပါသည်။

ထို့ကြောင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ ၁၄.၃.၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၀)ဖြင့် **စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(၂၀၁၄)**အားပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါ ဥပဒေနှင့်အညီ စားသုံးသူများလိမ်လည်လှည့်ဖြားမှု မခံရစေရေး၊ စားသုံးသူများ၏ အခွင့်အရေးများအား ထိရောက်စွာကာကွယ်ပေးနိုင်ရေး၊ စားသုံးသူများအား သတင်းအချက်အလက်မှန်များ ဖြန့်ဝေပေးနိုင်ရေး၊ စီးပွားရေး လုပ်ငန်းရှင်များ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် ဘေးအန္တရာယ်ကင်းရှင်းသော ကုန်စည်ဝန်ဆောင်မှုများ ဆောင်ရွက်နိုင်ရေးစသည့် ရည်ရွယ်ချက်များဖြင့် ပြဋ္ဌာန်းကာ စားသုံးသူ ပြည်သူလူထု၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို အပြည့်အဝကာကွယ်ပေးနိုင်ရေးအတွက် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအထိ ကွင်းဆင်းဆောင်ရွက်ခြင်း၊ ဈေးများ၊ ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်၊ စက်ရုံ၊ အလုပ်ရုံများ၊ အသင်းအဖွဲ့များနှင့် ထိတွေ့၍စစ်ဆေးပညာပေး ဟောပြောဆွေးနွေးခြင်းများအား ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

### နစ်နာဆုံးရှုံး

စားသုံးသူများသည် ဝယ်ယူပစ္စည်း၊ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ခြင်း၊ ဝန်ခံကတိပြုထားသော တန်ဖိုးစည်းကမ်းချက်များ၊ အာမခံချက်များအတိုင်း ရယူနိုင်ခြင်း၊ သတင်းအချက်အလက်များရယူနိုင်ခြင်း၊ မျှတသော ဆက်ဆံမှုရရှိခြင်းများ ရရှိရမည်ဖြစ်သည်။ မရရှိပါက သို့မဟုတ် နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရပါက မိမိတို့နှင့်နီးစပ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ စားသုံးသူရေးရာဦးစီးဌာနများသို့ တိုင်ကြားနိုင်ပါသည်။ တိုင်ကြားမှုများနှင့်ပတ်သက်၍ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ (၂၀၁၄)** ပြဋ္ဌာန်းပြီးနောက် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအား မြန်မာနိုင်ငံတစ်ဝန်းလုံး လွှမ်းခြုံနိုင်စေရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့သဖြင့် ထိုက်သင့်သလောက် အောင်မြင်မှုများ ရရှိခဲ့ပြီးဖြစ်ပါသည်။ ပြည်သူလူထုများမှလည်း ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်၊ အသုံးအဆောင်၊ ဝန်ဆောင်မှုတို့ကို ရွေးချယ်ဝယ်ယူ စားသုံးတတ်သည့် အလေ့အကျင့်ကောင်းများလည်း ရရှိနေပြီဖြစ်ပါသည်။

### အခက်အခဲ

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအား ထိရောက်အောင်မြင်မှုရရှိစေရေးအတွက် တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်းဆောင်ရွက်နေခြင်းမဟုတ်ဘဲ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းညှိနှိုင်းဆွေးနွေးကာ ဆောင်ရွက်လျက်ရှိပါသည်။ စားသုံးသူများကို အပြည့်အဝကာကွယ်ပေးနိုင်ရေးအတွက် ဆက်စပ်ဌာနဆိုင်ရာများနှင့်ပူးပေါင်းကာ စားသုံးသူများ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော အစားအသောက်အသုံးအဆောင်များ ဝယ်ယူစားသုံး အသုံးပြုနိုင်ရေးနှင့် တွေ့ကြုံရသည့်အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ စားသုံးသူ ပြည်သူများကလည်း မရှင်းတာရှိလျှင်ခေါ်မေးကြပါ၊ မသင်္ကာစရာတွေ့လျှင် သတင်းပေးကြပါ၊ စစ်ဆေးစေချင်တာရှိလျှင်လည်း အကြောင်းကြားပေးကြပါရန်နှင့် နစ်နာမှုတစ်စုံတစ်ရာရှိပါကလည်း တိုင်ကြားကြပါရန်တင်ပြလိုပါသည်။ သို့မှသာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ စားသုံးသူရေးရာ ဦးစီးဌာနမှ ဥပဒေပါသတ်မှတ်ချက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်စပ်ဌာနများနှင့် ပူးပေါင်းညှိနှိုင်းကာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါမည်။

### အားနာစာ၊ နှမြောစာ

စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရန်အတွက် တစ်ဦးတစ်ယောက်တည်းဖြင့် ဆောင်ရွက်၍အောင်မြင်မှုမရနိုင်ပေ၊ ပြည်သူလူထုအားလုံးပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်ပါမည်။ မိမိမှစားသုံးသူပညာပေးရေးဗဟုသုတများသိပါက မိမိ၏မိသားစုကို အသိပညာပေးရန်နှင့် ထိုမှတစ်ဆင့်တက်၍ မိမိဆွေမျိုးသားချင်း၊ အိမ်နီးချင်းများကို ဝေမျှအသိပေးရန် လိုအပ်ပါမည်။ စားသုံးသူရေးရာဦးစီးဌာနဝန်ထမ်းများကလည်း အသက်ကယ်ဇီဝိတဒါနအလုပ်ဟူသော ခံယူချက်ဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြည်သူလူထုထံသို့ ထဲထဲဝင်ဝင် ထိထိရောက်ရောက် သွားရောက်ကာ ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စာသင်ကျောင်းများ၊ ဈေးများ၊ တက္ကသိုလ်၊ ကောလိပ် သိပ္ပံများ၊ စက်ရုံ၊ အလုပ်ရုံ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စက်မှုဇုန်များ၊ ပရဟိတကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ အသင်းအဖွဲ့နှင့်ဌာနဆိုင်ရာဝန်ထမ်းများသို့ လိုက်လံသတိပေး နှိုးဆော်ပေးလျက်ရှိနေပါသဖြင့် စားသုံးသူများအနေဖြင့် သတိတရားကိုလက်ကိုင်ထားပြီး အကြည့်မမှားဘဲ သတိထားစားကြပါရန်၊ အားနာစာတွေကို ပြတ်သားစွာ ငြင်းပယ်ကြပါရန်၊ နှမြောစာတွေကိုရဲဝံ့စွာ စွန့်ပစ်လိုက်ပါရန်၊ မတည့်တာတွေကိုမစားမိဖို့အသိတရားနှင့် ထိန်းချုပ်ကြပါရန် မေတ္တာတရား ရှေ့ထားကာ စေတနာဖြင့် တိုက်တွန်းအပ်ပါသည်။

**လုပ်ငန်းရှင်များသည် မိမိတို့ထုတ်လုပ်ရောင်းချလိုက်သော ကုန်စည်ကို စားသုံးမိသူအပေါင်း အာဟာရဖြစ်ပါစေ၊ ဘေးကင်းစွာ သုံးစွဲနိုင်ပါစေ ဆိုသော စေတနာထားကာ ဆောင်ရွက်ကြရန် လိုပါသည်**

## မူခင်းကျဆင်းရေး အသိပညာပေး

**တပ်ကုန်း ဒီဇင်ဘာ ၂၇**

တပ်ကုန်းမြို့နယ် ကံကြီးအုပ်စု ကံကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ လိင်အကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှုများ လျော့နည်းပပျောက်ရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၇ ရက်က ကျင်းပရာ တောင်ပို့သာနယ်မြေရဲစခန်းမှူး ရဲအုပ်မောင်ကျော်က ကလေးငယ် အမျိုးသမီးများအား တစ်ဦးတည်း ညအချိန်ပြင်ပသွားလာခြင်းမပြုရန်၊ အဖော်ဖြင့်သွားလာရန်၊ အိမ်တွင် တစ်ဦးတည်းမထားခဲ့ရန်၊ မိဘများမှ မိမိသား သမီးများအား မျက်ခြည်မပြတ် ထိန်းသိမ်းစောင့်ရှောက်ကြရန် စသည်တို့ကို ဟောပြောပို့ချခဲ့သည်။

**တင်ထွန်းတာ(တပ်ကုန်း)**

## ထိုင်းနိုင်ငံ ရနောင်း-ချွန်ဖုံ ခရီးသည်တင်ယာဉ်တိုက်မှု မြန်မာရွှေ့ပြောင်းအလုပ်သမားများသေဆုံး

**ရနောင်း ဒီဇင်ဘာ ၂၇**

ကော့သောင်းမြို့တစ်ဖက်ကမ်း ထိုင်းနိုင်ငံ ရနောင်းမြို့မှ ချွန်ဖုံမြို့သို့ထွက်ခွာသည့်ခရီးသည်တင်ယာဉ်တစ်စီး ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ထိုင်းနိုင်ငံ ရနောင်းမြို့မှ ချွန်ဖုံမြို့သို့ မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၈ ဦး တင်ဆောင်ထွက်ခွာလာသည့် ခရီးသည်တင်ယာဉ်သည် ချွန်ဖုံပါနန်ရပ်ကွက်အရောက်တွင် လမ်းဘေးခုတ်တိုင်နှင့် အရှိန်ပြင်းစွာဝင်တိုက်မိပြီး ထိုင်းလူမျိုး ယာဉ်မောင်းနှင့်အတူ မြန်မာအလုပ်သမားလေးဦး အခင်းဖြစ် နေရာတွင် သေဆုံးခဲ့ကြောင်း၊ ကျန်မြန်မာအလုပ်သမား ၁၄ ဦးမှာ ချွန်ဖုံဆေးရုံတွင် အရေးပေါ်လူနာအဖြစ် တက်ရောက်ကုသနေကြောင်း ထိုင်းနိုင်ငံမှလာသည့် သတင်းများအရ သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## မိုးညှင်းမြို့နယ်၌ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မူးယစ်တပ်ဖွဲ့ခွဲ(၁)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၆ ရက်က မိုးညှင်းမြို့နယ် ဟိုပင်မြို့ မိုင်းနောင်ကျေးရွာရှိ သတင်းရရှိထားသည့် နေအိမ်လေးလုံးကို ဝင်ရောက်ရှာဖွေရာ ဘိုတဲစုရပ်ကွက်နေ မြင့်ဝေနှင့် ဇနီး မခင်ရွှေတို့နေအိမ်မှ ဘိန်းဖြူ ၂၅ ဂရမ်၊ မြနန္ဒာ ရပ်ကွက်နေ မဒေါ်ခွန်၏ နေအိမ်မှ ဘိန်းဖြူ ၁ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၃ ပြား၊ ဝင်းမြင့်နှင့် ဇနီး မယဉ်ယဉ်အေးတို့၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် ဘိန်းစိမ်း ၂ ဂရမ်၊ ဆင်ဖြူကုန်းရပ်ကွက်ရှိ ပေါ်များ၏နေအိမ်မှ ဘိန်းဖြူ ၂ ဂရမ်တို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့အဝင်(၄)မိုင် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် မျိုးမင်းသိန်း မောင်းနှင်ပြီး ရဲကျော်ဦး လိုက်ပါလာသည့် SUBARU မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၅ ပြားနှင့် ဘိန်းဖြူ ၁ ဂရမ်တို့ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

## ပုသိမ်မြို့၌ အား/ကာ ဆိုင်ခန်းနှစ်ခန်းမီးလောင်

**ပုသိမ် ဒီဇင်ဘာ ၂၇**

ပုသိမ်မြို့ အမှတ် (၂)နယ်မြေ မင်းကြီးလမ်းနှင့် ချောင်းသာ ကားဂိတ်အနီး ကျောက်တိုင်အားကစားကွင်းအရှေ့မုခ်ထွက်ပေါက်အနီး ဆိုင်ခန်းများ၌ ဒီဇင်ဘာ ၂၇ ရက်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။ မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းမီးသတ်ရေသယ်ယာဉ်များ၊ ဒေသခံပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး ညနေ ၃ နာရီတွင် မီးလုံး၀ ငြိမ်းသွားခဲ့သည်။ မီးလောင်မှု အကြောင်းအရင်းမှာ အား/ကာဆိုင်ခန်းနှစ်ခန်း ဆက်သွယ်ထားရှိသော လျှပ်စစ်မီးမီတာဘောက်နှင့် ဝိုင်ယာကြိုးများမှ မီးစတင်လောင်ခြင်းဖြစ်ကြောင်း သိရသည်။ **ပုသိမ်(လှကြည်)**

## ဖြူးမြို့မှ မိုဘိုင်းဖုန်းအရောင်းဆိုင် ဖောက်ထွင်းခိုးယူခံရ

**ဖြူး ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့၌ ဦးမြင့်အောင်ပိုင်ဆိုင်သည့် ဈေးရပ်ကွက် (၇)လမ်း ယခင် ရဲသီရိရုပ်ရှင်ရုံဟောင်းအောက်တွင် ဖွင့်လှစ်ထားရှိသော EAZY Mobile ဖုန်းအရောင်းဆိုင်ကို ဒီဇင်ဘာ ၂၅ ရက် ညပိုင်းက ဖောက်ထွင်းခိုးယူခံခဲ့ရပြီး ဒီဇင်ဘာ ၂၆ ရက် နံနက် ၆ နာရီခွဲတွင် ဦးမြင့်အောင်က ဆိုင်ဖွင့်ရန် လာရောက်စဉ် ဆိုင်တံခါးသော့မှာ ပျက်စီးနေပြီး အဝင်တံခါးဟနေသည်ကိုတွေ့ရှိရ၍ ဆိုင်အတွင်းဝင်ရောက် စစ်ဆေးကြည့်ရှုရာ ကောင်တာစားပွဲ ၁၀ လုံးအနက် ခုနစ်လုံးမှ ဖုန်းဟန်းဆက်အမျိုးအစားအစုံ အလုံး ၅၀၊ တန်ဖိုးငွေကျပ်သိန်း ၅၅၂၄၄၀၀ ကျပ်ခိုးယူခံခဲ့ရကြောင်း သိရသည်။

ဖောက်ထွင်းခိုးယူခံရသူပိုင်ရှင် ဦးမြင့်အောင်က ဒီဇင်ဘာ ၂၆ ရက်တွင် ဖြူးမြို့မရဲစခန်းသို့ သွားရောက်တိုင်ကြားခဲ့သဖြင့် ဖြူးမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားပြီး ခိုးယူသွားသူအား အမြန်ဆုံးဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

## ကြေးအနက်(ဆင်ရုပ်)လိမ်လည်ရောင်းချမှုဖြစ်ပွား

**မင်းဘူး ဒီဇင်ဘာ ၂၇**

မင်းဘူးမြို့ ရွှေလင်းပင်ကျောင်းဝင်းအတွင်း၌ ငွေကျပ်သိန်း ၃၀ ဖြင့် ကြေးအနက် ဆင်ရုပ်တုတစ်ခုအား ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက လိမ်လည်ရောင်းချခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မင်းဘူးမြို့ အမှတ်(၄)ရပ်ကွက်နေ လှိုင်မင်းထွန်း(ခ)ကာတွန်းသည် ရပ်ကွက်အတွင်းရှိ ရွှေလင်းပင် ကျောင်းဝင်းအတွင်းမှ ဓမ္မာရုံသို့ ရောက်ရှိစဉ် နေပြည်တော် ဥတ္တရသီရိမြို့နယ် လယ်ဝန်းကျေးရွာနေသူ ဝိုင်းကျော်(၂၉ နှစ်)ရောက်ရှိလာပြီး ၎င်းအား ကန်သာကြီးကျေးရွာ ပွင့်ဖြူမြို့နယ်နေသူ ဇော်လင်း(၄၇နှစ်)က လွှတ်လိုက်ကြောင်းပြောဆိုပြီး ကြေးအနက် ဆင်ရုပ်တုတစ်ခု ပါလာကြောင်း၊ ယင်းရုပ်တုမှာ မီးအလင်းရောင်ပြတ်တောက်နိုင်စွမ်းရှိကြောင်း ပြောဆိုပြီး ငွေကျပ်သိန်း ၃၀ ဖြင့် ရောင်းချရာ ရွှေလင်းပင်ကျောင်း ဆရာတော်ဦးသာသနက ငွေကျပ်သိန်း ၃၀ ပေးချေခဲ့ပြီး အဆိုပါအရုပ်ကို စစ်ဆေးခိုင်းရာ ကြေးအနက် ဆင်ရုပ်တုမဟုတ်ဘဲ ဆေးအနက်ရောင်သုတ်လိမ်းထားသည့် ကြေး ဆင်ရုပ်တုသာ ဖြစ်ကြောင်း သိရ၍ ဆင်ရုပ်အား လိမ်လည်ရောင်းချသူ ဝိုင်းကျော်နှင့် ဇော်လင်းကို အရေးယူပေးပါရန် မင်းဘူးမြို့နယ်ရဲစခန်းသို့ လှိုင်မင်းထွန်း (ခ)ကာတွန်းက တရားလိုပြု တိုင်တန်းထားကြောင်း သိရသည်။ **မေသူလွင်(မကွေးကိုယ်ပွား)**

**ဝန်းကျင်သာယာလှပစေဖို့ အမှိုက်များကို စနစ်တကျစွန့်ပစ်စို့**

# အနူးအညွတ် တောင်းပန်ခြင်း

The Daily Eleven သတင်းစာတွင် ဖော်ပြပါရှိခဲ့သော "ရွေးကောက်ပွဲ တစ်နှစ်ကြာသော်" အယ်ဒီတာ့အာဘော်ကို Eleven Media Group နှင့် Eleven Media Group ၏ CEO မှ ANN (အာရှသတင်းကွန်ရက်) အဖွဲ့ဝင် သတင်းဌာနများ၊ The Daily Eleven သတင်းစာနှင့် Facebook စာမျက်နှာတို့တွင် ရေးသားဖော်ပြမိခဲ့ပါသည်။

Eleven Media Group သည် အာရှနိုင်ငံပေါင်း ၂၁ နိုင်ငံမှ မီဒီယာ ၂၂ ခုဖြင့် ဖွဲ့စည်းထားသော ANN (အာရှသတင်းကွန်ရက်)၏အဖွဲ့ဝင်မီဒီယာများ မှ အလှည့်ကျရေးသားရသော ကမ္ဘာ့ရေးရာကဏ္ဍအတွက် "ရွေးကောက်ပွဲ တစ်နှစ်ကြာသော်" အယ်ဒီတာ့အာဘော်ကို ပေးပို့ခဲ့ရာ ANN အဖွဲ့ဝင်ဖြစ်သည့် စင်ကာပူနိုင်ငံထုတ် The Straits Time သတင်းစာမှ နိုဝင်ဘာ ၅ ရက်တွင် (Myanmar: A year after the Nov 8 Polls) ခေါင်းစဉ်ဖြင့် ဖော်ပြရာ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပုံကိုပါ တွဲဖက်အသုံးပြုဖော်ပြပါရှိခဲ့ခြင်းကြောင့် အဓိပ္ပာယ်ကောက်ယူရာတွင် လွဲမှားမှုဖြစ်ပေါ်စေ နိုင်သည့်အတွက် များစွာစိတ်မကောင်းဖြစ်ခဲ့ရပါသည်။

ထို့အပြင် ယင်း အယ်ဒီတာ့အာဘော်တွင် ကိုးကားဖော်ပြခဲ့သည့် အချက်အလက်အချို့သည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပတ်သက်ပြီး မဟုတ်မမှန် အခြေအမြစ်မရှိ ဖော်ပြထားသော လွဲမှားသည့်အချက်အလက်များဖြစ်နေခြင်းအတွက်လည်း များစွာစိတ်မကောင်း ဖြစ်ရပါသည်။

သို့ဖြစ်ရာ ယင်းကဲ့သို့ မှားယွင်းရေးသားဖော်ပြခဲ့သည့်အတွက် ထိခိုက်နစ်နာမှုများဖြစ်ပေါ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အဆိုပါ ရေးသားဖော်ပြချက်ကြောင့် တစ်စုံတစ်ရာထိခိုက်နစ်နာမှု ဖြစ်စေခဲ့သူအားလုံးကို Eleven Media Group ၏ CEO နှင့် Eleven Media Group တာဝန်ရှိသူများအနေဖြင့် နောက်နောင်တွင် ဤကဲ့သို့ မလုပ်ဆောင်ပါဟု ဝန်ခံချက်နှင့်အတူ အနူးအညွတ်ဝန်ချတောင်းပန် အပ်ပါသည်။

Eleven Media Group

ခရီးသွားမယ်ဆို၊ စိတ်ချလုံခြုံဆုံး ဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။

# ဂုဏ်ယူဝမ်းမြောက်ခြင်း

"ပထမ" နေရာမှ (၅)နှစ်ဆက် ဝင်ငွေခွန် အများဆုံးထမ်းဆောင်သော အခွန်ထမ်း "ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ" အတွက် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်။

| စဉ် | အခွန်စည်းကြပ်နှစ် | နိုင်ငံတော်သို့ ပေးဆောင်ခဲ့သည့် အခွန်ငွေ | အဆင့် |
|---|---|---|---|
| ၁။ | ၂၀၁၁–၂၀၁၂ | ၆,၀၁၅.၃၉၇ သန်း | ပထမ |
| ၂။ | ၂၀၁၂–၂၀၁၃ | ၁၀,၈၂၇.၇၀ သန်း | ပထမ |
| ၃။ | ၂၀၁၃–၂၀၁၄ | ၁၇,၀၆၂.၆၆ သန်း | ပထမ |
| ၄။ | ၂၀၁၄–၂၀၁၅ | ၂၂,၀၁၃.၆၁ သန်း | ပထမ |
| ၅။ | ၂၀၁၅–၂၀၁၆ | ၂၂,၉၅၉.၈၃ သန်း | ပထမ |
| ၆။ | ၂၀၁၆–၂၀၁၇ (ကြိုတင်ခွန်) | ၂၈,၀၀၀.၀၀ သန်း | ကြိုတင်ခွန် ပေးသွင်းပြီးဖြစ်ပါသည်။ |
| ၇။ | ၂၀၁၇–၂၀၁၈ (ကြိုတင်ခွန်) | ၃၂,၀၀၀.၀၀ သန်း | ကြိုတင်ခွန် ပေးသွင်းလျှက်ရှိပါသည်။ |
| ၈။ | ၂၀၁၈–၂၀၁၉ (ကြိုတင်ခွန်) | ၃၈,၀၀၀.၀၀ သန်း | ကြိုတင်ခွန် ပေးသွင်းရန်လျာထားပါသည်။ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ(၁၅)ရက်နေ့စွဲပါ သတင်းထုတ်ပြန်ကြေငြာချက်အရ ၂၀၁၅–၂၀၁၆ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက် "ကမ္ဘောဇဘဏ်လီမိတက်" သည် ၂၀၁၅–၂၀၁၆ အခွန်စည်းကြပ်နှစ်တွင် (၂၂,၉၅၉.၈၃)သန်းဖြင့် "ပထမ" နေရာမှ (၅)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့် "ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း" အား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး သယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဦးအောင်သန်း – Three Stars GRAM MILL (Mandalay)
ဦးကျော်ဝင်း – Sein & Mya Mattress Industry Co., Ltd. (Mandalay)
ဦးအောင်ဆန်းဝင်း – Aung Thamadi Gold & Jewellery (Mandalay)
ဦးမောင်ကို – Eternal Gold Mining Co., Ltd. (Mandalay)
ဒေါ်ခင်လေးမြင့် – Hotel and Gems & Jewellery (Mandalay)
ဦးမိုးကျော်ကျော် – Htun Kar Construction Co., Ltd. (Mandalay)
ဦးကျော်သက်လှိုင် – KT Construction Group (Mandalay)
ဦးလှဖုန်းကျော် – Rainbow Bridge Distribution Co., Ltd. (Mandalay)
ဦးညီညီလွင် – Sein Wit Hmun Trading (Mandalay)
ဦးဝင်းဆွေ – Best Oil Co., Ltd. (Mandalay)
ဦးကျော်စွာဝင်း – Taw Win Diamond (Mandalay)
ဦးတင်ကိုကို – Shining Star Jewellery (Mandalay)

# ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တပြေးညီ ရှေ့ဆုံးမှ တက်ကြွစွာ လူအား၊ ငွေအားဖြင့် ပံ့ပိုးကူညီဆောင်ရွက်လျှက်ရှိသော ကမ္ဘောဇဘဏ်လီမိတက်၏ "ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)"သည် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် ၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ငံတော်နှင့် ပြည်သူအတွက် (၁၁၀.၆၈၂)ဘီလီယံ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်းသိရှိရသဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဦးအောင်သန်း – Three Stars GRAM MILL (Mandalay)
ဦးကျော်ဝင်း – Sein & Mya Mattress Industry Co., Ltd. (Mandalay)
ဦးအောင်ဆန်းဝင်း – Aung Thamadi Gold & Jewellery (Mandalay)
ဦးမောင်ကို – Eternal Gold Mining Co., Ltd. (Mandalay)
ဒေါ်ခင်လေးမြင့် – Hotel and Gems & Jewellery (Mandalay)
ဦးမိုးကျော်ကျော် – Htun Kar Construction Co., Ltd. (Mandalay)
ဦးကျော်သက်လှိုင် – KT Construction Group (Mandalay)
ဦးလှဖုန်းကျော် – Rainbow Bridge Distribution Co., Ltd. (Mandalay)
ဦးညီညီလွင် – Sein Wit Hmun Trading (Mandalay)
ဦးဝင်းဆွေ – Best Oil Co., Ltd. (Mandalay)
ဦးကျော်စွာဝင်း – Taw Win Diamond (Mandalay)
ဦးတင်ကိုကို – Shining Star Jewellery (Mandalay)

## အတ္ထုပ္ပတ္တိစာပေရေးရာအဖြာဖြာဆွေးနွေးပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

တာမွေမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ဒီဇင်ဘာ ၂၅ ရက်က လမ်းသစ်ရောင်ခြည်ကျောက်မြောင်း(စာပေစကားဝိုင်း) ကဦးဆောင်၍ အတ္ထုပ္ပတ္တိစာပေရေးရာအဖြာဖြာ ဆွေးနွေးပွဲကိုကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် လမ်းသစ်ရောင်ခြည်စာပေ စကားဝိုင်းအဖွဲ့မှ ဆရာ ဦးအောင်ဇင်မင်းက အမှာစကားပြောကြားပြီး စာရေးဆရာဟိန်းလတ်က ‘ကျွန်တော်ရေးခဲ့သောအတ္ထုပ္ပတ္တိများ’ ခေါင်းစဉ်ဖြင့်ဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ဆွေးနွေးသူက ပြန်လည်ဖြေကြားပေးပြီး စာပေဝါသနာရှင်များမှ အတ္ထုပ္ပတ္တိစာပေရေးရာအဖြာဖြာကို အချင်းချင်း မျှဝေဆွေးနွေးခဲ့ကြောင်း သိရသည်။ **လှလှ**

## ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် ကျော်သူ(၉)လမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာလဒုတိယပတ်က အဆိုပါ လမ်းသစ်ထိပ်၌ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၂)လွှတ်တော် ကိုယ်စားလှယ် ဦးမိုးမြင့်၊ တောင်ဥက္ကလာပမြို့နယ် စည်ပင်သာယာလက်ထောက် အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးထွန်း၊ လမ်းတံတား အင်ဂျင်နီယာ ဦးကျော်သူရလွင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထိန်လင်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးချစ်တို့က ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်ထွန်း(တောင်ဥက္ကလာ)**



# အင်းလေးကန်ကို အထောက်အကူပြုနေသော ကန်တော်ကန်ကြီး

**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-ညောင်ရွှေခင်မောင်မြ**



**ကန်တော်ကြီးကန် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေစဉ်**

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့ရှိ ကန်တော်ကန်သည် ကမ္ဘောဇရဋ္ဌ၊ သီရိပဝရ၊ မဟာဝံသ၊ သုဓမ္မရာဇာဘွဲ့နှင့် K.C.L.E (အိန္ဒိယအတုလမဟာရဋ္ဌသေနာပတိ) (Sir) ဆာဘွဲ့တော်ရ၊ ညောင်ရွှေ မဟာရာဇာစော်ဘွားကြီး (ဆာ)စဝ်မောင်သည် သက္ကရာဇ် ၁၂၄၁ ခုနှစ်ကတည်းက ဆင်းရဲသား ပြည်သူများ လယ်ယာမြေကောင်းမွန်စွာ လုပ်ကိုင်နိုင်ရန်ရည်သန်၍ ဖောက်လုပ်တူးဖော်ခဲ့သော သမိုင်းဝင်ကန်ကြီးတစ်ကန် ဖြစ်သည်။

နှစ်ကာလ ကြာမြင့်လာသည်နှင့်အမျှ ကန်တော်ကန်ကြီးသည် နုန်းထိုင်ပြီး တိမ်ကောလာမှုကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး ညောင်ရွှေမြို့မှ ညောင်ရွှေမြို့နယ် တိလောစခန်းကြီးကျေးရွာအုပ်စုရှိ ကန်တော်ကန်ကြီးကို ပြန်လည်တူးဖော်ခဲ့သည်။

ကန်တော်ကြီးသည် ရေဆင်းဧရိယာ ၅ စတုရန်းမိုင်၊ အကျယ်အဝန်း ၃၈ ဒသမ ၆၃ ဧကရှိပြီး မူလကန်ပေါင်အလျားမှာ ပေ ၂၇၅၀ ရှိခဲ့သော်လည်း ပြန်လည်ပြုပြင်ပြီးချိန်တွင် ပေ ၆၃၀၀ ရှိလာရာမှ မူလကန်ပေါင်အမြင့်ကိုးပေမှ ယခုအခါ ပြုပြင်ပြီးသည့်အခါတွင် ကန်ပေါင်အမြင့် ၁၇ ပေရှိလာသည်နှင့်အမျှ ကန်ရေပြည့် ရေပြင်ကျယ် ဧရိယာ ၃၈ ဧက၊ ရေသို လှောင်နိုင်မှုပမာဏ ၂၄၅ ဧကပေ ၆၆ ဒသမ ၄၇၅ ဂါလန်သန်း၊ အကျိုးပြု ဧရိယာဧက ၂၀၀(ကြံ၊ စပါးနှင့် အခြားသီးနှံများ) ရေပိုလွှဲအဆောက်အအုံတစ်ခု၊ ရေပိုလွှဲအဆောက်အအုံ မူလ တစ်ခု၊ အကျယ် ၂၅ ပေ၊ အသစ် တစ်ခုအကျယ် ပေ ၂၀၊ လုပ်ငန်းပမာဏ သဲနုန်းတူးဖော်ခြင်း (ခန့်မှန်း) ကျင်း ၁၂၀၀၀ နှင့် ကန်ပေါင်ထပ်ပိုးခြင်းကျင်း ၂၃၅၀၀ ဖြစ်ပြီး ယခုနှစ် ဧပြီ ၂၅ တွင် လုပ်ငန်း စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကန်တော်ကန်ကြီး၏ အရှေ့ဘက်တွင် ရှမ်းရိုးမတောင်ပြာတန်းကြီးက ထီးထီးကြီးကာရံလျက်ရှိပြီး၊ အဆိုပါ ကန်တော်ကြီးသည် ကန်တော်ကျေးရွာအနီး ကန်တော်ချောင်းပေါ်၌ငွားငွားစွင့်စွင့် တည်ရှိနေပေသည်။

ညောင်ရွှေမြို့နယ်၏ အရှေ့ဘက်ကမ်းတွင် ကျိုးဖြူကန်၊ ကုန်းလှိုင်ကန်၊ ကန်ဒေါင့်ကန်၊ နဒီကန်၊ သာစည်ကန်၊ ကန်တော်ကန်၊ ကန်နီကန်၊ ပန်းဖယ်ကန်၊ လွယ်မောကန်ဟူသော ကန်ကြီးကိုးကန်မှာ အင်းလေးကန်အရှေ့ဘက်ခြမ်းရှိ ဒေသခံပြည်သူများကို စိုက်ပျိုးရေရရှိရေးအတွက် အထောက်အကူပြုလျက်ရှိသည်။

ယခုအခါ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲ ရေးဦးစီးဌာနက အဆိုပါကန်ကြီးများ ပြန်လည်သက်ဝင်အသုံးပြုနိုင်စေရန်ရည်သန်ပြီး တူးဖော်မှုလုပ်ငန်းကို ရှမ်းပြည်နယ်အစိုးရ အစီအစဉ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အချုပ်အားဖြင့်ဆိုရသော် ကန်တော်ကန်ကြီးသည် နုန်းထိန်းကန်အဖြစ် ကောင်းမွန်စွာအသုံးပြုနိုင်ပြီး အင်းလေးကန် သာယာလှပစိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးကို တစ်နည်းအားဖြင့်အထောက်အကူပြုနိုင်သော ကန်ကြီးတစ်ကန် ဖြစ်ပေသည်။

## မြန်မာ့မီးရထားဘူတာရုံများ၌ ကြိုးမဲ့ထပ်လွှင့်စက် အသစ်တပ်ဆင်

**ပင်ဝဲ ဒီဇင်ဘာ ၂၇**

မြန်မာ့မီးရထားမှ ကြိုးမဲ့ထပ်လွှင့်စက်အသစ်များကို မြန်မာ့မီးရထား တိုင်းအမှတ်(၂)အတွင်းရှိ ဘူတာရုံ၌ ဒီဇင်ဘာ ၂၅ ရက်က တပ်ဆင်ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါကြိုးမဲ့ ထပ်ဆင့်လွှင့်စက်အသစ်တပ်ဆင်ဆောင်ရွက်ရာသို့ ဦးခင်မောင်ဦး (မြန်မာ့မီးရထား ဆက်သွယ်ရေးအင်ဂျင်နီယာမှူး တိုင်းအမှတ် (၂)ရွာထောင်)၊ ဦးမြင့်ကျော်ဇင်၊ (ကြိုးမဲ့ဆက်သွယ်ရေး အချက်ပြအုပ်ကြီး အငယ်တန်းအင်ဂျင်နီယာ (၂) တိုင်း(၂)ရွာထောင် မိုးညှင်းမြို့) မြန်မာ့မီးရထား ကြိုးမဲ့ဆက်သွယ်ရေး ပူးပေါင်းအဖွဲ့တို့သည် မြန်မာ့မီးရထား ဘူတာရုံများသို့သွားရောက်ကာ ကြိုးမဲ့ထပ်လွှင့်စက် အသစ်တပ်ဆင်ပြီး မြန်မာ့မီးရထားထိန်းချုပ်မှု(မိုးညှင်း)နှင့် တိုက်ရိုက်ဆက်သွယ်မှုရရှိရန် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဒီဇင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိ အသစ်ထွက်ရှိသော စာအုပ်စာရင်း

*ယမန်နေ့မှအဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူအမည် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၂၉။ | ကမောက်ကမ စီးပွားရေး၊ စည်းလွတ်ဝါးလွတ် အုပ်ချုပ်ရေး၊ အကွပ်မဲ့ကြမ်း ပရမ်းပတာနိုင်ငံရေးနှင့် ဒီမိုကရေစီ လှုပ်ရှားမှု ၈၈၈၈ လူထုအရေးတော်ပုံ | ပန်းတနော် ခင်မောင်မြင့် | ၆၀၀၀ | ဇွန်ပန်းမွှေးမွှေးစာပေ |
| ၃၀။ | ရဟန်းနှင့်နန်းတော်ရှေ့ဝါကျများ | ဓမ္မဂင်္ဂါ | ၂၀၀၀ | ဇွန်ပွင့်စာပေ |
| ၃၁။ | လုံမ ငြိမ်းချမ်းတို့ဖတ်ဖို့ အနာဂတ်ယုံကြည်မှု ကောင်းကင်တော်တမ်းချင်း | မောင်အောင်ပွင့် | ၁၅၀၀ | ဇွန်ပွင့်စာပေ |
| ၃၂။ | တောလုံးအနှံ့ ငှက်အော်သံတွေ | နန္ဒသိရိ (ဘုတလင်) | ၁၅၀၀ | တမာခါးစာပေ |
| ၃၃။ | လှိုင်းနှစ်စင်းကောက်ကြောင်း (ရသလုံးချင်းဝတ္ထုသစ်) | တိမ်တိုက်ထွန်း (ကစ္ဆပနဒီ) | ၂၀၀၀ | တိမ်တိုက်ထွန်းစာပေ |
| ၃၄။ | အမှောင်ထဲမှာ | လမင်းမိုမို | ၂၅၀၀ | တကောင်းစာပေ |
| ၃၅။ | မြန်မာ့ မြို့ပြယဉ်ကျေးမှု အကြို စမုံမြစ်ဝှမ်း | ကလောင်စုံ | ၆၀၀၀ | ထွန်းဖောင်ဒေးရှင်း |
| ၃၆။ | ဖရက်ဒရစ် ဒေါက်ကလပ် (ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ-၂) | ခင်မောင်တိုး (မိုးမိတ်) | ၁၅၀၀ | ဓူဝံ စာပေ |
| ၃၇။ | ဘင်ဖရင်ကလင် (ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ-၃) | စိန်ဝင်းစိန် | ၁၅၀၀ | ဓူဝံ စာပေ |
| ၃၈။ | ချားစ်ဒါဝင် (ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ-၆) | မောင်တင်ဦး (ရက္ခ) | ၁၅၀၀ | ဓူဝံ စာပေ |
| ၃၉။ | ခရစ္စတိုဖာ ကိုလံဘတ် (ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ-၇) | ခင်မောင်တိုး(မိုးမိတ်) | ၁၅၀၀ | ဓူဝံ စာပေ |
| ၄၀။ | လီယိုနာဒိုဒါဗင်ချီ (ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ-၄) | ကျော်လင်းဆွေ | ၁၅၀၀ | ဓူဝံ စာပေ |
| ၄၁။ | ဂယ်လီလီယို (ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ-၅) | လင်းစိန် | ၁၅၀၀ | ဓူဝံ စာပေ |
| ၄၂။ | မာသာထရီဇာ (ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ-၁) | တင်မောင်မြင့် | ၁၅၀၀ | ဓူဝံ စာပေ |
| ၄၃။ | ၉၂ ကမ္ဘာငိုခဲ့ရသူများ | မေတ္တာရှင် (ရွှေပြည်သာ) | ၂၅၀၀ | နဂါးပျံ စာပေ |
| ၄၄။ | လူ့ဘဝ အစမှအဆုံးတိုင် မြန်မာတို့၏ ဓလေ့ထုံးစံများ | ခင်မောင်သန်း (စိတ်ပညာ) ဒေါက်တာ ကေသီနိုင် | ၁၅၀၀ | ပင်ဝါးရုံစာပေ |
| ၄၅။ | ဆရာဟူသည် ဥယျာဉ်မှူး | ချစ်စံဝင်း | ၂၅၀၀ | ပန်းမျိုးတစ်ရာစာပေ |
| ၄၆။ | ဓမ္မမိတ်ဆွေများနှင့် အွန်လိုင်းပေါ်က ဝိပဿနာ အမေးအဖြေများ (၁) | ဒေါက်တာသစ်လွင် | ၂၅၀၀ | ကြည်ဇော်ဝင်းစာပေ |
| ၄၇။ | သမုဒ္ဒရာ ကမ်းယံကလာခဲ့နှင့် ဝတ္ထုတိုပေါင်းချုပ် | မိချမ်းဝေ | ၂၅၀၀ | ပြုံးစာပေ |
| ၄၈။ | သိထားသင့်သော ခွေးရူးရောဂါအကြောင်း | ဒေါက်တာခင်စန်းမော် | ၃၀၀၀ | ဖြိုးပြည့်မော်စာပေ |
| ၄၉။ | မြင်းကပါအကျဉ်းသား | မင်းသိခ် | ၃၀၀၀ | ဘုမ္မာဝတီစာပေ |
| ၅၀။ | မဲခေါင်ကျော်စွာ | မင်းသိခ် | ၃၀၀၀ | ဘုမ္မာဝတီစာပေ |
| ၅၁။ | လမ်းပေါ်ကလူတစ်ယောက် ပြောချင်တာများ | ကိုတာ | ၁၅၀၀ | မုံရွေးစာပေ |
| ၅၂။ | ဘဝတစ်ဆစ်ချိုး စိတ်ကူးများ | ညိုမြင်းဇံ | ၂၅၀၀ | မာန်တောင်လုံးပျံစာပေ |
| ၅၃။ | အင်းဝမြို့ရောက် သံတမန်တစ်ဦး၏ ကိုယ်တွေ့မှတ်တမ်း | အောင်မြင့်စိန် (ထားဝယ်) (ဘာသာပြန်) | ၅၀၀၀ | မိတ်ဆွေများစာပေ |
| ၅၄။ | အင်းဝနန်းစံမင်းများနှင့် သမိုင်းဝင်နေရာများ | ဗိုလ်ရှိတ် (ရတနာပူရ) | ၄၅၀၀ | မိဘဂုဏ်စာပေ |
| ၅၅။ | ပြည်သူ့ကြေးမုံ နန်းမူရိပ်မြုံ (မိတ်ဆက်ကျမ်း) | ထွန်းရီ (ရှေးဟောင်းသုတေသီ) | ၄၀၀၀ | မိဘဂုဏ်စာပေ |
| ၅၆။ | ပြည်သူ့ကြေးမုံ နန်းမူရိပ်မြုံ (နိဒါန်းကျမ်း) | ထွန်းရီ (ရှေးဟောင်းသုတေသီ) | ၄၀၀၀ | မိဘဂုဏ်စာပေ |
| ၅၇။ | ပြည်သူ့ကြေးမုံ နန်းမူရိပ်မြုံ (ဖြည့်စွက်ကျမ်း) | ထွန်းရီ (ရှေးဟောင်းသုတေသီ) | ၄၀၀၀ | မိဘဂုဏ်စာပေ |
| ၅၈။ | ပြည်သူ့ကြေးမုံ နန်းမူရိပ်မြုံ (နိဂုံးကျမ်း) | ထွန်းရီ (ရှေးဟောင်းသုတေသီ) | ၄၀၀၀ | မိဘဂုဏ်စာပေ |
| ၅၉။ | မိတ်ဆွေတစ်ဦးမှပေးသော သူဌေးဖြစ်နည်း သင်ခန်းစာ | ဘုန်းနိုင် | ၁၅၀၀ | မနောဖြူစာပေ |
| ၆၀။ | ရောဝတီမှတ်တမ်း | သက်အောင် (ဗဟို) | ၂၅၀၀ | ယဉ်မျိုးစာပေ |
| ၆၁။ | ပညာရေးကင်ဆာ | သချ်ာအောင်သင်း | ၁၂၀၀ | ယဉ်မျိုးစာပေ |

*ဆက်လက်ဖော်ပြပါမည်*



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သခ်ီရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ကြုံခင်းတံတား၊ ဘဝသံသရာနှင့် ဒေါက်တာမတ်

## ဆူးငှက်

***ယခင်အပတ်မှအဆက်***

ထို့အတူ မန္တလေးမှ ပညာရှင်များလည်း အစွမ်းပြခွင့်ကြုံခဲ့ရ၏။ မန္တလေးရုပ်ရှင်၏ ဇာတ်ပို့ဇာတ်ဝင်သီချင်းဂီတများကား မန္တလေးမြို့မ အပျော်တမ်းတူရိယာအဖွဲ့၊ မန္တလေး စိန်မောင်ကိုကြီး၊ စိန်မြဆင်၊ စိန်မြရှင်တို့ လက်ရာများဖြစ်သည်။

ထို့အတူ မြို့မငြိမ်း၊ ဂီတာဦးဘသိန်းတို့၏ နာမည်ကျော်တေးသီချင်းများသည် မန္တလေးရုပ်ရှင်မှာ စတင်ခဲ့ကြခြင်းလည်း ဖြစ်၏။ နောက်ခံဒေသအနံ့အပြား၊ ရိုက်ရက်များများ၊ သုံးစွဲငွေအပိုအလျှံ၊ ဖလင်အသုံးအစွဲ ရက်ရော၊ အနုပညာကြေး ပိုမိုသဖြင့် မြန်မာ ရုပ်ရှင်တစ်ခေတ်တွင် 'မန္တလေးရုပ်ရှင်' ဟူသည် အံ့အားတသင့် ပြောနေကြရသည်မှာ ယနေ့တိုင်ဖြစ်သည်။

မန္တလေးရုပ်ရှင်သည် မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်ကိုသာ ဦးတည်၍ကြိုးစားခဲ့သော်ငြား တစ်ဖက်က မြန်မာ့ရုပ်ရှင်လောကကမူ အဘက်ဘက်မှ ဆုတ်ယုတ်အားလျော့လာ၏။ စေတနာနှင့်ရလဒ်၊ စေတနာနှင့်ပကတိအခြေအနေများက တခြားစီဖြစ်လာ၏။ ထိုအခါ မန္တလေး ရုပ်ရှင်သည် သူ၏ထုတ်လုပ်မှုလုပ်ငန်းများအား ရပ်ဆိုင်းထားလိုက်ရတော့၏။ ၁၉၇၀...။

သို့သော် အစဉ်အလာကြီးမားသော၊ သြဇာကြီးမားသော ရုပ်ရှင်ကုမ္ပဏီကြီးကို အစုရှယ်ယာဝင်များ၏ အဆက်အနွယ်များက ပြန်လည်ရှင်သန်နိုင်ရန် ကြိုးစားကြပြန်၏။ ရိုက်ကူးခဲ့သော ကားဟောင်းများကို ပြန်လည်စုစည်း၍ ကားကူးဆေးခန်းမှ ကားဆက်ခန်းသို့ပို့၏။ ပြန်ကူးသင့်သည့်ကားများ ပြန်ကူးရန် စီစဉ်၏။ ကံကြမ္မာကား မျက်နှာသာမပေး။ ထိုသို့ စီစဉ်နေခိုက် ၁၉၈၁ ခု မေလ ၁၁ ရက်နေ့တွင် ဆိုင်းတန်းမီးဘေးကြောင့် မန္တလေးရုပ်ရှင်၏ကားထုပ်များ၊ စတူဒီယိုအဆောက်အအုံများ၊ စက်ပစ္စည်း၊ ကိရိယာများ မီးလောင်ကျွမ်းကာ ပျက်စီးဆုံးရှုံးရတော့သည်။

မန္တလေးရုပ်ရှင်ခြံဝင်းကြီးတွင် ထိုစဉ်မှစ၍ ပြန်လည်ပိုင်ဆိုင်ခွင့်ရသွားသည့် သူငယ်ချင်းမိသားစုက နေထိုင်လျက်ရှိသောကြောင့် မီးလောင်အုတ်တိုက်ပျက်အတွင်းမှ ကားထုပ်အပိုင်းအစများကို သူငယ်ချင်းဆီသွားတိုင်း မြင်တွေ့နေရ၏။ နေရောင်မှာ ထောင်ကြည့်တော့ 'ကျောက်ဘီလူးနှင့် ပပဝင်း' ဇာတ်ကားမှ ဇာတ်ဝင်ခန်းတွေ ဖြစ်နေပါသည်။ ဖလင်ပုံတစ်ပုံမှာက 'သည်သောင်ယံက မခွာရက်နိုင်တယ်' ကားပိုင်းများ ဖြစ်နေသည်။ ယခင် ဇာတ်ဝင်ခန်းများရိုက်ကူးခဲ့သည့် ကြာကန်လေးကို ဖြတ်ကူးထားသည့် သစ်သားတံတားလေးကား မီးလောင်ငုတ်တိုများအဖြစ် မီးခိုးတငွေ့ငွေ့။ သြော်... ဘဝသံသရာ ဘဝသံသရာ။

အခုတော့ မန္တလေးရုပ်ရှင်ခြံဝင်းဆိုတာ ဘာအမှတ်အသားကိုမျှ ကြည့်စရာမကျန်တော့။ လူနေရပ်ကွက်ကြီး ဖြစ်သွားချေပြီ။

တောင်ဘက်မှာ အထက ၂၀ကလည်း ပုံစံသစ်ကျောင်းဆောင်များနှင့်ဖြစ်နေသည်။ ရွှေတချောင်းအရှေ့ဘက်မှာလည်း ယခင်က ကွက်လပ်တွေနေရာမှာ ရုံးအဆောက်အအုံများ နေရာယူလာကြ၏။ အရင်လိုအမှိုက်ပုံနှင့် မသန့်မရှင်းမဟုတ်တော့။ ရွှေတချောင်းကလည်း အရင်လို မြေသားမြောင်းမဟုတ်တော့။ ကျောက်သားစီမြောင်းကြီး ဖြစ်နေပြီ။ အရေးကြီးတာက မြောင်းထဲသို့ အမှိုက်မပစ်ကြဖို့ဖြစ်ပါသည်။



ဈေးချိုတော်နှင့်ဓာတ်ရထား

မန္တလေးရုပ်ရှင်ခြံမှ လွန်ပြီး ၁၉လမ်းရောက်တော့ ရွှေတချောင်းမြောင်း၏ အရှေ့ဘက်မှ ညောင်ပင်ဈေးရှိသည်။ ညောင်ပင်ဈေးသည် ၁၈၈၆ ခုနှစ်မတိုင်မီက မန္တလေးမြို့တော်ပုံ ပုရပိုက်မြေပုံတွင်ပါရှိသည့် လက်ဟောင်းဈေးကြီးဖြစ်၏။ အခုတော့ လေဘေးထည်ခေါ် အဝတ်ဟောင်းရောင်းချရာ ဈေးကွက်ကြီး ဖြစ်နေတော့၏။ ၁၉၈၁ မီးကြီးပြီးနောက် အသစ်ထပ်မံဆောက်လုပ်သောဈေးရုံသစ်ကြီးမှာ အဝတ်ဟောင်း ဈေးတန်းကြီး ဟည်းဟည်းထ တည်ခင်းထားသည်။

၁၉လမ်းနှင့် ရွှေတချောင်းမြောင်းဆုံနေရာသည် စည်ကားလှ၏။ ဟို...အနောက်ကျောက်သပိတ်၊ မလဲသာ၊ ရွှေပြည်စသော အရပ်များနှင့် မန္တလေးမြို့လယ် ဈေးချိုတော်အဆက်အသွယ်၏ ဗဟိုချက်မဖြစ်တော့သည်။ ညောင်ပင်ဈေးနှင့် မျက်နှာချင်းဆိုင် ရွှေတချောင်း၏ အနောက်ဘက်လမ်းဘေးမှာတော့ အိမ်ဆောက်ပစ္စည်း သံထည်အသစ် အဟောင်း ဆိုင်များချည်းဖြစ်၏။ လွယ်ကူစွာဝယ်ယူနိုင်သော ဈေးကွက်လည်း ဖြစ်သည်။

၂၀ လမ်း၊ ရွှေတချောင်းအရှေ့ဘက်မှာ မန္တလေးမြို့ 'မြို့မအပျော်တမ်း တူရိယာအသင်း' အသင်းတိုက်တည်ရှိ၏။ ၁၉၂၅ ခုနှစ်ကတည်းက စတင်တည်ဆောက်ခဲ့ကာ ၇၅ နှစ် သက်တမ်းနားကပ်ပါမှ မြို့မအသင်းကြီးအဖို့ ယခုတော့ အသင်းတိုက်နေရာတစ်နေရာ ဣန္ဒြေရရပိုင်ဆိုင်နေပါပြီ။ ကနဦးတည်ထောင်စဉ်က ဆိုင်းတန်းရပ် ဧရာဝတီစာရေးကြီး ဦးမြသိန်းအိမ်မှာ၊ နောက်... ဒေါင်းရိုးဦးရင်လေးအိမ်၊ နောက်...၊ နောက်... ၂၄ လမ်းဓားတန်းဝင်းမှာ အကြာကြီး၊ ထို့နောက် ၄၂ လမ်းမှာ၊ အခုတော့ ကိုယ်ပိုင်ခြံဝင်းဖြင့် ၂၀လမ်းမှာ နေရာရပါပြီ။ အသင်းတိုက်အဆောက်အအုံခံ့ခံ့ထည်ထည်ကြီးပြီးမြောက်ဖို့ပဲ ကျန်တော့၏။

ကိုယ့်အရှင် ကိုယ့်သခင်ခေတ်က 'မဟာဂီတ' ဥယျာဉ်ကြီး အစွမ်းကုန် ဖူးပွင့်ဝေဆာခဲ့ပြီးနောက် တိုင်းတစ်ပါးအုပ်စိုးမှုဖြင့် ထိုဥယျာဉ်ကြီး ပျက်သုဉ်းကာ ဖရိုဖရဲ အလဲလဲအကွဲကွဲလွင့်စဉ်သွားရသော်လည်း ရေမြေခတ်ခံ ရှိရင်းစွဲမို့ ဂီတအဖူးညွန့်လေးတွေ ခေတ်နှင့်အညီ ပြန်လည်အစို့အညှောက်ပေါက်ခဲ့ရသည်။ ကူးလူးဆက်ဆံရေး လျင်မြန်မှုကြောင့် ကမ္ဘာသုံးတူရိယာ၊ လေမှုတ်၊ ကြိုးတပ်စသည်များလည်း မြင်ဖူးတွေ့ထိလာကာ တစ်စစ အကျွမ်းဝင်လာသောကြောင့် အရင်လို၊ စောင်းကောက်၊ ပလွေ၊ မိကျောင်း၊ ဗုံ၊ ပတ်လုံးများနှင့် မတင်းတိမ်နိုင်ကြသည်မှာ လူငယ်သဘာဝဖြစ်၏။

ထိုအခါ ခေတ်ပေါ်တူရိယာပစ္စည်းများနှင့် ကျွမ်းဝင်စ မန္တလေးသား လူငယ်လေးများက ဧရာဝတီစာရေးကြီး ဦးမြသိန်း၊ အပေါင်ဆိုင်ပိုင်ရှင် ဦးတော်လုံတို့မတည်မှုဖြင့် 'ဗုဒ္ဓဝေယျာဝစ္စ မြို့မတူရိယာအသင်း'ဟူသော နာမည်ပေးကာ ၁၉၂၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ ထိုလူငယ်များကား ကိုဘငြိမ်း၊ ကိုကြီးငွေ၊ ပန်းချီကိုဘသက်၊ ကိုရင်ကလေး၊ ကိုမောင်မောင်တို့ ဖြစ်ကြပါသည်။ နောက်တော့ မြို့မကအသင်းသားဆိုလျှင် ထိုခေတ်အခေါ် ဆပ်ကျောင်းသားများနှင့် အပြိုင် ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်လာလေတော့၏။

ဈေးချိုတော် အနောက်မြောက်ထောင့် ဈေးရုံနေရာရှိ ဆိုင်ဒူးခန်းလက်ဖက်ရည်ဆိုင်တွင် မြို့မအသင်းသားများ စတည်းချနေကြသော် ဈေးချိုသူတွေ၊ ရွှေဆိုင်တန်းသူတွေ ဟန်ရေးတပြပြ ဖြစ်နေတော့သည်။

မြို့မသည် စစ်ကိုင်းတောင်ရိုး ကထိန်ပွဲသို့လည်း အခေါက်ခေါက်အခါခါ ကူးသန်းကာ လှူရေးတန်းရေး တာဝန်ကျေခဲ့သည်။ စစ်ကိုင်းတံတားကြီး မပြီးမီကတည်းက ပြည်ကူးတို့ဖြင့်လည်းကောင်း၊ သုံးခေါက်ပြန်ဧရာဝတီသင်္ဘောငယ်လေးဖြင့်လည်းကောင်း၊ စံရွှေဘူတာ (နောက်အမရပူရ ဆိပ်ကမ်းဘူတာ) လေးမှ ငှက်ဖြင့် (သို့မဟုတ်) မီးရထားကုမ္ပဏီကူးတို့ဖြင့်လည်းကောင်း နှစ်စဉ်မပျက်ဆင်နွှဲခဲ့သည်။ တောင်ပြုန်းပွဲအခါဆိုလည်း ဈေးချိုအနီးရှိ မနှင်းဆီဘူတာရုံလေးနား ရွှေတချောင်းမြောင်းအတိုင်း လှေနှစ်စင်းတွဲတွင် တီးဝိုင်းပစ္စည်း မြိုင်မြိုင်ဆိုင်ဆိုင်တင်ကာ တပျော်တပါးဆင်နွှဲခဲ့ပြန်သည်။

သင်္ကြန်ဆိုရင်တော့ မပြောပါနှင့်တော့။ 'ငွေငန်းမောင်' 'ငွေငန်းယာဉ်' စသည်ဖြင့် ငွေငန်းအလှပြကားကြီးဖြင့် တေးသီချင်းတွေ အသစ်အသစ်သီကုံးကြကာ ရေကစားထွက်ခဲ့ကြသည်။ ကဆုန်ညောင်ရေသွန်းပွဲလည်း မြို့မ၊ အလှူလည်း မြို့မ၊ မင်္ဂလာဆောင်လည်း မြို့မ၊ ဘုရားပွဲလည်း မြို့မ၊ ကျောင်းပွဲလည်း မြို့မဖြစ်ခဲ့၏။

ယုတ်စွအဆုံး စစ်ကြီးပြီး၍ စစ်ခိုရာ စစ်ကိုင်းတောင်မှ အပြန် ပြာပုံအတိမန္တလေး ကို ပြန်အဝင်၌ပင် '... မန္တလေးဆို ရွှေမြို့တို့ ရတနာပုံနေပြည်တင့်တယ်သာယာ စည်ကားဟိုတုန်းအခါ ကလေ၊ အဲဒါတွေမတွေးကြနဲ့ ရှေ့ဆက်ကာ စီမံကြံကြမလေ၊ မေ့မေ့ပျောက်ပျောက် အောက်မေ့လို့နေ၊ တိုက်တာအိမ်ခြေ၊ စည်းစိမ်ရှင်တွေ၊ လူကြံ့ရင်ခံနိုင်ဖူး၊ အထူးပင်မှတ်ကြပေ၊ အရင်လို ပျော်ပျော်ရွှင်ရွှင်နေ၊ မြို့မအသင်းကပြောမလေ၊ ဖြစ်ဟဲ့ဆိုဖြစ်ရမယ်ပ၊ တက်ခေတ်လူငယ်များအားအင် တောင့်တင်းစေ' ဟူသော 'ပြည်တော်ဝင်'သီချင်းကို သီဆိုကာ မြို့လူထုကို အားသစ်မွေးစေခဲ့၏။

လွတ်လပ်ရေးရသော ၁၉၄၈ ခု ဇန်နဝါရီလ ၄ ရက်နေ့အကြို၊ ဇန်နဝါရီ ၃ ရက်နေ့ ညတွင်လည်း ၈၄ လမ်း၊ ဝင်းလိုက်ရုပ်ရှင်ရုံရှေ့တွင် ည ခုနစ်နာရီမှ စတင်၍ 'အောင်သံမြေမိုး' လွတ်လပ်ရေးသီချင်းကို သီဆိုကာ လွတ်လပ်ရေးကို ကြိုဆိုခဲ့၏။ '...တိုင်းပြည်တော်သစ် တည်ဆောက်ဖြစ်မြောက်လာ၊ ပျော်ရွှင်ချမ်းသာ၊ စိုးပိုင်လာ၊ အောင်သော နေ့ကြီးပါ၊ ခိုင်မြဲစွာ လွတ်လပ်သောတိုင်းကြီးသား ဒို့ဂုဏ်လို့ မောက်ကြွား၊ မြင့်မြတ် သောစိတ်ဓာတ်ထား၊ ရဲရင့်ကြစေသားတိုင်းရင်းသားတို့ ညီညွှတ်သိမှတ်ကာ' ဟူသော တေးသံက အားမာန်များ ပေးခဲ့သည်။

***စာမျက်နှာ ၁၇ သို့***

---

## မော်လမြိုင်ကျွန်းမြို့နယ် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မိသားစုနှင့် အသင်းအဖွဲ့အလိုက် ပါဝင်လောင်းလှူနိုင်

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂၇**

မော်လမြိုင်ကျွန်း မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မော်လမြိုင်ကျွန်းမြို့ အာရောဂျလူမှုကူညီရေးအသင်းမှ ကြီးမှူး၍ (၅)နှစ်ပြည့်နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် မြို့ပေါ်ရှိ ကျောင်းပေါင်းစုံမှ သံဃာတော်များနှင့် သီလရှင်ဆရာကြီး ၊ ဆရာလေးများအား ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်လွတ်လပ်ရေးနေ့ ညနေ ၃ နာရီတွင် အာရောဂျလူမှုကူညီရေးအသင်းရုံးရှေ့၌ မြို့နယ်လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပသွားမည်ဖြစ်သည်။

အဆိုပါမြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ပါဝင်လှူဒါန်းလိုကြသော မြို့နယ်အတွင်းမှ အလှူရှင်များအနေဖြင့် မိသားစုအလိုက်ဖြစ်စေ၊ အသင်းအဖွဲ့အလိုက်ဖြစ်စေ ပါဝင်လှူဒါန်းနိုင်ကြပြီး ပါဝင်လှူဒါန်းလိုပါက ဦးမိုးယု ဖုန်း-၀၉-၇၉၃၄၁၂၀၉၉၊ ဦးမြင့်ကို ဖုန်း-၀၉-၉၇၀၃၅၀၀၉၉နှင့် အာရောဂျရုံးဖုန်း ၀၉-၄၂၂၄၇၇၇၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

# နွေရာသီရေရှားပါးသည့် ရပ်ကွက်ကျေးရွာများတွင် စက်ရေတွင်းများတူးဖော်



**ဘားအံ ဒီဇင်ဘာ ၂၇**

ကရင်ပြည်နယ်အတွင်း တူးဖော်ရန် ခက်ခဲပြီး နွေရာသီတွင် ရေရှားပါးကာ သောက်ရေ၊ သုံးရေ အခက်အခဲများ ဖြစ်ပေါ်လေ့ရှိသည့် ရပ်ကွက်/ကျေးရွာများ၌ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ စက်ရေတွင်း ၂၇ တွင်း တူးဖော်ပေးရန် စီစဉ်လျာထားရာ ဘားအံမြို့နယ်တွင် စက်ရေတွင်း ၁၂ တွင်း၊ လှိုင်းဘွဲ့မြို့နယ်တွင် သုံးတွင်း၊ ကော့ကရိတ်မြို့နယ်တွင် ငါးတွင်း၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ခုနစ်တွင်း တူးဖော်ပေးမည်ဖြစ်ကြောင်း သိရသည်။

စက်ရေတွင်းများ တူးဖော်ပေးနေမှုကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလတတိယပတ်က ဘားအံမြို့အမှတ်(၁)ရပ်ကွက် ကြာအင်းရပ်တွင် အများပြည်သူဘုံပိုင်မြေပေါ်၌ ပြည်သူများ သောက်သုံးရေရရှိစေရန် တစ်မိနစ်လျှင် ရေနစ်ပီပါ၊ တစ်နာရီလျှင် ရေဂါလန် ၆၀၀၀ ထွက်ရှိသည့် တစ်ရာခြောက်ဆယ့်ငါးပေအနက်၊ ခြောက်လက်မအကျယ် ကျောက်ဖောက်စက်ရေတွင်းတစ်တွင်းကို DRB-006 ကျောက်ဖောက်တွင်း တူးစက်ကြီးဖြင့် တူးဖော်ပြီးစီးခဲ့ပြီ ဖြစ်သည်။

ထိုသို့တူးဖော်ရာတွင် မြေပြင်မှ အနက် ၁၈ ပေအထိသာ မြေသားရှိပြီး ကျန်အပိုင်းသည် သင်ပုန်းကျောက်များ ဖြစ်သည့်အတွက် ဒီဇင်ဘာ ၁၁ ရက်တွင် စတင်တူးဖော်ပြီး ဒီဇင်ဘာ ၂၂ ရက်တွင် အောင်မြင်ပြီးစီးခဲ့ကာ ၁၁ ရက်ကြာ တူးဖော်ခဲ့ရကြောင်း၊ ဘားအံမြို့ အမှတ်(၁)ရပ်ကွက် ကြာအင်းရပ်သည် နွေရာသီရောက်တိုင်း နှစ်စဉ် ရေအခက်အခဲဖြစ်ပေါ်လေ့ရှိပြီး ရေတွင်း၊ ရေကန်များ၊ လက်ယက်တွင်းများမှာ ပေ ၉၀ ခန့်အထိသာ အများဆုံးတူးဖော်နိုင်ကြပြီး နွေရာသီတွင် ရေဝါသည့်အတွက် သောက်ရေ၊ သုံးရေမကောင်းကြောင်း အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

အဆိုပါ ကျောက်ဖောက်စက်ရေတွင်း တူးဖော်ပြီးစီးပြီဖြစ်သည့်အတွက် ဘားအံမြို့အမှတ်(၁)ရပ်ကွက် ကြာအင်းရပ်တွင် နေထိုင်သူများ၊ အမှတ်(၉)ရပ်ကွက် ဇွဲကပင်ကုန်းတွင် နေထိုင်သူများအနေဖြင့် နှစ်စဉ်နွေရာသီတွင် ကြုံတွေ့နေရသည့် သောက်ရေ၊ သုံးရေ အခက်အခဲပြဿနာများကို ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်ပြီး သန့်ရှင်းသော သောက်သုံးရေကို ရရှိနိုင်တော့မည်ဖြစ်သည်။

ယခုတူးဖော်ပြီးစီးသည့် စက်ရေတွင်းသည် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၏ ဒုတိယမြောက်တူးဖော်ပြီးစီးသည့် စက်ရေတွင်းဖြစ်ပြီး ဘားအံမြို့ ဘ၀သစ်(၇) စိုက်ပျိုးမွေးမြူရေးစခန်းတွင် ရေဂါလန် ၁၈၀၀ ထွက်ရှိသည့် တွင်းတစ်တွင်းကို ဒီဇင်ဘာ ၈ ရက်က တူးဖော်ပြီးစီးခဲ့ကြောင်းနှင့် ကျန်ရှိသည့် ရေအခက်အခဲ ဖြစ်ပေါ်ရာ ရပ်ကွက်/ကျေးရွာများတွင် လည်း စက်ရေတွင်းများ ဆက်လက် တူးဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကျောင်းဆောင်သစ်ပေးအပ်လှူဒါန်း

**ငါ့သရောက် ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ် ခက်လန်းကန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲရှိ ကျောင်းသားကျောင်းသူများ ပညာသင်ကြားရာတွင် လိုအပ်လျက်ရှိသည့် ကျောင်းဆောင်သစ်အား ရန်ကုန်မြို့နေ အလှူရှင် ဦးသိန်းမြင့်-ဒေါ်စိုးစိုး မိသားတစ်စုက ဆောက်လုပ်လှူဒါန်းပေးခဲ့ရာ ယခုအခါ ကျောင်းဆောင်သစ် ဆောက်လုပ်မှုလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်၍ အလှူရှင်မိသားစုမှ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည့် ကျောင်းဆောင်သစ်ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက်က အဆိုပါကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲအတွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဆောက်လုပ်လှူဒါန်းပြီးစီးသည့် ကျောင်းဆောင်သစ်အား အလှူရှင် ဦးသိန်းမြင့်၊ ညောင်ဦးမြို့နယ် ပညာရေးမှူးရုံးမှ မြို့နယ်ဒုတိယပညာရေးမှူး ဦးအောင်ဌေးနှင့် ခက်လန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြပြီး ငါ့သရောက်မြို့သစ် အုပ်ချုပ်ရေးမှူး ဦးစလွှမ်းထက်မောင်နှင့် မြို့နယ်ဒုတိယပညာရေးမှူးတို့က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ကျောင်းဆောင်သစ်အလှူရှင်က ကျောင်းအတွက် လှူဒါန်းသည့် အင်ဗာတာ၊ ဘက်ထရီ၊ ဆိုလာပြားနှင့် အားကစားပစ္စည်းများကို ဆရာကြီး ဦးမြင့်သိန်းထံ လွှဲပြောင်းပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုမာမြင့်က အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

**အနာဂတ်ကမ္ဘာ လှပဖို့**
**ပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့**

# ကျောက်စီကွန်ကရစ် မြေထိန်းနံရံတည်ဆောက်မှုလုပ်ငန်း မကြာမီပြီးစီးတော့မည်



**မိုးညှင်း ဒီဇင်ဘာ ၂၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံအနီး ကျောက်ဖြူချောင်း အာရ်စီကွန်ကရစ်တံတားကြံ့ခိုင်ရေးအတွက် ကျောက်စီမြေထိန်းနံရံ တည်ဆောက်လျက်ရှိရာ မကြာမီပြီးစီးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားသည် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တံတားအမှတ် ၁/၁၇၅ အလျား ၄၂ ပေ၊ အကျယ်ပေ ၃၀၊ အမြင့် ကိုးပေခွဲရှိသော အာရ်စီကွန်ကရစ်တံတားဖြစ်ပြီး ကျောက်ဖြူချောင်းကို ဖြတ်သန်းဆောက်လုပ်ထားကြောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သော်လည်း မိုးတွင်းရေကြီးရေလျှံချိန်များတွင် ရေတိုက်စားမှုကြောင့် မြေထိန်းနံရံများမှာ ရေရှည်ကြံ့ခိုင်မှုရှိရန်အတွက် ခရိုင်လမ်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျောက်စီမြေထိန်းနံရံကို တည်ဆောက်ရခြင်းဖြစ်ကြောင်း အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမျိုးဝင်း ပြောပြ၍ သိရသည်။

"ကျောက်ဖြူ ချောင်းရေပေါက်တံတားရေရှည်ကြံ့ခိုင်စေဖို့အတွက် တံတားတစ်ဖက်စီကိုအရှည် ၆၅ ပေ၊ အမြင့် ကိုးပေခွဲစီ အရှေ့အနောက် စုစုပေါင်းလေးနေရာစီကို ဒီဇင်ဘာ ၁၂ ရက်မှစပြီး ကျောက်စီမြေထိန်းနံရံဆောက်နေပါတယ်။ နေ့စဉ် လုပ်သား ၄၀၊ လုပ်သားကြီးကြပ်သုံးဦးဖြင့် အဖွဲ့သုံးဖွဲ့ခွဲပြီး ဒီဇင်ဘာလကုန်မှာ ပြီးစီးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ကျောက်စီမြေထိန်းနံရံတည်ဆောက်မှုပြီးစီးပါက တံတားတစ်ဖက်စီတွင်အကျယ် ၁၈ ပေရှိသော ကတ္တရာထပ်ပိုးလွှာကို ခင်းကျင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၀၆၇)

*စာမျက်နှာ ၁၆ မှ*

ပါတီစွဲ၊ ဂိုဏ်းဂဏစွဲများဖြင့် အချင်းချင်းကွဲကြ၊ ပြဲကြ လက်နက်စွဲကိုင်ကြ၍ ပြည်တွင်းစစ်မီးတောက်ကောင်းနေသော အခါတွင်လည်း 'ငြိမ်းချမ်းရေးသည် ပျားသကာကဲ့သို့အစဉ်၊ တမာပင်၊ သရက်ပင်ဘာပင်ပဲ စွဲစွဲချိုမြအရသာ မစွန့်သည်သာပင်...' ဟု စပ်ဆိုခဲ့၏။

ပြည်တော်သာ စီမံကိန်းခေတ်တွင်လည်း ဆင်းရဲတွင်းနက်နေသော မြန်မာပြည်သူတွေမှာ အားကိုးစရာမျှော်လင့်ချက်ဟု မှတ်ထင်ခဲ့၊ ယုံစားအားကိုးခဲ့ကြသောကြောင့် မြို့မကလည်း 'လျှပ်စစ်အားအသုံးများတဲ့အပြင် တွင်တွင်ကျယ်ကျယ်ထက်အောက်မြေတစ်ခွင်၊ သစ်ပင်တွေ မြေတွင်းဓာတ်တွေ၊ ဖော်ယူနိုင်စွမ်းတတ်ကျွမ်းကျင်' ဟူ၍ မျှော်လင့်ခဲ့ပေသည်။ ယခုမြို့မအသက်၇၅ နှစ်ကျော်ချေပြီ။ ဖြတ်သန်းခဲ့ရသော အတွေ့အကြုံတွေမနည်းတော့ သမ္မာရင့်ပေပြီ၊ ဝါရင့်ပေပြီ။ ငယ်မူငယ်သွေး၊ ငယ်စွမ်းငယ်စများကို မန္တလေးက မျှော်လင့်နေကြလေ၏။

မန္တလေးသားမှန်လျှင်တော့ ရွှေတချောင်းမြောင်းနှင့် တစ်နည်းတစ်ဖုံ ပတ်သက်နေရသည်။ ကျွန်တော့်မှာမူ မန္တလေး ကိုင်းတန်းဈေးအနောက်ဘက် ဒေါင်းရိုးရပ်မှာ မွေးဖွားကြီးပြင်းရလေသောကြောင့် ယခုလို မိုးရာသီ၌ မိုးကြီးကြီးရွာပြီဆိုလျှင် ရွှေတချောင်းမြောင်းရေက ပြည့်လျှံလာကာ ၂၉ လမ်းတစ်လျှောက် အနောက်ဘက်သို့ ဒလဟောစီးဆင်းလာသည်မှာ မိကျောင်းတံတားဆိုက်သည့် အဖြစ်တွေနှင့် ရိုးနေအောင် ကြုံနေကျဖြစ်သည်။

ထိုအခါ ရွှေတချောင်းမြောင်းရေထဲတွင် ငါးများလည်း ပါလာတတ်ပါသည်။ ကျန်အချိန်များ၌မူ ရွှေတချောင်းမြောင်းရေသည် ဈေးသည်များ၏ အမှိုက်များကြောင့် အနံ့ဆိုးများ ထွက်နေတတ်ပါသည်။ ငယ်စဉ်က ကြုံတွေ့ရသည့် ၂၉လမ်းနှင့် ရွှေတချောင်းထောင့်က အမှိုက်ပုံအနံ့၊ ရွှေတချောင်းအနံ့၊ ဈေးအိမ်သာအနံ့များကို ယခုအချိန်တွင် ပြန်လည်ကာ နှာဝ၌ အမှတ်ရ တိုးဝင်လာသေးသည်။

ဆရာကြီးရွှေဥဒေါင်းတို့ငယ်စဉ်က ရွှေတချောင်းကတော့ အခုလိုမဟုတ်၊ ဘာမှမဆိုင်ဟုပင် ပြောရချေမည်။ ဆရာကြီးက သူ၏ တစ်သက်တာမှတ်တမ်းထဲတွင် ရွှေတချောင်းကို ယခုကဲ့သို့ အမှတ်တရရေးဖွဲ့ထား၏။

ရွှေတချောင်းမြောင်းပေါင်တစ်လျှောက်ရှိ ရေစပ်တွင် ကနခိုပင်များ၊ ဆင်နှာမောင်းပင်များ၊ ကုလားမျက်စိပင်များ ပေါက်ရောက်လျက်ရှိရာ ယင်းအပင်များ၏ ထိပ်ဖျား၌ အနီရောင်၊ အဝါရောင်၊ အညိုရောင်ရှိသောပုစဉ်းကောင်များ နားလျက်ရှိ၏။ ကျွန်ုပ်တို့ ညီအစ်ကိုနှစ်ယောက် မြင်းမြီးတစ်ပင်စီရှာ၍ တစ်ဖက်အဖျားကို ဝါးခြမ်းတစ်ခု၏ ထိပ်၌ချည်ကာ တခြားဘက်အဖျားတွင် နှမ်းစေ့ပမာဏရှိသည့် ပျားဖယောင်းလုံးကလေးကို ကပ်ထား၏။

ထို့နောက် ကျွန်ုပ်တို့သည် ဤနည်းပြင်ဆင်ထားသော 'မြားတံ' တစ်ခုစီကိုင်လျက် အပင်ကလေးများ ထိပ်တွင်နားလျက်ရှိသော ပုစဉ်းကောင်ကလေးများ၏ ရှေ့တွင် ဖယောင်းလုံးကလေးကို (ယင်းတို့၏အစာ) ပိုးကောင်ကလေး ထင်မှတ်သည်နှင့် ဝီခနဲမြည်ကာ ထပျံလာပြီးလျှင် ဖယောင်းလုံးကလေးကို ကိုက်ဖမ်းလိုက်၏။

**ရွှေတချောင်း၏ ဖြားယောင်းမှု**

ကျွန်ုပ်တို့ ညီအစ်ကိုနှစ်ယောက်သည် ရန်နှင်တံခါးမှ ကျောင်းသို့ထွက်လာကြရာတွင် ရှေးဦးစွာ ရွှေတချောင်းကိုဖြတ်ကျော်သည့် အမြောက်တန်းတံတားသို့ ရောက်ကြ၏။ ထိုနေရာမှစ၍ ဒက္ခိဏဝန် တိုက်ဘက်သို့ ချိုးဝင်ရသည့် ဆိုင်းတန်းတံတားသို့မရောက်မီ ရေဆိပ်ပေါင်း တစ်ဒါဇင်ခန့်မျှရှိရာ ဝိဇယမင်းသား၏ နောက်ပါ တပည့်များအား ဘီလူးမများက အာရုံအမျိုးမျိုးတို့ဖြင့် ဖြားယောင်းသွေးဆောင်ကြသည်ဆိုသကဲ့သို့ ရေဆိပ်များကလည်း ကျွန်ုပ်တို့အား နည်းအမျိုးမျိုးတို့ဖြင့် ဖြားယောင်းသွေးဆောင်လေတော့သည်။

ထိုခေတ်က ရွှေတချောင်းမှာ ယခုကဲ့သို့ ရေဆိုးမြောင်းမဟုတ်။ မတ္တရာအထက်မှ စီးဆင်းလာခဲ့၍ လွန်တောင်း၊ ဝါးရင်းတုတ်၊ တောင်ပြုန်း၊ သရက်ကန်၊ ကန်ပိုင်စသောရွာများကို ဖြတ်ကျော်ပြီးလျှင် အိုးဖိုကိုကျော်၍ မန္တလေးမြို့ထဲသို့ ဝင်လာသည့် ရေရှင်ချောင်းဖြစ်သောကြောင့် အတော်ကြည်လင်၍ တသွင်သွင်စီးလျက်ရှိ၏။

ရေကိုမြင်ရလျှင်(သေတော့မှသေရော) ပြေးဆင်း၍ ခုန်ပေါက် ယက်ကူးချင်တတ်သော ကျောင်းသားအရွယ် ကျွန်ုပ်တို့ညီအစ်ကိုနှစ်ယောက်မှာ ရေဆိပ်တိုင်း၌ တခြားသူငယ်ကလေးများ ပျော်ရွှင်စွာ ရေချိုးကြခြင်းကို မြင်ရခြင်း၊ တဗွမ်းဗွမ်း ကူးယက်ကြသော ရေသံနှင့်မြူးတူးအော်ဟစ်ကြသော သူငယ်သံများကိုကြားရခြင်း၊ မှော်ပင်ကလေးများ မျောလျက်ရှိသော ရေမှရနံ့တစ်မျိုးကို ရှူရှိုက်ရခြင်း၊ ရေ၏ အေးမြသောအတွေ့ကို စိတ်ကူးဖြင့် လွမ်းရခြင်းတည်းဟူသော အာရုံအမျိုးမျိုးတို့၏ ဆွဲဆောင်မှုကြောင့် ရေဆိပ်တစ်ခုနှင့် တစ်ခုတွင် ကျိတ်၍ခံနိုင်ကြသော်လည်း တတိယ၊ စတုတ္ထ စသည့်ရေဆိပ်များသို့ ရောက်ရာတွင် မူကား တစ်ယောက်၏ မျက်နှာကို တစ်ယောက်ကြည့်နေကြလေပြီ။

ဤအတောအတွင်း အတူတကွရေချိုးနေကြဖြစ်သည့် လူကလေးများက 'ဟေ့ကောင်တွေ လာကြလကွာ၊ အစောကြီးရှိပါသေးတယ်' ဟု ဟစ်ခေါ်လိုက်ကြသောအခါတွင်မူကား ကျွန်ုပ်တို့နှစ်ယောက်သည် စာအုပ်ကလေးများကို ပစ်ချ၊ အဝတ်ကိုချွတ်၍ ပုံပြီးလျှင်ရေထဲသို့ ဒိုင်ဗင်ထိုးဆင်းလိုက်ကြလေတော့သည်။

ရွှေတချောင်းအနောက်ဘက် လမ်း ၂၁ နှင့် ၂၂ လမ်းကြားကို မည်းအိုးတန်းအရပ်ဟုခေါ်၏။ အာဠဝီလမ်းဟုခေါ်သော ၂၂ လမ်းနှင့် ရွှေတချောင်းဆုံရာတွင် ယခင်က ပန်းပုရုပ်လုံးများနှင့် သစ်သားတံတားကြီးရှိပါသည်။ သင်္ချိုင်းတော်တံတားဟု ခေါ်ပါသည်။ အာဠဝီလမ်းအတိုင်း အနောက်ဘက်ဆင်းလိုက်တော့ ဆွေတော်မျိုးတော်များ၏ သင်္ချိုင်းတော်ရှိသည်မဟုတ်လား။ ယခုတော့ သစ်သားတံတားကြီးလည်းမရှိတော့၊ အသားဇရပ်ကြီးများလည်းမရှိတော့။

ထိုတံတားထိပ် ရွှေတချောင်းမြောင်း အနောက်ဘက်တွင် အမှတ် (၁၀) အစိုးရအထက်တန်းကျောင်းရှိသည်။ ဒိုင်အိုသံတဲကျောင်းဟု လူသိများ၏။ ရှေးတုန်းကတော့ ဒေါက်တာမတ်ကျောင်း ဟု ခေါ်ကြသည်။ ၁၈၆၉ ခု (၁၂၃၁ ခုနှစ်) လောက်က ဗြိတိသျှသံတဲဝင်းအတွင်းတွင် မင်းတုန်းမင်းကြီးကိုယ်တိုင် တည်ထောင်ပေးခဲ့သော ကျောင်းဖြစ်သောကြောင့် သံတဲကျောင်းဟု ခေါ်ကြသော်လည်း မူလအမည်မှာ S.P.G. Royal School ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ၊ သံတဲကျောင်းတော်မှတစ်ဆင့် ကနဦး မန္တလေးခေတ်၏ နိုင်ငံခြားဆက်ဆံရေးနှင့်ပညာရေးကို သုံးသပ်လေ့လာကြည့်နိုင်ပါသည်။

***("တောင်မြောက် အရှေ့အနောက်ထောင့်မတ်မန္တလေး" ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# ရွှေစာရံစေတီတော်မြတ်ကြီး ရောင်တော်ဖွင့် အထိမ်းအမှတ် စတုတ္ထအကြိမ်မြောက် မြို့လုံးကျွတ်မဟာနိဗ္ဗာန်ဈေးပွဲတော်ကျင်းပ

**သထုံ ဒီဇင်ဘာ ၂၇**
မွန်ပြည်နယ် သထုံမြို့၏ ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီး ရောင်တော်ဖွင့် အထိမ်းအမှတ် အဖြစ် မြို့လုံးကျွတ် မဟာနိဗ္ဗာန်ဈေးပွဲတော်ကို ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက စေတီတော်မြတ်ကြီးဝန်းကျင်၌ စတုတ္ထ အကြိမ်မြောက်အဖြစ် သထုံမြို့သူ မြို့သားများစုပေါင်း၍ စည်ကားစွာ ကျင်းပခဲ့ကြကြောင်း သိရသည်။

"၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်ကစပြီး စေတီတော်ရဲ့ နေရာအတော်များများမှာ ဓာတ်တော်တွေ ကွန့်မြူးပြီး ရောင်ခြည် တော်ထူးတွေကို မြို့သူ မြို့သားအများအပြားက ရက်အတန်ကြာ ဖူးမြင်ခဲ့ရတယ်။ ဒါကိုပူဇော်တဲ့အနေနဲ့ အခုလို မဟာနိဗ္ဗာန်ဈေး ပွဲတော်ကို ကျင်းပခဲ့ကြတယ်။ နှစ်စဉ်လိုလို ပူဇော်ပွဲကျင်းပနေစဉ် မှာလည်း ရောင်ခြည်တော်ထူးတွေကို ဖူးတွေ့ရတဲ့သူတွေရှိတယ် လို့ ပြောကြတယ်။ ဒီနှစ်က လေးကြိမ်မြောက် ပူဇော်ပွဲပါ"ဟု ဘဏ္ဍာတော်ထိန်း ဂေါပကဥက္ကဋ္ဌ ဦးမောင်ဦးက ပြောကြားသည်။

အဆိုပါပွဲတော်ကို သထုံမြို့နယ်အတွင်းရှိ ဆရာတော် ကြီးများ၏ ဩဝါဒလမ်းညွှန်မှုကို ခံယူကာ မြို့နယ်သံဃနာယက အဖွဲ့၊ စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့နှင့် စေတနာရှင် သံဃနာယက ဥပတ္ထမ္ဘကလူငယ်များအဖွဲ့တို့ ဦးဆောင်မှုဖြင့် ကျင်းပခြင်းဖြစ်ပြီး ပွဲတော်ရက်မတိုင်မီ ဒီဇင်ဘာ ၂၃ ရက်က စတင်ကာ ဝတ်အသင်းအဖွဲ့များက ညစဉ်ဝတ်ရွတ်ပူဇော်ခဲ့ကြ ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ခုလိုအကြီးကျယ်ဆုံး မဟာနိဗ္ဗာန်ဈေးပွဲတော်ကို ပြုလုပ် နိုင်တာ မြို့သားတစ်ယောက်အနေနဲ့ ဂုဏ်ယူမိတယ်။ ဒီပွဲမှာ လှူဖို့အတွက် ကျွန်တော်တို့အဖွဲ့ တစ်နှစ်နီးပါးလောက် ကြိုပြီး စုဆောင်းထားပါတယ်။ အနီးဝန်းကျင်မှာရှိတဲ့ မြို့တွေကပါ လာပြီးဆင်နွှဲကြတာဖြစ်လို့ အစည်ကားဆုံး ပွဲလည်းဖြစ်ပါတယ်" ဟု ဂေါ့ကျေးရွာ လူငယ်များအဖွဲ့က ပြောသည်။

အဆိုပါပွဲတော်ကို ညနေ ၄ နာရီတွင် ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြရာ မွန်၊ ကရင်၊ ပအိုဝ်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ယိမ်းအဖွဲ့များက ညှော့ခံဖျော်ဖြေကြပြီး ရပ်နီးရပ်ဝေးမှ ပွဲတော်လာပရိသတ်များက သထုံမြို့နယ်အတွင်းရှိ အဖွဲ့အစည်း ပေါင်းစုံတို့၏ ဆိုင်ခန်းပေါင်း ၁၀၀ ကျော်မှ စားသောက်ဖွယ်ရာ မျိုးစုံ ကျွေးမွေးလှူဒါန်းသည့် နိဗ္ဗာန်ဈေးပွဲတော်၌ တပျော်တပါး ဝင်ရောက်ဆင်နွှဲခဲ့ကြသည်။ ပူဇော်ပွဲကို ဒီဇင်ဘာလ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ပထမနေ့တွင် မြို့လုံးကျွတ် မဟာနိဗ္ဗာန်ဈေးပွဲတော်နှင့် ဒုတိယနေ့တွင် သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပသွားမည် ဖြစ်ကြောင်း ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ သိရသည်။

**သက်ဦး(သထုံ)**



ရွှေစာရံစေတီတော်မြတ်ကြီး စတုတ္ထအကြိမ်မြောက် မြို့လုံးကျွတ်မဟာနိဗ္ဗာန်ဈေးပွဲတော် ကျင်းပစဉ်



# အလုပ်သမားခဈေးမြင့်၍ ဆောင်းမြေပဲစိုက်တောင်သူများ ဝင်ငွေလျော့

**ရမည်းသင်း ဒီဇင်ဘာ ၂၇**
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ မြေပဲစိုက်ဒေသများ၌ ယခုနှစ်ဆောင်းမြေပဲနုတ်ချိန်တွင် မြေအစိုဓာတ်နည်း၍ မြေအကြောတင်းကာ မြေမာ ခြင်းနှင့် အလုပ်သမားခ ဈေးမြင့်ခြင်းတို့ကြောင့် ဆောင်းမြေပဲစိုက်တောင်သူ များ ဝင်ငွေလျော့နည်းကြကြောင်း သိရသည်။

ရမည်းသင်းမြို့နယ်အတွင်းတွင် မြေပဲကို တစ်နှစ်လျှင် နှစ်ကြိမ်(မိုးမြေပဲ၊ ဆောင်း မြေပဲ) စိုက်ပျိုးကြကြောင်း သိရပြီး ပိုလျှံမှသာရောင်းချကြပြီး အဓိက စားသုံးဆီ အတွက်ဖြစ်သည်။ ယခုနှစ်တွင် မိုးရွာသွန်းမှုများခဲ့၍ အောင်မြင်ဖြစ်ထွန်းမှုနည်းကာ မြေမာသောကြောင့် မြေပဲနုတ်ရာတွင် ရေလောင်း၍ နုတ်ယူရကြောင်း သိရ သည်။ ထို့အပြင် ရေလောင်း၍ နုတ်ယူရန်ခက်ခဲသော အကွက်များ၌ ခက်ရင်းများ ဖြင့်တူးဆွ၍ နုတ်ယူရခြင်းကြောင့် လေလွင့်ဆုံးရှုံးမှုများက ယခင်နှစ်ကထက် များပြားကာ မြေပဲထွက်နှုန်းလျော့နည်းကြောင်း သိရသည်။

" မြေပဲက ထင်သလောက် မထွက်တဲ့အပြင် မြေက မာနေလို့ ရေလောင်း နုတ်ရတယ်။ ဒါကြောင့် မြေပဲနုတ်ဖို့ လူပိုငှားရတယ်။ ပဲနုတ်ခ၊ ပဲဆွတ်ခကလည်း အရင်နှစ်ကထက် ဈေးကြီးတယ်။ ဒီနှစ်ကတော့ တောင်သူလုပ်ငန်း မကောင်းကြဘူး။ မရှုံးရုံတမယ်ဘဲ"ဟု သီးကုန်းကျေးရွာနေ ဆောင်းမြေပဲ စိုက်တောင်သူတစ်ဦးက ပြောသည်။

မြေပဲနုတ်နေ့စားတစ်ဦးလျှင် ငွေကျပ် ၄၀၀၀ ပေးရပြီး မြေပဲဆွတ် (နုတ်ပြီး မြေပဲပင်များမှ မြေပဲတောင့်များခွဲဆွတ်ခြင်း) တစ်တင်းလျှင် ငွေကျပ် ၆၀၀ ပေးရကြောင်း၊ မြေပဲနုတ်ရာတွင် ခက်ခဲ၍ အထွက်နှုန်းနည်းခြင်း၊ နေ့စားလုပ်သားခ တိုးမြှင့်ခြင်းတို့ကြောင့် ယမန်နှစ်ကထက် ဝင်ငွေလျော့နည်းကြကြောင်း သိရ သည်။

**အတ်ကလေး(ရမည်းသင်း)**

## လိုင်အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေး ဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၂၇**
မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ရန်ကုန်)က ကြီးမှူး၍ လိင်အကြမ်းဖက်မှုဆိုင်ရာနှင့် သက်ငယ်မုဒိမ်းမှုဆိုင်ရာ ဖြေလျှော့ ပပျောက်ရေး အသိပညာပေး စာပေဟောပြောပွဲကို ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၈၉)ရပ်ကွက် ပဏ္ဍိတာရာမ ကျောင်းတိုက်ဝင်း၌ ဒီဇင်ဘာ ၂၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် ရုပ်ရှင်ဒါရိုက်တာ ဦးကြည်စိုးထွန်းက မင်္ဂလာရှိသော မိန်းကလေးများခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမ (ယဉ်မင်းဦးဆေးတက္ကသိုလ်)ဒေါက်တာနိုက်တင်ဂေးလ်က မုန့်ဖုတ်သူရဲ့မကျက်တကျက်ပေါင်မုန့်များ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အသံတုဝိဇ္ဇာရဲမြင့်လေးက မုဒိမ်းမှုများရဲ့ရှင်ခုန်သံ ဟူသောခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောခဲ့ ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မိုးကုတ်မြို့နယ်၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အားလိုင်း စတင်ဖွင့်

**မိုးကုတ် ဒီဇင်ဘာ ၂၇**
မိုးကုတ်မြို့ ရေပူကုလားကုန်းရပ်နေ ပြည်သူများအနေဖြင့် မိမိတို့ရပ်ကွက် အတွင်း ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက် စေရေးအတွက် ရည်ရွယ်ကာ မဟာ ဓာတ်အားလိုင်းမှ ကိုယ့်အားကိုယ်ကိုး သွယ်တန်းဆောင်ရွက်ခဲ့သည့် လျှပ်စစ် မီးကို ဒီဇင်ဘာ ၂၅ ရက်က ဖွင့်လှစ်ခဲ့ ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကံထူး၊ မြို့နယ် လျှပ်စစ်မန်နေဂျာ ဦးဝင်းအောင်နှင့် ဂေါ်ရခါးလူမှုရေးအဖွဲ့မှ ဦးပရင့်ဘာဒူး တို့က လျှပ်စစ်ထရန်စဖော်မာအိုးနှင့် လျှစ်စစ်ဓာတ်အားလိုင်းသစ်တို့ကို ဖွင့် လှစ်ပေးခဲ့သည်။

ဆက်လက်၍ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံထူးက အမှာစကားပြောကြားခဲ့ပြီး မြို့နယ် လျှပ်စစ်မန်နေဂျာက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ တစ်နိုင်ငံလုံး မီးလင်းရေး စီမံချက်ချမှတ်အကောင် အထည်ဖော်မှု အခြေအနေများ၊ မြို့နယ် လျှပ်စစ်မန်နေဂျာရုံး ဝန်ထမ်းများ၏ လျှပ်စစ်နှင့်ပတ်သက်၍ ဆောင်ရွက်ပေး လျက်ရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများ ကို ချပြခဲ့ပြီး လျှပ်စစ်ဓာတ်အား သုံးစွဲ ကြသူများအနေဖြင့် အရည်အသွေး ပြည့်မီသော ပစ္စည်းများ သုံးစွဲကြရန်နှင့် အန္တရာယ်ကင်းရှင်းရေးအတွက် လျှပ်စစ် မီး စနစ်တကျ အလေးထားအသုံးပြု ကြရန် ပြောကြားခဲ့သည်။



ထို့နောက် ရေပူကုလားကုန်းရပ် မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က ကျေးရွာမီးလင်းရေးနှင့် လျှပ်စစ် ဓာတ်အားလိုင်းသွယ်တန်းရေး ကြိုးစား ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်း တင်ပြခဲ့ပြီး ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးဒါနပတိက "ကျွန်တော်တို့ ရေပူကုန်း ရပ်ကွက်က လွန်ခဲ့တဲ့နှစ် ၁၀၀ ခန့်က စတင်တည်ထောင်ခဲ့တဲ့ ကျေးရွာဖြစ်ပြီး တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင် ကာ ယခင်က အလင်းရောင်ရရှိရေး အတွက် ဖယောင်းတိုင်၊ ရေနံဆီမီး ကိုသာ အသုံးပြုခဲ့ရပြီး ယခုအခါ အစိုးရ လျှပ်စစ်မီး သုံးစွဲနိုင်တော့မှာဖြစ်တဲ့ အတွက် အလွန်ဝမ်းသာမိပါတယ်။ လျှပ်စစ်မီး သွယ်တန်းရေးအတွက် ကိုယ်ကျိုးစွန့်ကာ ဆောင်ရွက်ပေးခဲ့ သည့် မီလင်းရေးကော်မတီဝင်များ၊ အဘက်ဘက်မှ ပါဝင်ကူညီဆောင်ရွက် ပေးခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ နှင့် အလှူရှင်များအားလုံးကို ကျေးရွာသူ ကျေးရွာသားများကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါတယ် "ဟု ပြောကြားခဲ့ သည်။

**နေဝါ (မိုးကုတ်)**

## မှူခင်းဆိုင်ရာများ အသိပညာပေး ဟောပြော

**ပြည် ဒီဇင်ဘာ ၂၇**
ပဲခူးတိုင်းဒေသကြီး ပြည်မြို့ဘူတာကြီးစကြံပေါ်၌ ခရီးသွားပြည်သူများသွားလာရာတွင် မှုခင်းများ မဖြစ်ပေါ်စေရေးအတွက် ဆောင်ရန်၊ ရှောင်ရန်များနှင့် မြန်မာ့မီးရထားပိုင်ပစ္စည်းများကို မိမိတို့ရှေ့မှောက်၌ အဖျက်လုပ်ငန်း များ လုပ်ဆောင်နေသည်ကို တွေ့ရှိပါက တာဝန်ရှိသူများ အချိန်မီဆောင်ရွက်နိုင်ရန် မြန်မာ့မီးရထား၌ လုံခြုံရေးလိုက်ပါဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များအား ချက်ချင်းအသိပေးအကြောင်းကြားနိုင်ကြောင်း ဒီဇင်ဘာ ၂၃ ရက်က မှုခင်းဆိုင်ရာများ အသိပညာပေးဟောပြောပွဲတွင် ပြည်ရထားရဲစခန်းမှ စခန်းမှူး ရဲအုပ်ကျော်မင်းဦးနှင့် ပြည်ဘူတာကြီးမှ တာဝန်ခံဦးမျိုးမင်းနိုင်တို့က ပြောကြားသည်။ ထို့နောက် အသိပညာပေးဥပဒေ လက်ကမ်းစာစောင်များကို ရထားရဲတပ်ဖွဲ့ဝင်များနှင့်ဘူတာကြီးမှဝန်ထမ်းများက ပြည်သူများအားဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ပဲလေ့စ်တောင်ပံတိုက်စစ်မှူး ဇာဟာကို စပါးခေါ်ယူဖို့ ပြင်ဆင်နေ

စပါးအသင်းက ခရစ္စတယ်ပဲလေ့စ်တောင်ပံတိုက်စစ်မှူး ဇာဟာကို ခေါ်ယူဖို့ ပြင်ဆင်နေတယ်လို့ ဆိုပါတယ်။ ဩဂုတ်လတွင်းက ပဲလေ့စ်အသင်းဥက္ကဋ္ဌ စတီပါရစ်က ဇာဟာကို ပေါင် ၁၂ သန်းနဲ့ ခေါ်ယူဖို့ ကမ်းလှမ်းခဲ့တယ်လို့ ဆိုပါတယ်။

ပြီးခဲ့တဲ့သီတင်းပတ်က အလန်ပါဒူးကို ပဲလေ့စ်က အလုပ်မှဖယ်ရှားလိုက်ပြီးနောက် စပါးကခေါ်ယူဖို့ ပစ်မှတ်ထားလာပါတယ်။ ဇာဟာအနေနဲ့ အလန်ပါဒူးလက်ထက်မှာ မျက်နှာသာပေးခံရတဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိတဲ့ တောင်ပံတိုက်စစ်မှူး ဇာဟာကို နည်းပြသစ်ဖြစ်လာတဲ့ ဆမ်အလာဒိုက်စ်က ရောင်းထုတ်သွားဖို့ရှိနေပါတယ်။ စပါးအသင်းနည်းပြ ပိုချက်တီနိုကလည်း ဇာဟာကို လိုလိုလားလားရှိနေပါတယ်။ အိုင်ဗရီကို့စ်ကစားသမား ဇာဟာကို စပါးအသင်းက အရခေါ်ယူသွားဖွယ်ရှိနေပါတယ်။



## နှစ်ဟောင်းကို နှုတ်ဆက်ပြီး နှစ်သစ်ကို ကြိုဆိုမယ့် ပရီမီယာလိဂ်ပွဲစဉ်(၁၉)



**မိုးမြင့်လင်းလက်**

၂၀၁၆ ခုနှစ်ကို နှုတ်ဆက်ပြီး ၂၀၁၇ ခုနှစ်ကို ကြိုဆိုမယ့် ပရီမီယာလိဂ်ပွဲစဉ်(၁၉)ကိုတော့ ဒီဇင်ဘာ ၃၁ ရက်နဲ့ ဇန်နဝါရီ ၁ ရက်တွေမှာ ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ လီဗာပူးနဲ့ မန်စီးတီးတို့ရဲ့ပွဲက ပရိသတ်အကြိုက်ပွဲစဉ်အဖြစ် မြင်တွေ့ရမှာဖြစ်သလို မန်ယူက အိမ်ကွင်းမှာ မစ်ဒယ်ဘရော့ကို ညှိခံရမှာဖြစ်ပါတယ်။ ထိပ်တန်းအသင်းတွေအတွက်ကတော့ ဒီပွဲစဉ်မှာ အမှတ်ပြည့်ရယူစုဆောင်းနိုင်ရေးကိုပဲ အာရုံပြုပုံဖော်ကြမှာဖြစ်ပါတယ်။

**လီဗာပူးနှင့် မန်စီးတီး**

လီဗာပူးမှာ မာနေးက ရှစ်ဂိုး၊ လယ်လာနာက ခြောက်ဂိုးသွင်းယူထားသလို မန်စီးတီးမှာလည်း အဂူရိုက ၁၀ ဂိုး၊ စတာလင်က ငါးဂိုးသွင်းယူထားပါတယ်။ ဒီနှစ် ပရီမီယာလိဂ်မှာ အိမ်ကွင်းရှုံးပွဲမရှိသေးတဲ့ လီဗာပူးတို့က ပုံမှန်ခြေစွမ်းရဖို့ ကြိုးစားနေရတဲ့ မန်စီးတီးကို အနိမ့်ဆုံးသရေကစားပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ပွဲရလဒ်ကိုကြည့်ရင် လီဗာပူးက သုံးပွဲနိုင်ပြီး မန်စီးတီးက တစ်ပွဲနိုင်ကာ သရေတစ်ပွဲဖြစ်ထားပါတယ်။ အခုပွဲဟာ နှစ်သင်းစလုံးနိုင်ပွဲ လိုအပ်နေတာမို့ အနိုင်ဆိုရင် အိမ်ရှင်ဖြစ်နိုင်ပါတယ်။

**ဘန်လေနှင့် ဆန်းဒါးလန်း**

အိမ်ကွင်းမှာ အမှတ်ဆုံးရှုံးမှုမရှိအောင် ကစားနိုင်တဲ့ ဘန်လေဟာ အခုပွဲကို အကောင်းဆုံးကစားသမားတွေနဲ့ စုဖွဲ့ပြီး ပွဲထွက်လာပါလိမ့်မယ်။ ဘန်လေဟာ အဝေးကွင်းရလဒ်မကောင်းတတ်ပေမယ့် တိုက်စစ်ပိုင်းမှာ ရဲရဲဖွင့်ပြီး အားထုတ်တတ်တာမို့ ဆန်းဒါးလန်းတို့ သတိထားကစားမှ ရပါလိမ့်မယ်။ ဆန်းဒါးလန်းတို့က အခုတလော ရလဒ်ကောင်းအောင်ကစားနိုင်ရေး ကြိုးစားလာတာမို့ ဒီပွဲဟာ သရေဖြစ်နိုင်ပေမယ့် ဆန်းဒါးလန်းတို့ အောင်ပွဲခံနိုင်ဖို့ များပါတယ်။

**မန်ယူနှင့် မစ်ဒယ်ဘရော့**

ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှု မှတ်တမ်းကိုကြည့်ရင် မန်ယူတို့ ရှုံးပွဲမရှိခဲ့ပါဘူး။ မစ်ဒယ်ဘရော့တို့က အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်ပေမယ့် အဝေးကွင်းမှာဆိုရင် ခြေစွမ်းကျဆင်းတတ်ပါတယ်။ နိုင်ပွဲတွေ ပြန်လည်ရယူနေတဲ့ မန်ယူဟာ မစ်ဒယ်ဘရော့ကို ခက်ခက်ခဲခဲကစားပြီး နိုင်ပွဲရရှိရေး အားထုတ်ပါလိမ့်မယ်။ ရှုံးပွဲတွေဆက်နေတဲ့ မစ်ဒယ်ဘရော့အတွက် ဒီပွဲဟာ မျှော်လင့်ချက်ထားလို့မရနိုင်တဲ့ အနေအထားပါပဲ။

**လက်စတာနှင့် ဝက်စ်ဟမ်း**

လက်စတာတို့လည်း ပွဲတိုင်းရုန်းကန်နေရတာမို့ အခုပွဲဝက်စ်ဟမ်းကို အကြိတ်အနယ်နွှဲရမယ့် အနေအထားဖြစ်နေပါတယ်။ ဝက်စ်ဟမ်းနဲ့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှာတော့ လက်စတာတို့ ရှုံးပွဲမရှိခဲ့ပါဘူး။ ဝက်စ်ဟမ်းတို့ကတော့ အသင်းလိုက်ကစားအားကောင်းပြီး မထင်မှတ်ဘဲ ကစားအားကောင်းတတ်တာမို့ အိမ်ကွင်းဆိုပေမယ့် လက်စတာတို့ အခြေအနေဆိုးနဲ့ ကြုံတွေ့ရနိုင်ပါတယ်။ ဒီပွဲရဲ့ အဖြစ်နိုင်ဆုံးရလဒ်က ဂိုးမပြတ်ပေမယ့် လက်စတာတို့ နိုင်ပွဲဖြစ်ပါတယ်။

**ဟားလ်စီးတီးနှင့် အဲဗာတန်**

ရလဒ်တွေမတည်မငြိမ်ဖြစ်နေတဲ့ ဟားလ်စီးတီးတို့လည်း အဲဗာတန်ကို ခက်ခက်ခဲခဲကျော်ဖြတ်ရဖို့ရှိနေပါတယ်။ အာဆင်နယ်ကို အနိုင်ကစားခဲ့တဲ့ အဲဗာတန်ရဲ့ ခြေစွမ်းပြန်ရရင်တော့ ဟားလ်စီးတီးတို့ မလွယ်ပါဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်ကိုကြည့်ရင် တစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲဖြစ်ထားပါတယ်။ ဒီပွဲမှာ အမှတ်လိုအပ်နေတဲ့ ဟားလ်စီးတီးတို့ အနိမ့်ဆုံးတစ်မှတ်ရအောင် ကြိုးစားပြီး အမှတ်စုဆောင်းပါလိမ့်မယ်။

**ဆောက်သမ်တန်နှင့် ဝက်စ်ဘရွန်း**

ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှုကိုကြည့်ရင် တစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲဖြစ်ထားပါတယ်။ ဝက်စ်ဘရွန်းတို့က တစ်ခါတစ်ရံ ခံစစ်ဦးစားပေးကစားတတ်တာမို့ ဆောက်သမ်တန်တို့ သတိပြုကစားရပါလိမ့်မယ်။ နှစ်သင်းစလုံးခြေစွမ်းကွာဟမှု သိပ်မရှိတာကြောင့် သရေရလဒ်က ဒီပွဲရဲ့အသင့်တော်ဆုံးဖြစ်မယ်လို့ ယူဆပါတယ်။

**ချယ်လ်ဆီးနှင့် စတုတ်**

စတုတ်နဲ့ဆုံတိုင်း ချယ်လ်ဆီးတို့ ပွဲကျပ်အဖြစ် ကြုံတွေ့ရပြီး ကံမကောင်းတတ်ပါဘူး။ ချယ်လ်ဆီးကို ဘယ်လိုကစားရမယ်ဆိုတာ ကောင်းကောင်းသိထားတဲ့ စတုတ်တို့ကတော့ အဝေးကွင်းဆိုပေမယ့် ဒီပွဲမှာ အမှတ်ရအောင် ယူပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှုကိုကြည့်ရင် စတုတ်က တစ်ပွဲနိုင်ပြီး နှစ်ပွဲသရေဖြစ်ထားပါတယ်။ သရေပွဲတွေဆက်တိုက်ဖြစ်ပေါ်နေတဲ့ စတုတ်ဟာ ချယ်လ်ဆီးဆီက အမြင့်ဆုံးမျှော်လင့်နိုင်တာက သရေဖြစ်ပါတယ်။

**ဆွမ်ဆီးနှင့် ဘုန်းမောက်**

ဆွမ်ဆီးနဲ့ဆုံတိုင်း အနိုင်ကစားတတ်တဲ့ ဘုန်းမောက်ဟာ အဝေးကွင်းဆိုပေမယ့် ဆွမ်ဆီးကို အခက်တွေ့အောင် အားထုတ်နိုင်ပါတယ်။ အခုတလော ဘုန်းမောက်တို့က အဝေးကွင်းမှာ အမှတ်ရအောင် ကြိုးစားလာနိုင်တာကြောင့် ဆွမ်ဆီးတို့ သတိပြုကစားမှ ရပါလိမ့်မယ်။ ဆွမ်ဆီးနဲ့ဆုံတိုင်း အသာစီးရအောင် ကြိုးစားနိုင်တဲ့ ဘုန်းမောက်တို့ အခုပွဲမှာ အနိုင်ရလဒ်ကို ထွေးပွေ့ထားနိုင်ပါတယ်။

## ချယ်လ်ဆီးနဲ့အတူ ဖလားမျှော်လင့်ထားတဲ့ ဂျွန်တယ်ရီ

ဇန်နဝါရီလအပြောင်းအရွှေ့ရာသီမှာ တရုတ်လိဂ်မှ ငွေပုံအောပြီး ခေါ်ယူနေပေမယ့် ပြောင်းရွှေ့ချင်တဲ့ ဆန္ဒမရှိဘူးလို့ ချယ်လ်ဆီးအသင်းရဲ့ ဝါရင့်ခံစစ်မှူး ဂျွန်တယ်ရီက ဆိုပါတယ်။

ဂျွန်တယ်ရီဟာ လက်ရှိချယ်လ်ဆီးအသင်းရဲ့ အောင်မြင်နေမှုအနေအထားကို ကြည့်ပြီး ဖလားရယူဖို့ မျှော်လင့်နေပါတယ်။ ချယ်လ်ဆီးအသင်းဟာ ဒီနှစ်ရာသီမှာ ပရီမီယာ လိဂ်ဖလားကို ဆွတ်ခူးနိုင်မယ့် အလားအလာကောင်းတဲ့ လမ်းကြောင်းပေါ် ရောက်ရှိနေပါတယ်။ ချယ်လ်ဆီးအသင်းနဲ့ ဂျွန်တယ်ရီတို့ဟာ သမိုင်းအစဉ်အလာကြီးခဲ့ပါတယ်။ ချယ်လ်ဆီးရဲ့ သမိုင်းတစ်လျှောက် ဂျွန်တယ်ရီက ဖလားတွေ ဆက်တိုက်ဆွတ်ခူးပေးခဲ့ပါတယ်။ ဒီနှစ်မှာလည်း ပရီမီယာလိဂ်ဖလားကို ကိုင်မြှောက်မယ့် လမ်းကြောင်းပေါ် ရောက်ရှိနေပြီဖြစ်ပါတယ်။ ကွမ်ကျိုးအဲဗားဂရိတ်ကတော့ ချယ်လ်ဆီးနဲ့ သက်တမ်းအကုန်မှာ ခေါ်ယူသွားဖို့ မျှော်လင့်ထားခဲ့တာပါ။ သို့ပေမယ့် ချယ်လ်ဆီးအသင်းရဲ့ ခေါင်းဆောင် ဂျွန်တယ်ရီကတော့ နွေရာသီအထိတိုင်အောင် အပြောင်းအရွှေ့ကိစ္စကို မစဉ်းစားဘူးလို့ ဆိုပါတယ်။ ဂျွန်တယ်ရီဟာ ချယ်လ်ဆီးအသင်းနဲ့အတူ ပုံမှန်ပြန်ကစားမှုတွေလုပ်နိုင်ဖို့ လေ့ကျင့်မှုတွေလည်း ပြုလုပ်လျက်ရှိပါတယ်။



## တန်ဖိုးမဖြတ်နိုင်တဲ့ တိုက်စစ်မှူးလို့ဆိုတဲ့ ဂျာမိန်းဒီဖိုး

ဝက်စ်ဟမ်းအသင်းအနေနဲ့ အသက် ၃၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျာမိန်းဒီဖိုးကို ပေါင်ခြောက်သန်းနဲ့ ခေါ်ယူဖို့ ပြင်ဆင်နေပါတယ်။ ဂျာမိန်းဒီဖိုးဟာ တန်ဖိုးမဖြတ်နိုင်တဲ့ တိုက်စစ်မှူးလို့ ဆိုပါတယ်။ ဒီအတွက် ဝက်စ်ဟမ်းအသင်းကို ခေါ်ယူစာချုပ် မချုပ်ဆိုဖို့ ဆန်းဒါးလန်းနည်းပြ ဒေးဗစ်မိုယက်စ်က တိုက်တွန်းလိုက်ပါတယ်။

ဒီဖိုးဟာ ဒီနှစ်ထဲမှာ ၁၉ ဂိုးသွင်းယူထားပါတယ်။ ဆန်းဒါးလန်းအတွက်တော့ ဒီဖိုးထွက်ခွာသွားရင် စိုးရိမ်ရတဲ့အနေအထားမှာ ရှိနေပါတယ်။ ဒီဖိုးရဲ့အရည်အသွေး တန်ဖိုးကို မသတ်မှတ်လိုဘူးလို့ နည်းပြ မိုယက်စ်က ဆိုပါတယ်။ တိုက်စစ်မှူး ဒီဖိုးဟာ ကိုယ်တိုင်ဂိုးသွင်းနိုင်သလို တခြားကစားသမားတွေကိုလည်း ဂိုးသွင်းနိုင်အောင် ပံ့ပိုးပေးနိုင်သူလို့ ဆိုပါတယ်။

ဒီဖိုးဟာ ဒီနှစ်ထဲမှာ ဆန်းဒါးလန်းအတွက် သိသိသာသာခြေစွမ်းပြကစားတဲ့သူဖြစ်ပါတယ်။ အခြားအသင်းတွေရဲ့ ကမ်းလှမ်းလာမှုကိုလည်း ကန့်ကွက်သွားမယ်လို့ နည်းပြ မိုယက်စ်က ဆိုပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**



# လှိုင်သာယာစက်မှုဇုန် သန့်ရှင်းသာယာလှပရေး ဝိုင်းဝန်းပြုပြင်ကြဖို့ အချိန်တန်ပြီ

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော စက်မှုဇုန်များတည်ရှိနေပြီး ထိုအထဲတွင် စီးပွားရေးအရအရေးပါသော စက်မှုဇုန်မှာ ရန်ကုန်မြို့၏ လှိုင်သာယာစက်မှုဇုန်ကြီးပင်ဖြစ်သည်။ ဇုန်ပေါင်း ၁၂ ဇုန်ရှိပြီး စက်ရုံပေါင်း ၆၀၀ ကျော်ရှိသော စက်မှုဇုန်ကြီးလည်း ဖြစ်သည်။ ဝေဟင်မှကြည့်လျှင် စက်မှုဇုန်တည်ဆောက်ထားမှုမှာ လှပသေသပ်သည့်အတွက် တစ်ချိန်က အိမ်နီးချင်းနိုင်ငံများ အားကျခဲ့ရသော စက်မှုဇုန်ကြီးတစ်ခုလည်း ဖြစ်ခဲ့သည်။

နောက်ပိုင်းတွင် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှု အားနည်းခဲ့သည့်အတွက် ယနေ့တွင် လှိုင်သာယာစက်မှုဇုန်ကြီးအတွင်း လမ်းများ၊ စက်ရုံများ၊ ဇုန်ဧရိယာများ၊ ဇုန်ဆိုင်းဘုတ်များနှင့် ရေမြောင်းများ ပျက်စီးလျက် ကျူးကျော်တဲများအစီအရီဖြင့် စက်မှုဇုန်၏အလှမှာ ပျက်စီးလျက်ရှိသည်။ အထူးသဖြင့် ရွှေလင်ပန်းစက်မှုဇုန်သည် လမ်းများပျက်စီးနေ၍ ကွန်တိန်နာယာဉ်များ သွားလာရေးခက်ခဲလျက်ရှိသည်။ စက်မှုဇုန်(၅)သည် ရေမြောင်းများ ပိတ်ဆို့ပျက်စီးလျက်ရှိကာ ရေစီးရေလာမကောင်းတော့သလို စက်မှုဇုန်တစ်ခု၏အင်္ဂါ ပျောက်ကွယ်စေသော ရေမြောင်းပေါ်တွင် ဝက်မွေးမြူရေးလုပ်ဆောင်ခြင်း၊ ကားလမ်းပေါ်အထိ တက်ရောက်လုပ်ကိုင်နေကြခြင်း၊ ကျူးကျော်ဈေးဆိုင်နှင့် လူနေကျူးကျော်တဲများ ခွင့်ပြုထားခြင်းတို့ကြောင့် စက်မှုဇုန်အလှ ပျက်စီးနေသည့်အပြင် လူမှုရေးပြဿနာများလည်း ဖြစ်ပေါ်လျက်ရှိသည်။

လှိုင်မြစ်နံဘေးတွင်ရှိသော စက်မှုဇုန်၏ ရေမြောင်းများအတွင်းမှ စွန့်ပစ်ရေများ စီးဆင်းမှုအားနည်းနေခြင်း၊ ရန်ကုန်-ပုသိမ်ကားလမ်းဘေး စက်မှုဇုန်ဧရိယာတွင် ကျူးကျော်နေထိုင်သူများ၏ စွန့်ပစ်ပစ္စည်းများ တစ်နှစ်ထက်တစ်နှစ်များပြားလာပြီး ရေစီးရေလာ လုံးဝမရှိတော့ခြင်းတို့သည် စက်မှုဇုန်၏အလှနှင့် ကုန်ထုတ်စွမ်းအားကို ထိခိုက်စေလျက်ရှိနေသည်။ စက်မှုဇုန်အတွင်းရှိ ရေမြောင်းများအတွင်း၌ ရွံ့နွံနှင့် ဓာတုစွန့်ပစ်ရေများ၊ အမှိုက်များသည် ပြည့်လျက်ရှိပြီး မိုးရာသီတွင် ရေညက်ကျေးရွာအနီးရှိ စက်မှုဇုန်ကွန်ကရစ်လမ်းပေါ်တွင် စက်ရုံမှစွန့်ပစ်ရေများ လျှံတက်မှုကြောင့် ဖြတ်သန်းသွားလာသောပြည်သူတို့ ကျန်းမာရေး ထိခိုက်မှုများ ကြုံတွေ့နေရလျက်ရှိသည်။

စက်မှုမြို့မှကြိုဆိုပါ၏ ဆိုင်းဘုတ်အောက်တွင် စွန့်ပစ်အမှိုက်များ ပြည့်လျှံနေပြီး လှိုင်သာယာစက်မှုဇုန် ကနောင်ခန်းမဝင်းအတွင်း၌ပင် မိုးရာသီရောက်ပါက ရေဖွေးဖွေးမြုပ်လျက်ရှိနေသည်မှာ ယခုနှစ် မိုးရာသီအထိပင်ဖြစ်သည်။ ကနောင်ခန်းမရှေ့ ရေမြောင်းအတွင်း၌ ရေဆိုးများခိုအောင်းလျက်ရှိပြီး ဇုန်(၁)မှ(၄)အထိ ရေမြောင်းများအတွင်း ရေဆိုးများဝပ်နေကာ မိုးရာသီတွင် လမ်းများပေါ်ရေလျှံခြင်းကို အများဆုံး တွေ့ကြုံနေရလျက်ရှိသည်။

နာမည်ကြီး အချိုရည်စက်ရုံတစ်ခုဘေးတွင် နွေရာသီ၌ပင် စက်ရုံအတွင်းမှ စွန့်ပစ်ရေများ ကားလမ်းပေါ်လျှံကျကာ ရေဝပ်လျက်ရှိသည်။ စက်ရုံဝင်းအတွင်း ရေစီးရေလာမရှိသည့်အပြင် စက်ရုံနံဘေး စည်းရိုးရေမြောင်း မရှိတော့သည့်အတွက် ထိုစက်ရုံမှ စွန့်ပစ်ရေများကို အပြင်သို့ ပိုက်ဖြင့်စွန့်ပစ်သောကြောင့် ထိုအချိုရည်စက်ရုံ၏ ဝဲဘက်အခြမ်းရှိ ကွန်ကရစ်လမ်းတွင် ရေများဝပ်နေခြင်းဖြစ်သည်။ ထို့အတူ အထည်ချုပ်စက်ရုံ၊ ဆပ်ပြာစက်ရုံ၊ အရက်ချက်စက်ရုံ၊ မုန့်စက်ရုံနှင့် ပုစွန်စက်ရုံတို့မှ စွန့်ပစ်သောရေများသည်လည်း လှိုင်မြစ်အတွင်း စီးဆင်းမှုအားနည်းသည့်အတွက် စက်မှုဇုန်များအတွင်း၌ ရေဆိုးများ၏ အနံ့အသက်များ လွင့်ပျံ့နေလျက်ရှိသည်။

စက်မှုဇုန်ရေမြောင်းများ ရေစီးရေလာမကောင်းသည့်အပြင် လမ်းပေါ်တွင်လည်း စက်ရုံမှပစ္စည်းများဖြင့် သွားလာမှုခက်ခဲစေလျက်ရှိကာ စွန့်ပစ်အမှိုက်ပုံများမှာလည်း စက်မှုဇုန်တိုင်းတွင် ရှိနေပါသည်။ ရေညက်ကျေးရွာ ဘုန်းကြီးကျောင်းနံဘေးမှ စက်ရုံအသီးသီး၏ စွန့်ပစ်အမှိုက်ပုံကြီးများမှာ အမြင့်နှစ်ပေအထိရှိနေပြီး ကျေးရွာ၏သောက်သုံးရေသုံးစွဲမှုအတွက် ရေရှည်တွင် အန္တရာယ်ရှိစေနိုင်ပါသည်။ စက်ရုံအချို့သာလျှင် မိမိစက်ရုံသန့်ရှင်းသာယာလှပစေရန် အထူးဆောင်ရွက်ထားပြီး စက်ရုံအများစုသည် ပျက်စီးနေသော ရေထွက်မြောင်းများ၊ စက်ရုံတွင်း အမှိုက်ပုံများဖြင့် စက်ရုံတစ်ခု၏အင်္ဂါနှင့်မကိုက်ညီဘဲ လိုအပ်ချက်များရှိနေပါသည်။

မြန်မာတစ်ပြည်လုံးရှိ စက်ရုံများ စက်မှုဇုန်အင်္ဂါချွတ်ယွင်းနေခြင်းထက် မြန်မာပြည်၏အကြီးဆုံးဖြစ်သော လှိုင်သာယာစက်မှုဇုန်အလှ ပျက်စီးနေခြင်းသည် နိုင်ငံ၏ပုံရိပ်၊ စက်မှုလုပ်ငန်းနှင့် ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံမှုတို့၏ ပုံရိပ်တို့ကို ထိခိုက်စေမည်မှာ အမှန်ပင်ဖြစ်သည်။ စက်မှုဇုန်သာယာလှပခြင်း၏ အကျိုးကျေးဇူးသည် ရန်ကုန်မြို့၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့်လည်း တိုက်ရိုက်သက်ဆိုင်လျက်ရှိသည်။ စက်မှုဇုန်အားလုံးတွင် ရေစီးရေလာမကောင်းသည့် ပြဿနာများ၊ ကျူးကျော်ဈေးဆိုင်နှင့် ကျူးကျော်နေထိုင်မှုပြဿနာများရှိနေသည့်အတွက် အမြန်ဆုံး ဖြေရှင်းဆောင်ရွက်နိုင်မှသာ စက်မှုကဏ္ဍ၏ ရှေ့လုပ်ငန်းစဉ်များကို ထည်ထည်ဝါဝါဖြင့် အကောင်အထည်ဖော်ဆောင်နိုင်မည်ဖြစ်သည်။

**မြန်မာနိုင်ငံ၏ အရေးပါသော လှိုင်သာယာစက်မှုဇုန်ကြီးကို သန့်ရှင်းသပ်ရပ်လှပ၍ စည်းကမ်းရှိသော စက်မှုဇုန်ကြီးအဖြစ် အိမ်နီးချင်းနိုင်ငံများက အားကျ လေ့လာစိတ်ဝင်စားသည့် အခြေအနေမျိုး ပြန်ဖြစ်လာအောင် အကောင်အထည်ဖော်သင့်**

မြန်မာနိုင်ငံ၏ အရေးပါသော လှိုင်သာယာစက်မှုဇုန်ကြီးကို သန့်ရှင်းသပ်ရပ်လှပ၍ စည်းကမ်းရှိသော စက်မှုဇုန်ကြီးအဖြစ် အိမ်နီးချင်းနိုင်ငံများက အားကျလေ့လာစိတ်ဝင်စားသည့် အခြေအနေမျိုး ပြန်ဖြစ်လာအောင် အကောင်အထည်ဖော်သင့်သည့်အချိန်ဖြစ်ရာ လှိုင်သာယာစက်မှုဇုန်နှင့် ပတ်သက်နေသူအားလုံးအနေဖြင့် စက်မှုဇုန်သန့်ရှင်းသာယာလှပရေးအတွက် ပြုပြင်သင့်သည်များကို ဝိုင်းဝန်း၍ ဆောင်ရွက်ကြရမည့်အချိန် ရောက်ရှိနေပြီဖြစ်ပေသည်။

**ဆောင်းပါး - မြင့်မြတ်သစ္စာ**

---

# လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းအရောင်းဆိုင် ဖွင့်ပွဲကျင်းပ

**ညောင်ဦး ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အမှတ်(၇)နယ်မြေ ဝက်ကြီးအင်းရပ်တွင် လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းအရောင်းဆိုင် ဖွင့်ပွဲကို ဒီဇင်ဘာ ၂၅ရက်က ကျင်းပခဲ့သည်။



အဆိုပါ အရောင်းဆိုင်တွင် စားသောက်ကုန်၊ လူသုံးကုန်၊ အထည်အလိပ်နှင့် အခြားကုန်ပစ္စည်းမျိုးစုံ၊ ဒေသထွက်ပစ္စည်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ ပဲဆီ၊ နှမ်းဆီများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချသွားမည်ဖြစ်သလို အများပြည်သူ ဝယ်ယူသုံးစွဲနိုင်စေရန် လချင်းဆပ် ကုန်ကြွေးစနစ်၊ လက်ငင်းငွေချေစနစ်များဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်ဖွင့်ပွဲတွင် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အမှတ်(၇)ရပ်ကွက် လယ်ယာနှင့် စီးပွားရေးလုပ်ငန်း သမဝါယမအသင်းဥက္ကဋ္ဌ ဦးအေးတို့က အရောင်းဆိုင်ခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှူး ဦးကျော်ကျော်ထွန်းနှင့် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးစန်းလွင်တို့က အမှာစကားပြောကြားကာ ဧည့်သည်တော်များက အရောင်းဆိုင်ခန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။

အမှတ်(၇)ရပ်ကွက် လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း အရောင်းဆိုင်အဆောက်အအုံကို အသင်းပိုင်မြေနေရာ ဝ ဒသမ ၁၃ ဧကပေါ်တွင် ဆောက်လုပ်ထားပြီး အသင်းပိုင် အဆောက်အအုံဖြစ်ကြောင်း၊ ရပ်ကွက်သမဝါယမအသင်းကို အသင်းသား ၇၃၆ ဦး၊ အသင်းအမှုဆောင် ခုနစ်ဦး၊ အသင်းသား စာရင်းစစ်နှစ်ဦးဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**



# မွန်ပြည်နယ်လုံးဆိုင်ရာ စုပေါင်းသွေးလှူကုသိုလ်ရှင်အသင်း နှစ်ပတ်လည်အခမ်းအနားကျင်းပ

**သံဖြူဇရပ် ဒီဇင်ဘာ ၂၇**

မွန်ပြည်နယ်လုံးဆိုင်ရာ စုပေါင်းသွေးလှူကုသိုလ်ရှင်အသင်း ဖွဲ့စည်းခြင်းသုံးနှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို သံဖြူဇရပ်မြို့ အောင်ချမ်းသာမွန်ပရိယတ္တိစာသင်တိုက်၌ ဒီဇင်ဘာ ၂၅ ရက်ကကျင်းပခဲ့သည်။

အခမ်းအနားတွင် အသင်းနာယက ဆရာတော်ဘဒ္ဒန္တဝံသဟံသာက ဩဝါဒမိန့်ကြားပြီး အမှတ်(၅) ခုတင် (၃၀၀) တပ်မတော်ဆေးရုံ သွေးဘဏ်တာဝန်ခံ ဗိုလ်ကြီးထက်အောင်နှင့် သွေးမေတ္တာပရဟိတအသင်း(ရန်ကုန်)မှ ဥက္ကဋ္ဌတို့က အသင်း၏ စွမ်းဆောင်မှုအပေါ် ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် အသင်းတာဝန်ခံဆရာတော်များနှင့် မွန်ပြည်နယ်လုံးဆိုင်ရာသွေးလှူရှင်အသင်း ပြည်နယ်တာဝန်ခံ ဦးဝင်းလှိုင်တို့က အသင်း၏စည်းမျဉ်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို အသင်းကိုယ်စားလှယ်များနှင့် ဆွေးနွေးခဲ့ပြီး အခမ်းအနား တက်ရောက်သူများကလည်း အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

---

# စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးကြိုတင်ကာကွယ်နည်းသရုပ်ပြ

**ကလေး ဒီဇင်ဘာ ၂၇**

ကလေးမြို့တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးကာကွယ်ရေး သရုပ်ပြခြင်းနှင့် မီးသတ်နည်းသရုပ်ပြခြင်းများကို ခရိုင်မီးသတ်ဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၅ ရက်တွင် ကလေး-ကလေးဝလမ်းဘေးရှိ ပြည်ချစ်သူစက်သုံးဆီအရောင်းဆိုင်နှင့် အိုဆို(၂)စက်သုံးဆီအရောင်းဆိုင်တို့၌ သရုပ်ပြမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက အဆိုပါ ဆီဆိုင်များမှ ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာများ အသိပညာပေး ဟောပြောပြီးနောက် ဆီမီးငြိမ်းသတ်သည့် Foam ဆေးရည်ဖြင့် မီးငြိမ်းသတ်နည်းများ၊ မီးသတ်စက်အသုံးပြုနည်းများ၊ မီးသတ်ဆေးဘူး အသုံးပြုနည်းများကို လက်တွေ့သရုပ်ပြလေ့ကျင့်ပေးခဲ့ကြခြင်းဖြစ်သည်။

အလားတူ ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များသည် ကလေးမြို့ သဇင်ရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းသို့လည်း ကွင်းဆင်းသွားရောက်ပြီး ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းသား ကျောင်းသူများအား မီးဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်နည်း လက်တွေ့သရုပ်ပြခြင်းများလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဂျူနိုင်း**



# ကချင်နှစ်ခြင်းအသင်းတော် ဗိမာန်တော်ဖွင့်ပွဲနှင့် ခရစ္စမတ်ပွဲတော်ကျင်းပ

**ဗန်းမော် ဒီဇင်ဘာ ၂၇**

ကချင်ပြည်နယ် ဗန်းမော်မြို့ ပေါက်ကုန်းရပ်ကွက်ရှိ ထွယ်ဆန် ကချင်နှစ်ခြင်းသာသနာဝင်းအတွင်း၌ ထွယ်ဆန် ကချင်နှစ်ခြင်းအသင်းတော်၏ အသစ်ဆောက်လုပ်ပြီးသော ဗိမာန်တော်ဖွင့်ပွဲနှင့် ခရစ္စမတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် အသစ်ဆောက်လုပ်ပြီးစီးသော ဗိမာန်တော် အဝင်တံခါးဖွင့်ခြင်းကို ဓမ္မဆရာမ ဒေါ်နူးနူးအောင်က ဆောင်ရွက်ပြီး ဓမ္မဆရာဦးဇော်ရှန်က အဖွင့်ဆုတောင်းပေးကာ ကချင်ရိုးရာသံစုံဖြင့် ဓမ္မသီချင်းသီဆို၍ သိက္ခာတော်ရဆရာတော် ဦးဒွဲ့ရှိုဂမ်အောင်က ဆုတောင်းကောင်းချီးမင်္ဂလာပေးကာ ဖဲကြိုးဖြတ်ပေးခဲ့သည်။

ဗိမာန်တော်ဖွင့်ပွဲအပြီးတွင် ထွယ်ဆန်ကချင်နှစ်ခြင်းအသင်းတော် ခရစ္စမတ်ပွဲတော်ကို အဆိုပါဘုရားကျောင်းဝင်းအတွင်း၌ ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။ ထွယ်ဆန်ကချင်နှစ်ခြင်းအသင်းတော်၏ (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ် ကျေးဇူးတော်ချီးမွမ်းပွဲကိုလည်း ဒီဇင်ဘာ ၂၆ ရက်တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မှုခင်းသတင်းတိုများ

### ညသန်းခေါင်အချိန် ယာဉ်တိုက်မှုဖြစ်၍ တစ်ဦးသေဆုံး

ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် သဲကုန်းကျေးရွာအနီး၌ ဒီဇင်ဘာ ၂၄ ရက် ညသန်းခေါင်အချိန်ခန့်က ယာဉ်တိုက်မှုဖြစ်ပွား၍ လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ ယာဉ်တိုက်မှုသတင်းအရ လှည်းဆိပ်ရဲကင်းစခန်းမှူး ရဲအုပ်ညွန့်အောင်နှင့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ရန်ကုန်-ပုသိမ်ကားလမ်းပေါ် သဲကုန်းတံတားအနီး၌ သဲကုန်းကျေးရွာနေ ဦးမိုး(၆၃ နှစ်)အား ယာဉ်နံပါတ်မသိ၊ အမျိုးအစားမသိ၊ ယာဉ်မောင်းအမည်မသိသော ယာဉ်တစ်စီးက တိုက်မိခဲ့သဖြင့် သေဆုံးနေသည်ကို တွေ့ရှိခြင်းကြောင့် ကျောင်းကုန်းမြို့မရဲစခန်း၌ အမှုဖွင့်ထားပြီး ယာဉ်တိုက်မှု ကျူးလွန်ကာ တိမ်းရှောင်နေသူအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

### သမက်၏ကားဖြင့်တိုက်မိ၍ ယောက္ခမသေဆုံး

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့ အမှတ်(၂)ရပ်ကွက်၌ သမက်ဖြစ်သူ မောင်းနှင်သည့် ကားဖြင့် မတော်တဆတိုက်မိမှုကြောင့် ယောက္ခမဖြစ်သူ သေဆုံးမှု ဒီဇင်ဘာ ၂၅ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ မြိုင်မြို့ အမှတ်(၂)ရပ်ကွက်နေ ဦးမြင့်ဦး (၄၅ နှစ်) မောင်းနှင်သော ကိုယ်ပိုင်လူစီးကားဖြင့် နေအိမ်ရှေ့အဖီအောက်တွင် ထိုင်နေသူ ယောက္ခမ ဦးဌေးမောင်(၇၅ နှစ်)အား မတော်တဆ ဝင်တိုက်မိခြင်းဖြစ်ကာ ယာဉ်တိုက်မှုကြောင့် ဦးဌေးမောင်မှာ ဒဏ်ရာများရရှိကာ နေရာတွင် သေဆုံးသွားသဖြင့် သမက်ဖြစ်သူ ဦးမြင့်ဦးအား မြိုင်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အောင်ကျော်မြင့်**

### အမြန်လမ်းမကြီးပေါ်တွင် ယာဉ်မှောက်မှုဖြစ်ပွား

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ် မိုင်တိုင်အမှတ်(၂၇၀/၀)အနီးတွင် ဒီဇင်ဘာ ၂၅ ရက်က နံနက် ၅ နာရီခန့်က ကိုယ်ပိုင်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်းသိန်းလွင် မောင်းနှင်လာသော Alphard မော်တော်ယာဉ်မှာ ယာဉ်မောင်းအိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက် အလူမီနီယံတန်းများကို တိုက်မိကာ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါလူ ငါးဦးအနက် အမျိုးသမီးတစ်ဦးမှာ (မစိုးရိမ်ရ)ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းသူ အား ပေပင်လေးအမြန်လမ်းရဲတပ်ဖွဲ့က အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

### ဗန်းမော်မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းမိ

ဗန်းမော်မြို့နယ် ကူးဆိပ်ရွှေမှော်၌ မူးယစ်ဆေးဝါးများ ဒီဇင်ဘာ ၂၅ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးသတင်းအရ ဗန်းမော်မြို့နယ် ကူးဆိပ်ရွှေမှော်အတွင်းရှိ ရန်မျိုးနိုင်(ခ)သားကြီး၏ တဲအတွင်း ကသာခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးနိုင်နိုင်ဦး ဦးဆောင်ပြီး ကသာခရိုင်မှုခင်းတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်သည့်အဖွဲ့က သွားရောက်ရှာဖွေရာ ရန်မျိုးနိုင်ထံမှ မူးယစ်ဆေးဝါး ဆပ်ပြာခွက်နှစ်ခွက်၊ ပင်နယ်ဆလင် ရှစ်ပုလင်း၊ WY စာတန်းပါ စိတ်ကြွဆေးပြား ၃၀၀ ပြား၊ ငွေစက္ကူရောရော ၁၀၂၉၀၀ ကျပ်တို့ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဆက်လက်၍ ရန်မျိုးနိုင်၏တဲနှင့်ကပ်လျက်တဲအတွင်း ဝင်ရောက်ရှာဖွေရာ ဝင်းဖေ၊ ထွန်းထွန်း၊ လင်းလင်းထွန်းနှင့် နေသူဝင်းတို့ လေးဦးအား ထပ်မံတွေ့ရှိရသဖြင့် မူးယစ်ဆေးဝါးများ သုံးစွဲရောင်းချရန် လက်ဝယ်ထားရှိသူ ရန်မျိုးနိုင်(ခ)သားကြီး (၂၀ နှစ်)နှင့်အတူ ဝင်းဖေ၊ ထွန်းထွန်း၊ လင်းလင်းထွန်းနှင့် နေသူဝင်းတို့အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

### တရားမဝင်သစ်များတင်ဆောင်ထားသော ကားတစ်စီး ဖမ်းဆီးရမိ

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဘိုင်းဒါးကြိုးဝိုင်း အကွက်အမှတ်(၁၀၇) အတွင်း၌ တရားမဝင်သစ်များ တင်ဆောင်ထားသော ယာဉ်တစ်စီးကို ဒီဇင်ဘာ ၂၄ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ အဆိုပါ သစ်တောကြိုးဝိုင်းအတွင်း တရားမဝင်သစ်များ ခိုးထုတ်သယ်ယူနေကြောင်း သတင်းအရ ကျောက်တံခါးမြို့နယ် သစ်တောဦးစီးအရာရှိ ဦးကျော်ကျော်အောင် ဦးဆောင်သော သစ်တောဝန်ထမ်းများနှင့် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ ရဲအရာခံ ဗိုလ်မြတ်ထွန်းသာနှင့်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က သွားရောက်ရှာဖွေရာ အကွက်အမှတ်(၁၀၇)အတွင်း ခြောက်ဘီးဟီးနိုး ယာဉ်တစ်စီးပေါ်မှ ပျဉ်းကတိုးခွဲသား ဆိုက်စုံ ၂၅ ချောင်း(အလေးချိန် ၃ ဒသမ ၀၄၅ တန်) နှင့် အခြားသစ်သား ခြောက်ချောင်း (အလေးချိန် ၁ ဒသမ ၀၈ တန်)တို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့၍ အဆိုပါသစ်များကို မြို့ချောင်းနှစ်မိုင်စခန်းသို့ သယ်ဆောင်သိမ်းဆည်းထားပြီး ယာဉ်ပိုင်ရှင်နှင့်သစ်ပိုင်ရှင်တို့အား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

### ငါးဖမ်းလှေလုပ်သားတစ်ဦး ရေထဲပြုတ်ကျ၍ သေဆုံးမှုဖြစ်ပွား

ထားဝယ်ခရိုင် ကလိန်အောင်မြို့နယ်ခွဲ ဟိန်းဇေဘုတ်ကျွန်းအနောက်တွင် ပိုက်ဆွဲနေသော ငါးဖမ်းစက်လှေတစ်စင်းပေါ်မှ ငါးဖမ်းလုပ်သားတစ်ဦး ရေထဲပြုတ်ကျ၍ သေဆုံးမှု ဒီဇင်ဘာ ၂၃ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ မြိတ်မြို့မှ သီရိအောင်ငါးဖမ်းလှေသည် အဆိုပါ ငါးဖမ်းလုပ်ကွက်နေရာ၌ ဒီဇင်ဘာ ၂၃ ရက်က ပိုက်ဆွဲနေစဉ် နေ့လယ် ၁၂ နာရီခွဲခန့်တွင် လှေပေါ်ပါ ငါးဖမ်းလုပ်သား စိုးစံမင်းသည် ရေယာဉ်ပဲ့ပိုင်းမှ လှေသားအိပ်ခန်းသို့ အတက်တွင် ခြေချော်၍ ရေထဲသို့ ပြုတ်ကျသွားခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းအား လိုက်လံရှာဖွေခဲ့ရာ ည ၇ နာရီအချိန်တွင်မှ အလောင်းကို ပြန်လည်တွေ့ရှိခဲ့ရပြီး မြိတ်မြို့သို့ ပြန်လည်သယ်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မြိတ်မြို့မရဲစခန်းမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ သေဆုံးသူတွင် ဦးခေါင်းနောက်စေ့ ပေါက်ပြဲဒဏ်ရာတစ်ချက်တွေ့ရှိပြီး ရေနစ်သေဆုံးသည့်လက္ခဏာ တွေ့ရှိသဖြင့် မြိတ်မြို့မရဲစခန်း၌ သေမှုသေခင်းဖွင့်လှစ်ပြီး စစ်ဆေးဆောင်ရွက်ရှိကြောင်း မြိတ်ခရိုင်ရဲတပ်ဖွဲ့မှ သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## ဥယျာဉ်ခြံမြေယာများကို အိမ်ခြံမြေအဖြစ် ဖော်ထုတ်ရောင်းချမှုများလာ

**ရေး ဒီဇင်ဘာ ၂၇**
မွန်ပြည်နယ် ရေးမြို့နယ်အတွင်း အိမ်ခြံမြေများမှာ ဈေးကောင်းရလာသဖြင့် ယခင်က သီးနှံပင်များ စိုက်ပျိုးသော ဥယျာဉ်ခြံမြေများ၊ ယာမြေများကို အိမ်ခြံမြေများအဖြစ်သို့ ပြောင်းလဲဖော်ထုတ်ရောင်းချမှု များလာပြီး အဆိုပါမြေကွက်များ အရောင်းအဝယ်မှာလည်း တွင်ကျယ်လျက်ရှိကြောင်း သိရသည်။

ရေးမြို့နယ် အိမ်ခြံမြေဈေးကွက်တွင် ယခင်နှစ်များက လူနေရပ်ကွက်များမှ အိမ်ခြံမြေများကိုသာ ရောင်းဝယ်မှုရှိသော်လည်း ယခုနှစ်အတွင်းမှစ၍ သီးနှံစိုက်ပျိုးသော ခြံများကိုပါ အိမ်ရာမြေကွက်များအဖြစ်သို့ ပြောင်းလဲဖော်ထုတ်၍ အရောင်းအဝယ်ပြုလုပ်မှုများလာခြင်း ဖြစ်ကြောင်း သိရသည်။

"အရင်တုန်းက ရာသီပေါ်သီးနှံပင်တွေ စိုက်ကြတယ်။ ခြံမြေတွေမှာ အများအားဖြင့် ရာသီပေါ်အပြင် ရာဘာ၊ ကွမ်းသီး၊ သံပရာတွေကို အဓိက စီးပွားဖြစ်စိုက်ပျိုးလာကြတဲ့သူတွေဖြစ်လို့ ဒေသတစ်ခုလုံး ကထွက်ရှိတဲ့ ရာသီပေါ်အသီးအနှံဈေးက ပုံမှန်လို ဈေးကောင်းခြင်းမရှိတဲ့အခါ အရင်ကလို မစိုက်ပျိုးကြတော့ဘဲ လူတွေနဲ့နီးစပ်တဲ့နေရာတွေကို လူနေအိမ်ခြံမြေတွေအဖြစ် ပြောင်းလဲလုပ်ကိုင်တာ ဖြစ်ပါတယ်"ဟု ရေးမြို့နယ်မှ ခြံမြေယာအကွက် အရောင်းအဝယ်လုပ်ကိုင်သူ တစ်ဦးက ပြောသည်။



ယခင်က စိုက်ပျိုးရေးလုပ်ငန်းကို အဓိကစီးပွားဖြစ် လုပ်ကိုင်ကြသော်လည်း ယနေ့အချိန်အခါတွင် လူဦးရေများပြားလာသည်နှင့်အမျှ ကူးသန်းရောင်းဝယ်ရေးနှင့် ခရီးသွားလုပ်ငန်းများကလည်း ပိုမိုကောင်းမွန်လာသဖြင့် စီးပွားရေးလုပ်ငန်းပုံစံများ ပြောင်းလဲကာ အိမ်ခြံမြေဈေးကွက်မှာ ဦးမော့လာနေလျက်ရှိကြောင်း ရေးမြို့ခံ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

ရေးမြို့ပေါ်ရပ်ကွက်များရှိ လူနေအိမ်အပါအဝင် မြေကွက်များမှာ လွန်ခဲ့သော ၁၀ နှစ် ဝန်းကျင်ခန့်က ကျပ်သိန်း ရာဂဏန်းခန့် ရှိခဲ့ရာမှ ယနေ့အချိန်တွင် နေရာနှင့် မြေအကျယ်အပေါ် မူတည်၍ အမြင့်ဆုံးမှာ ကျပ်သိန်း ၄၀၀၀ ဝန်းကျင်ခန့် ရှိနေသလို မြို့နှင့်အလှမ်းဝေးသည့် နေရာများတွင် ကျပ်သိန်း ဆယ်ဂဏန်းမှ ရာဂဏန်းအထိရှိနေကာ စိုက်ပျိုးရေးခြံမြေယာကို အိမ်ခြံမြေအဖြစ် ဖော်ထုတ်ရာတွင်လည်း နေရာနှင့် အကျယ်အဝန်းအပေါ် မူတည်၍ ကျပ်သိန်းရာဂဏန်းအထိ ဈေးရရှိလျက်ရှိကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

## လူထုအားကစားလ လှုပ်ရှားမှုအဖြစ် ပုပ္ပားတောင်ပေါ်သို့ စုပေါင်းတက်ရောက်

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၇**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း ဒီဇင်ဘာ လူထုအားကစားလ စတုတ္ထပတ်လှုပ်ရှားမှုအဖြစ် ပုပ္ပားတောင်မကြီးသို့ လူထုစုပေါင်းတောင်တက်ပွဲကို မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပုပ္ပားတောင်ချစ်သူများအသင်းတို့ ဦးဆောင်ကာ ဒီဇင်ဘာ ၂၅ ရက်က ကျင်းပခဲ့ပြီး ညနေပိုင်းတွင် စတင်တောင်တက်ခဲ့ကြကြောင်း သိရသည်။

တောင်တက်ပွဲတွင် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပုပ္ပားတောင်ချစ်သူများအသင်းတို့က စီစဉ်ပေးသော မော်တော်ယာဉ်ရှစ်စီးဖြင့် စုစုပေါင်း လူ ၈၀၀ ကျော် လာရောက်ကာ စုပေါင်းတောင်တက်ခဲ့ကြပြီး တောင်တက်အားကစားဝါသနာရှင်များအား ပုပ္ပားတောင် ချစ်သူများအသင်းက ရေသန့်ဘူးများ၊ ကောက်ညှင်းပေါင်းများ ဧည့်ခံကျွေးမွေးပြီးခဲ့သည်။ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှလည်း ပထမဆုံး တောင်ပေါ်ရောက်ရှိသူ ၆၀ အားအားကစားထရက်စု၊ တီရှပ်၊ စပို့ရှပ်နှင့် ခြေအိတ်များပါဝင်သည့် ဗလာမပါကံစမ်းမဲများ ဖောက်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါ စုပေါင်းတောင်တက်ပွဲကို နှစ်စဉ်နှစ်တိုင်း ဒီဇင်ဘာလ၏ နောက်ဆုံးပတ်တနင်္ဂနွေနေ့တွင် ကျင်းပလေ့ရှိပြီး ကျောက်ပန်းတောင်းမြို့ပေါ်မှ အားကစားဝါသနာရှင်များ၊ လူငယ်များ စုပေါင်းတက်ရောက်ခြင်းဖြင့် ကျင်းပလေ့ရှိကြောင်း သိရသည်။ ကျောက်ပန်းတောင်းမြို့နယ်တွင် ဒီဇင်ဘာလ နောက်ဆုံးပတ် စုပေါင်းတောင်တက်ခြင်း အလေ့အထကို ၁၉၆၉ ခုနှစ်မှ စတင်ခဲ့ကြခြင်းဖြစ်ရာ ယခုနှစ်သည် (၄၇) နှစ်မြောက်ဖြစ်ကြောင်း သိရသည်။

ပုပ္ပားတောင်မကြီးသည် အမြင့် ၄၉၈၁ ပေရှိသည့် မြန်မာပြည်အလယ်ပိုင်းဒေသ၏ အထင်ကရ မီးတောင်ဟောင်းတစ်ခုဖြစ်သဖြင့် နှစ်စဉ် ခရစ္စမတ်နေ့များတွင်လည်း ပတ်ဝန်းကျင်မြို့များဖြစ်သည့် မိတ္ထီလာ၊ ချောက်၊ ရေနံချောင်း၊ မြင်းခြံ၊ မကွေးအစရှိသည့် မြို့များမှ ပြည်သူများ အစုအဖွဲ့လိုက် လာရောက်၍ တောင်တက်ကြလေ့ရှိကြောင်း သိရသည်။



ယခုနှစ်တွင် ဒီဇင်ဘာလ၏ နောက်ဆုံးပတ်တနင်္ဂနွေနေ့နှင့် ခရစ္စမတ်နေ့ တိုက်ဆိုင်မှုရှိသဖြင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ နှစ်စဉ်တောင်တက်အဖွဲ့များသာမက အခြားမြို့များမှ လာရောက်တောင်တက်ရောက်ကြသူများပါ ဆုံခဲ့ရာ တောင်တက်သူဦးရေ များပြားကာ အထူးစည်ကားခဲ့ကြောင်း သိရသည်။

**နေအောင် (ပြန်/ဆက်)**

## ကျေးရွာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၇**
ကျောက်ပန်းတောင်းမြို့နယ် ငါ့ရှန်တောင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ စာသင်ဆောင်သစ် အဆောက်အအုံဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ညွန့်ညွန့်မြင့်နှင့် အလှူရှင် ရွှေသိန်းသန်းကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် ဝန်ကြီးချုပ်က ပညာရေးတွင် အခြေခံအကျဆုံးဖြစ်သည့် အခြေခံပညာကျောင်းများ ဖွံ့ဖြိုးရန်လိုအပ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပညာရေးကဏ္ဍမြင့်မားရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံပညာကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် အစိုးရတစ်ရပ်တည်းဖြင့် ဆောင်ရွက်၍မရသော ကာလများတွင် ယခုကဲ့သို့ စေတနာရှင်များက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းခြင်းအတွက် များစွာကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ကျောင်းဆောင်သစ် ရေရှည်တည်တံ့စေရေးအတွက် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများသာမက ရပ်မိရပ်ဖများနှင့် ဒေသခံများကပါ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းဆောင်အဆောက်အအုံသစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို အလှူရှင်မိသားစုက မြို့နယ်ပညာရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကာ အလှူရှင်များကလည်း ကျောင်းအတွက် အလှူငွေနှင့် ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ခဲ့သည်။

ငါ့ရှန်တောင်ကျေးရွာ မူလတန်းကျောင်းကို ၁၉၆၉ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် မူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ခဲ့ကာ သူငယ်တန်းမှ ဆဋ္ဌမတန်းအထိ ကျောင်းသား ကျောင်းသူ ၁၅၆ ဦး တက်ရောက်ပညာသင်ယူလျက်ရှိကြောင်း၊ ယနေ့ ပညာရေးဌာနသို့လွှဲပြောင်းပေးသော ကျောင်းဆောင်သစ်မှာ အလျား ပေ ၉၀၊ အနံပေ ၃၀ ရှိ အာရ်စီတစ်ထပ်ကျောင်းဆောင်ဖြစ်ကာ အလှူရှင် ဦးသိန်းတန်-သီရိသုခမ္မသိင်္ဂီ ဒေါ်သန်းသန်းနွဲ့(ရွှေသိန်းသန်းကမ္ဘာကုမ္ပဏီ)က ကျပ် ၄၄၈ သိန်းကျော် အကုန်ကျခံ၍ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## ကျွန်းလှမြို့သစ်တည် နှစ်(၂၀)ပြည့်အထိမ်းအမှတ် မီနီမာရသွန်ပြိုင်ပွဲကျင်းပ

**ကျွန်းလှ ဒီဇင်ဘာ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ ကျွန်းလှမြို့သစ်ကို တည်ထောင်ခဲ့သည့် နှစ်(၂၀)ပြည့်အထိမ်းအမှတ်အဖြစ် မီနီမာရသွန်ပြိုင်ပွဲကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီက ကြီးမှူး၍ ဒီဇင်ဘာ ၂၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ မီနီမာရသွန်ပြိုင်ပွဲတွင် အမျိုးသား ၅၂ဦး၊ အမျိုးသမီးသုံးဦးတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး သဖန်းဆိပ်ဆည်တမံအစမှ ကျွန်းလှမြို့ပြည်သူ့အားကစားကွင်းအထိ အကွာအဝေး ၁၀ မိုင်ခရီးကို ယှဉ်ပြိုင်ကြရကြောင်း သိရသည်။ ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ပြီး ကျွန်းလှမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်နှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများက ပြိုင်ပွဲတွင် ပထမမှ ပဉ္စမအထိ ဆုရရှိသူများအား ဆုများချီးမြှင့်ကာ ကျန်ပြိုင်ပွဲဝင်များကိုလည်း အထူးဆုလက်ဆောင်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## ပြည့်ဝချမ်းသာဂူဘုရားများ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ

**ပုဏ္ဏားကျွန်း ဒီဇင်ဘာ ၂၇**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ပြည့်ဝချမ်းသာတောင်တော် ဂူဘုရားများနှင့် နိုင်ငံတောင်ခြေရှိ ရှေးရခိုင်ဘုရင်တို့ တည်ထားပူဇော်ခဲ့ကြသော ဗုဒ္ဓရုပ်ပွားတော်များကို အသစ်တစ်ဖန် ပြန်လည်တည်သွန်း၍ ပူဇော်ထားသည့် ကံတက်၊ ကံမြင့်၊ ကံပွင့်ဘုရားများ၏ ဒုတိယအကြိမ်မြောက် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်ကို ဒီဇင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲတွင် ဆရာတော်သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပြီး ပြည်သူများက သံဃာ့ဒါန ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ဗုဒ္ဓပူဇနိယပွဲတော်တွင် ဘုရားဖူးပြည်သူများအား စတုဒိသာ ထမင်းကျွေးခြင်း၊ ဝတ်ရွတ်အဖွဲ့များက ဝတ်ရွတ်ပူဇော်ခြင်း၊ ရခိုင်တိုင်းရင်းသား နာမည်ကြီးအဆိုတော်များ၏ စင်တင်တေးဂီတဖျော်ဖြေတင်ဆက်ခြင်း အစီအစဉ်များလည်း ပါဝင်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြို့)**



## ကချင်အထူးဒေသ(၁)နယ်မြေအတွင်း ဆက်သွယ်ရေးတာဝါတိုင်စိုက်ထူရန် ကွင်းဆင်းတိုင်းတာ

**မြစ်ကြီးနား ဒီဇင်ဘာ ၂၇**

ကချင်ပြည်နယ် ကချင်အထူးဒေသ(၁)နယ်မြေအတွင်း ဆက်သွယ်ရေးတာဝါတိုင်များ စိုက်ထူနိုင်ရေးအတွက် မြေပြင်ကွင်းဆင်းတိုင်းတာမှုလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်းနှင့် တာဝါတိုင်များ စိုက်ထူပြီးပါက အော်ပရေတာသုံးခုလုံး ပူးတွဲတပ်ဆင်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကွင်းဆင်းတိုင်းတာမှုများကို တာဝန်ယူဆောင်ရွက်နေသော မနောမြေဂရင်းလဲန်းကုမ္ပဏီမှ တာဝန်ရှိသူ ဦးလင်းကျော်ငြိမ်းက "ကျွန်တော်တို့ မနောမြေဂရင်းလဲန်းကုမ္ပဏီလီမိတက်အနေနဲ့ အခု ဆက်သွယ်ရေးတာဝါတိုင်စိုက်ထူနိုင်ဖို့အတွက် ပန်ဝါ၊ ဆော့လော်၊ ဖီမော်၊ ချီဖွေ၊ ကန်ပိုက်တီးမြို့နယ်အပါဝင် ကချင်အထူးဒေသ(၁) နယ်မြေအတွင်းမှာ မြေပြင်ကွင်းဆင်းတိုင်းတာမှုတွေ ပြုလုပ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ကွင်းဆင်းစမ်းသပ် တိုင်းတာမှုအနေနဲ့တော့ ပြီးသလောက်ဖြစ်နေပါပြီ။ တာဝါတိုင်အရေအတွက်နဲ့ ဘယ်တော့လောက်စိုက်ထူနိုင်မလဲတော့ အတိအကျ ပြောလို့မရသေးပါဘူး။ အမြန်ဆုံးစိုက်ထူနိုင်ဖို့အတွက်ပြုလုပ်နေပါတယ်။ တာဝါတိုင်စိုက်ထူပြီးရင်တော့ တိုင်တွေမှာ မြန်မာ့ဆက်သွယ်ရေး MPT၊ တယ်လီနော၊ အူရီဒူးဆက်သွယ်ရေးများ ပူးတွဲတပ်ဆင်အသုံးပြုနိုင်အောင် ပြုလုပ်ဆောင်ရွက်သွားမယ်"ဟုပြောသည်။

ကချင်အထူးဒေသ(၁)၏ လက်ရှိဆက်သွယ်ရေးအခြေအနေနှင့် ပတ်သက်၍ ပန်ဝါမြို့နေ ဒေသခံတစ်ဦးဖြစ်သူ ဦးဇယ်ဒေါင်က "ကချင်အထူးဒေသ(၁)ဟာဆိုရင် ကချင်ပြည်နယ် အရှေ့မြောက်အစွန်ဆုံးနေရာမှာ ရှိတယ်။ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သလို နှစ်နိုင်ငံ လူဝင်လူထွက်များတဲ့ နယ်စပ်မြို့လည်းဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးနဲ့ လူထုဆက်သွယ်ရေးမှာ အခြားဒေသတွေထက် ပိုပြီးခက်ခဲတယ်။ ဒီဒေသမှာ ဌာနဆိုင်ရာတွေရှိတော့ အထက်ဌာနကို ချိတ်ဆက်တင်ပြပြောဆိုတဲ့နေရာမှာ ဆက်သွယ်ရေးကမကောင်းတော့ အခက်အခဲတွေနဲ့တွေ့ကြုံနေရတယ်။ ဌာနဆိုင်ရာအပြင် ဒေသခံပြည်သူတွေအနေနဲ့လည်း လမ်းပန်းဆက်သွယ်ရေးက မကောင်းတော့ အခြားမြို့နယ်တွေမှာနေထိုင်တဲ့ မိဘဆွေမျိုးတွေကို ဆက်သွယ်တဲ့နေရာမှာ အခက်အခဲတွေ များစွာတွေ့ကြုံနေရတယ်။ ဆက်သွယ်ရေးမကောင်းတော့ ပညာရေး၊ စီးပွားရေး ဒေသဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးနေတယ်။ အခုလိုကုမ္ပဏီအနေနဲ့ ဆက်သွယ်ရေးတာဝါတိုင်တွေ စိုက်ထူဖို့အတွက် နယ်မြေကွင်းဆင်းတိုင်းတာမှုတွေ ဆောင်ရွက်နေပြီဆိုတော့ ပန်ဝါမြို့အပါအဝင် အခြားမြို့နယ်တွေအတွက်လည်း များစွာအကျိုးသက်ရောက်မှုတွေ ရှိလာမှာဖြစ်တယ်"ဟု ပြောသည်။

ပန်ဝါမြို့အခြေစိုက် ကချင်အထူးဒေသ(၁) ထာဝရငြိမ်းချမ်းရေးအဖွဲ့ချုပ်သည် ယခင်တပ်မတော်အစိုးရလက်ထက်မှစ၍ ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်လက်တွဲ၍ ဆောင်ရွက်ခဲ့သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဒေသခံပြည်သူများကိုလည်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးအတွက် ဖန်တီးပေးလျက်ရှိသည်။ အဖွဲ့အစည်းက ဦးစီးလုပ်ကိုင်လျက်ရှိသော မနောမြေဂရင်းလဲန်း ကုမ္ပဏီသည်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ တည်ထောင်ထားပြီး တရားဝင်လုပ်ကိုင်ခွင့်ရရှိထားသော ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## တပ်ကုန်းမြို့နယ်အတွင်းမှ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများကို လာရောက်လေ့လာ

**တပ်ကုန်း ဒီဇင်ဘာ ၂၇**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စက်ဝန်း လုပ်ငန်းများနှင့် ဒုတိယနှစ်စက်ဝန်းဖြင့် လမ်း၊ တံတား၊ စက်ရေတွင်း၊ လျှပ်စစ်မီး၊ ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက်အဆောက်အအုံသစ်များ ဆောင်ရွက်ထားမှုကို သာပေါင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ လူထုစည်းရုံးရေးမှူးအဖွဲ့(CF)နှင့် လက်ထောက်နည်းပညာမှူးအဖွဲ့(TF) တို့က ဒီဇင်ဘာ ၂၅ ရက်မှ ၂၆ ရက်အထိ နှစ်ရက်ကြာ လာရောက်လေ့လာခဲ့ကြောင်း သိရသည်။



သာပေါင်းမြို့နယ်မှ လေ့လာရေးအဖွဲ့များနှင့် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးကျော်ဟိန်းနှင့် ဝန်ထမ်းများသည် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍လည်း အပြန်အလှန်ဆွေးနွေးခဲ့ပြီး တပ်ကုန်းမြို့နယ်အတွင်း လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စက်ဝန်းနှင့် ဒုတိယနှစ်စက်ဝန်းအတွင်း ဆောင်ရွက်လျက်ရှိသည့် ကျေးရွာလုပ်ငန်းခွဲများ၊ ဒီဇိုင်းဆွဲလုပ်ငန်းအခြေအနေများ၊ ရန်ပုံငွေခွဲဝေမှုအခြေအနေများ၊ ပစ္စည်းဝယ်မှုဈေးနှုန်းများ၊ အထွေထွေလုပ်ငန်းအခက်အခဲများ၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ထားမှုအခြေအနေများနှင့် သိရှိလိုသည်များကို လေ့လာရေးအဖွဲ့များက မေးမြန်းကြကာ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

သာပေါင်းမြို့နယ်မှ လေ့လာရေးအဖွဲ့သည် အေးချမ်းသာစံပြကျေးရွာ၊ သပြေချောင်းကျေးရွာ၊ နောင်ခမ်းကျေးရွာ၊ လက်ပံတောကျေးရွာ၊ ဘူတာကျေးရွာနှင့် သပြေသာကျေးရွာများရှိ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများကိုလည်း ဆက်လက်၍ သွားရောက်ကြည့်ရှုလေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်(တပ်ကုန်း)**

## ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး အသိပေးဆွေးနွေး

**မန္တလေး ဒီဇင်ဘာ ၂၇**

ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး အသိပေးဆွေးနွေးပွဲကို မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ (၅၅၀) ခုတင် ဆံ့ ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၃ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က တိုင်းဒေသကြီးအစိုးရအနေဖြင့် ဆောင်ရွက်နေသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက်ဆောင်ရွက်သွားရေး တိုက်တွန်းဆွေးနွေးသည်။ ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်ကလည်း ကာကွယ်ဆေးထိုးခြင်းနှင့် ပတ်သက်၍ လက်ရှိကြုံတွေ့နေရသော အခြေအနေများနှင့် အခက်အခဲများ၊ အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်သည့်ကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးပြီး တက်ရောက်လာကြသူများက ကာကွယ်ဆေးထိုးခြင်းနှင့် လူထုအသိပညာပေး စည်းရုံးဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဋ္ဌေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာစိုးသန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့မှ ဦးစီးမှူးများနှင့် ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ ခရိုင်နှင့်မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ပြီး ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးဆိုင်ရာများကို အသေးစိတ် ဆွေးနွေးခဲ့ကြသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကလေးငယ်များတွင် ဖြစ်ပွားတတ်သောရောဂါများ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ယင်းလုပ်ငန်းများသည် မိသားစုတိုင်းနှင့် နိုင်ငံတော်အတွက်ပါ အကျိုးရှိသော လုပ်ငန်းတစ်ခုလည်းဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ လေ့လာချက်များအရ ကာကွယ်ဆေးထိုးနှံဆောင်ရွက်ခြင်းဖြင့် ကလေးငယ်သေဆုံးမှုဦးရေကို နှစ်စဉ်နှစ်သန်းမှသုံးသန်းအထိ လျှော့ချနိုင်ကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံအနေဖြင့် ပုံမှန်ကာကွယ်ဆေးများအပြင် ကာကွယ်ဆေးသစ်များကို တိုးချဲ့ထိုးပေးလျက်ရှိရာ ယနေ့အထိ ကာကွယ်ဆေး ရှစ်မျိုးဖြင့် ကူးစက်ရောဂါ ၁၀ မျိုးကို ကာကွယ်နိုင်ပြီဖြစ်သော်လည်း လက်ရှိကာလများတွင် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများ၌ ပုံမှန်ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများအပေါ် လူထုအပါအဝင် ဌာနဆိုင်ရာများ၏ ကူညီပံ့ပိုးမှု အားနည်းလာခြင်းကြောင့် ကာကွယ်ဆေးလွှမ်းခြုံနိုင်မှုသည် ၈၀ ရာခိုင်နှုန်းအောက် ရောက်ရှိလာနေကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ၂၀၁၆ ခုနှစ်အတွင်း ကာကွယ်ဆေးဖြင့်ကာကွယ်၍ရနိုင်သော ရောဂါများအနက် သံသယဝင်ဝက်သက်ရောဂါ ဖြစ်ပွားသူ ငါးဦး၊ မွေးကင်းစ မေးခိုင်ဖြစ်ပွားသူ လေးဦးနှင့် သံသယ ဆုံဆို့နာရောဂါဖြစ်ပွားသူ ၁၉ ဦးရှိခဲ့ပြီး ယင်းဒေသများကို လေ့လာရာတွင် ကာကွယ်ဆေးထိုးနှံမှုမရှိသေးသော ကလေးငယ်များစွာ ကျန်ရှိနေသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် ယနေ့ဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## လူထုစုပေါင်းစက်ဘီးစီးပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

စက်ဘီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးအားကစားလုပ်ခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်နှင့် မျိုးဆက်သစ် စက်ဘီးအားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းကာ ရန်ကုန်မြို့လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ဒီဇင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

စက်ဘီးစီးပွဲကို အမှတ်(၁)တံတားမှ စတင်တာလွှတ်ပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။ ထို့နောက် စက်ဘီးစီးပွဲဝင်သူများက သန်လျင်အမှတ်(၁)တံတားမှ သန်လျင်အမှတ်(၂)တံတား (ကုလားဝဲ)အထိ ခရီးအကွာအဝေး ၁၂ မိုင်ကို စုပေါင်းစက်ဘီးစီးနင်းခဲ့ကြပြီး စက်ဘီးစီးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် အမှုဆောင်များ၊ တိုင်းစက်ဘီးဆပ်ကော်မတီဥက္ကဋ္ဌ ဦးကိုကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သန်းဝင်း(သန်လျင်)**

## စားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြော

**မြင်းခြံ ဒီဇင်ဘာ ၂၇**

စားသောက်ကုန်များ သန့်ရှင်းစင်ကြယ်ပြီး ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာများ အသိပညာပေး ဟောပြောဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ရွှေပြည်စိုးသာသနာ့ဗိမာန်၌ ဒီဇင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

ဟောပြောဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာအောင်မြင့်က စားသုံးသူများအား အကာအကွယ်ပေးရေးဆိုင်ရာများနှင့် ထုတ်လုပ်သူများမှလည်း လိုက်နာရမည့်အချက်များ ရှောင်ရန်ဆောင်ရန်များကိုလည်းကောင်း၊ မြင်းခြံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးက စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်၍ ခရိုင်အတွင်းဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှူး ဦးကြည်စိန်က စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်၍ ပြည်သူများ သိသင့်သိထိုက်သော ဗဟုသုတများကိုလည်းကောင်း၊ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အလုပ်အမှုဆောင်တစ်ဦးက မန္တလေးတိုင်းဒေသကြီးအတွင်း စားသောက်ကုန်များ သန့်ရှင်းစင်ကြယ်ရေးနှင့်ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဦးက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေအကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြသည်။

ဟောပြောပွဲသို့ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြင်းခြံမြို့ရှိ စားသောက်ကုန်ထုတ်လုပ်သော လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး ဟောပြောပွဲအပြီးတွင် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# နိုင်ငံတကာလမ်းမတွင် တစ်စိတ်တစ်ပိုင်းပါဝင်သည့် ချောင်းမ-နှောရိုးလမ်း ဖောက်လုပ်မှုတွင် ကတ္တရာ-ကွန်ကရစ်ခင်းကျင်းမှု ၇၅ ရာခိုင်နှုန်း ပြီးစီး



**မုံရွာ ဒီဇင်ဘာ ၂၇**

အိန္ဒိယ-မြန်မာ-ထိုင်းသုံးနိုင်ငံ နိုင်ငံတကာလမ်းမတွင် တစ်စိတ်တစ်ပိုင်းပါဝင်သော ချောင်းမ-လင်းကတော ပခုက္ကူလမ်းပိုင်းတွင်ပါဝင်သော ၁၄ မိုင် ၆ ဖာလုံရှိသည့် ချောင်းမ-နှောရိုးလမ်းကတ္တရာ-ကွန်ကရစ်လမ်း(AC)ခင်းရာတွင် ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သော်လည်း လမ်းပိုင်းတွင် ပါဝင်သော ယမားနှင့်ချောင်းဖြတ်တံတားနှစ်စင်းတည်ဆောက်ရန် ကျန်သေးကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးသက်နိုင်စိုးထံမှ သိရသည်။

"နှစ်စဉ်အလိုက် ရန်ပုံငွေချထားမှုကိုအခြေခံပြီး လမ်းပိုင်းအဆင့်မြှင့်တင်တာတွေကိုဆောင်ရွက်နေတာပါ။ အခုချောင်းမ-ယင်းမာပင်လမ်းပိုင်း အဆင့်မြှင့်တင်တဲ့နေရာမှာ ပေ ၄၀ မြေသားလမ်းတာပေါင်လမ်းချဲ့ပြီး ၂၂ ပေ ဒုတိယအခြေခံလွှာခင်းပြီး အခြေခံလွှာပေ ၂၀ ခင်းပြီး ၁၈ ပေကို AC ဖြစ်တဲ့ ကတ္တရာကွန်ကရစ်ခင်းတာကို ဆောင်ရွက်နေတာပါ။ လမ်းခင်းတာဟာ လောလောဆယ်မှာ ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သလို လမ်းပိုင်းမှာပါတဲ့ ပေ ၆၀၀ ရှည်တဲ့ မြောက်ယမားချောင်းကူးတံတားနဲ့ ပေ ၃၀၀ ရှည်တဲ့ ကျွန်းတောချောင်းကူးတံတားနှစ်စင်းကို တည်ဆောက်ရမှာ ကျန်ပါသေးတယ်" ဟု လက်ထောက်ညွှန်ကြားရေးမှူးက ပြောပြသည်။

ဖောက်လုပ်နေသော ၁၄ မိုင် ၆ ဖာလုံရှိ ကနီမြို့နယ် ချောင်းမရွာနှင့် ယင်းမာပင်မြို့နယ် နှောရိုးကျေးရွာလမ်းကို မုံရွာမြို့မှ မုံရွာ-ယာကြီးလမ်း ၁၆ မိုင် ၆ ဖာလုံအရောက် ချောင်းမရွာမှ တောင်ဘက် ယင်းမာပင်မြို့နှင့် နှစ်မိုင်ခန့်အကွာ နှောရိုးရွာအထိ ဖြတ်လမ်းမအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ထားရာ ယခင်သွားရသောလမ်းထက် ၁၅ မိုင်ခန့် လမ်းအကွာအဝေးတိုတောင်းသွားသည့်အပြင် ထပ်ပိုးလွှာဖြင့် ကတ္တရာကွန်ကရစ်နည်းစနစ်ကို အသုံးပြုခင်းထားသဖြင့် လမ်းမှာချောမွေ့မြန်ဆန်စေမည့်လမ်းပိုင်းဖြစ်ကြောင်း သိရသည်။ ၁၄ မိုင် ၆ ဖာလုံအရှည်ရှိ လမ်းပေါ်တွင် လင်ပုန်းရီကျေးရွာ၊ အိုးဘိုကျေးရွာ၊ ပြန်လှည့်ကျေးရွာ၊ ရွာသာယာကျေးရွာ၊ နှောရိုးကျေးရွာများရှိ ဒေသခံများ၏သွားလာရေးမှာ ယခင်ကထက် ခရီးမိုင်တိုသွားစေသည့်အပြင် လမ်းသားကောင်းမွန်သောကြောင့် ဘက်ပေါင်းစုံအားသာချက်များကို လက်တွေ့ခံစားကြရတော့မည်ဖြစ်ကြောင်း သိရသည်။

လမ်းပိုင်းကို Granular Mix Design Method ဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ကတ္တရာကွန်ကရစ်လမ်း(AC)လမ်းမကြီးအဖြစ် ဖောက်လုပ်ရန်ရည်ရွယ်ဆောင်ရွက်နေကြခြင်း ဖြစ်ပြီး လမ်းပိုင်းဖောက်လုပ်ရန် လွန်ခဲ့သော သုံးနှစ်ကာလကတည်းက ရှိပြီးသားလမ်းကို မည်သို့ချဲ့ထွင်ဖောက်လုပ်၍ မည်သည့်စနစ်ဖြင့် ခင်းကျင်းမည်ကို တွက်ချက်ဖောက်လုပ် အချောခင်းခြင်းများဆောင်ရွက်လာသည်မှာ ယခုအချိန်အထိ လေးနှစ်တာကာလမျှ ရှိနေပြီဖြစ်ကြောင်းသိရသည်။ ၁၄ မိုင် ၆ ဖာလုံရှိ ချောင်းမ-နှောရိုးလမ်းပိုင်းအတွင်း ပါဝင်သော မြောက်ယမားချောင်းကူးတံတားနှင့်ကျွန်းတောချောင်းကူးတံတားများသည် လက်ရှိတွင် ချောင်းရေလက်ကျန်ရှိနေသေးသောကြောင့် လုပ်ငန်းမစတင်နိုင်သေးကြောင်း၊ လာမည့် ဇန်နဝါရီလလယ်ခန့် ချောင်းရေကျချိန်တွင် တံတား တည်ဆောက်မှုများစတင်မည်ဖြစ်ရာ ရာနှုန်းပြည့်ပြီးစီးခြင်းကို နောက်နှစ်နှစ်တွင် ပြီးစီးမည်ဟု ခန့်မှန်းတွက်ချက်ထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



## ဒိုက်ဦး-ညောင်လေးပင်-ကျောက်တံခါးစပါးဈေးကျဆင်း

**ညောင်လေးပင် ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းရှိ ဒိုက်ဦး-ညောင်လေးပင်-ကျောက်တံခါးဒေသတို့တွင် ယခုရက်ပိုင်းအတွင်း စပါးဈေးနှုန်းများ ဆက်တိုက်ကျဆင်းနေကြောင်း ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက ဒေသခံတောင်သူများထံမှ မြန်မာ့အလင်းသို့ ပြောသည်။

ယခင်ရက်များတွင် စပါးဈေးနှုန်းတင်းတစ်ရာလျှင်ငွေကျပ် ၄၆၀၀၀၀ ဝန်းကျင်တွင်ရှိနေရာမှ ယခုရက်ပိုင်းအတွင်းတွင် ငွေကျပ် ၄၃၅၀၀၀ အထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း ညောင်လေးပင်မြို့နယ် ကျွန်းကုန်းရွာနေ တောင်သူဦးစောထွန်းက ပြောသည်။

"ကျွန်တော်တို့ဘက်မှာလည်း စပါးဈေးကကျလာတယ်။ ယခင်ရက်က ငွေကျပ် ၄၆၅၀၀၀ လောက်ရှိတယ်။ ယခု ငွေကျပ် ၄၄၅၀၀၀ လောက်ပဲရှိတော့ပါတယ်"ဟု ဒိုက်ဦးမြို့နယ်မှ တောင်သူတစ်ဦးက ပြောသည်။

ယင်းမြို့နယ်များတွင် ဆင်းသုခ၊ ဗျော့သုခ၊ မော်ဘီ(၂)၊ ရတနာတိုး၊ ကျော်ဇေယျ၊ ရက် ၉၀ စပါးများကို စိုက်ပျိုးမှုရှိကြပြီး မော်ဘီ(၂)၊ ဆင်းသုခ၊ ဗျော့သုခဆန်များကို မန္တလေး၊ မူဆယ်တို့မှတစ်ဆင့် တရုတ်နိုင်ငံဘက်သို့ ရောင်းချခြင်းဖြစ်သည်။

"ဆန်ဈေးနဲ့စပါးဈေးက နည်းနည်းကွာတယ်။ တစ်ခါတလေဆိုရင် အပြင်မှ စပါးများက ဆန်ဈေးထက်မြင့်နေတာတွေလည်း ကြုံနေရတယ်" ဟု ဒိုက်ဦးမြို့ ရဲထွန်းဆန်စက်မှ ဦးကျော်ကြီးက ပြောသည်။

ယခုနှစ် စပါးစပေါ်ချိန်ကာလမှ ယနေ့အချိန်ထိ ဆန်စပါးအရောင်းအဝယ်လုပ်ငန်းသည် ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် အရောင်းအဝယ်သွက်လက်မှုမရှိကြောင်းလည်း ၎င်းက ပြောသည်။

**သတင်း-ပိန်းဇလုပ်သိန်းညွန့်၊ ဓာတ်ပုံ-ရန်အောင်ထွန်း(ပိန်းဇလုပ်)**

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖွင့်

**ပေါက်တော ဒီဇင်ဘာ ၂၇**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး အသက်မွေးဝမ်းကျောင်း အထောက်အကူပြုဆိုင်ရာသင်တန်းများကို ဒီဇင်ဘာလဒုတိယပတ်မှ စတုတ္ထပတ်အထိ ပေါက်တောမြို့နယ် ကျောက်ဆိပ်ကျေးရွာ၌ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။ သင်တန်းသို့ ကျောက်ဆိပ်ကျေးရွာမှ သင်တန်းသား ၂၀ တက်ရောက်ကြရာ မြို့နယ်ဦးစီးမှူး ဦးအောင်မြတ်ဦးနှင့် တာဝန်ရှိသူတို့က လုပ်ငန်းလိုအပ်ချက်များကို ပို့ချပေးလျက်ရှိကြောင်း သိရသည်။

**(၁၅၇)**

## မှူခင်းကျဆင်းရေးအသိပညာပေး

**ပေါင် ဒီဇင်ဘာ ၂၇**

ပေါင်မြို့နယ် မုတ္တမနယ်မြေရဲစခန်းအပိုင်နယ်မြေ ကျုံကကျေးရွာတွင် ဒီဇင်ဘာ ၂၅ ရက်က မုတ္တမနယ်မြေရဲစခန်းမှူး ရဲအုပ် အောင်မင်းကြည်ဦးစီးသော တပ်ဖွဲ့ဝင်များက သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားမှုမရှိစေရေးနှင့် မှုခင်းကျဆင်းရေးအတွက် အသိပညာပေးဟောပြောခဲ့ပြီး မှုခင်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ ပြည်သူ ၆၀ ခန့်တက်ရောက်ခဲ့ကြပြီး ကျုံကကျေးရွာအုပ်ချုပ်ရေးမှူး ဦးတန်ရှိန်နှင့် ကျေးရွာနေပြည်သူများက မှုခင်းဖြစ်ပွားအရေးယူဆောင်ရွက်မှုများနှင့်ပတ်သက်၍ မေးမြန်းခဲ့သည်များကို နယ်မြေရဲစခန်းမှူးက အသေးစိတ်နားလည်သည်အထိ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## စားသုံးရန်မသင့်သည့်အစားအစာများ ရောင်းချမှုမရှိစေရေး အသိပညာပေး

**ဆိပ်ဖြူ ဒီဇင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြို့နယ်စည်ပင်ယာယာရေး အဖွဲ့ပိုင် ပတ္တမြားဈေးတွင် ရောင်းချလျက်ရှိသည့် ဈေးဆိုင်များတွင် ဒေသခံပြည်သူများအတွက် ဓာတုဆေးဝါးများသုံးစွဲ၍ စားသုံးရန်မသင့်သည့် အစားအစာများ ရောင်းချမှုမရှိစေရေးနှင့် အသိပညာပေးလုပ်ငန်းများကို ဒီဇင်ဘာ ၂၆ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)က ဓာတုဆေးဝါးများကို အသုံးပြု၍ စားသုံးရန်မသင့်သည့် (တားမြစ်) အစားအစာများ ရောင်းချမှုမရှိစေရေးတို့ကို ကွင်းဆင်းစစ်ဆေး အသိပညာပေးလုပ်ငန်းများကို ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇော်နေလင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဇံ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေလင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးအသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံပြည်သူများအား သတင်းစာများတွင် ကြေညာထားသည့် စားသုံးရန်မသင့်သည့် အစားအစာများ၊ အသိပညာပေးစာစောင်များနှင့် မူးယစ်ဆေးဝါးအန္တရာယ် ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**





မွန်ပြည်နယ် မော်လမြိုင်မြို့တွင် (၇၉) ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် စက်ဘီးစီးပြိုင်ပွဲကို မော်လမြိုင်မြို့ တောင်ရိုးတန်းလမ်း View Point ၌ ဒီဇင်ဘာ ၂၅ ရက်က ပြုလုပ်ခဲ့စဉ်

(ပြည်နယ် ပြန်/ဆက်)

## မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက် ပိုမသုံးပါနှင့်။
၃။ မီးဖို မီးကြွင်းမီးကျန်များ ငြှိမ်းသတ်ပါ။
၄။ မီးဖိုနှင့် အမိုးနံရံအကြား အပူခံ အကာအရံများထားပါ။
၅။ ဆီအိုးတည်ပြီး မမေ့ပါနှင့်။

**မီးသတ်ဦးစီးဌာန**

# (၆၉) နှစ်မြောက်မှသည် ကမ္ဘာတည်သရွေ့

## မောင်ခိုင်မာ(အထက်မင်းလှ)

"အောင်စေသတည်း၊ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် တနင်္ဂနွေနေ့ ကောင်းမြတ်သော မင်္ဂလာအခါ၌ ဤငါတို့မြန်မာပြည်သည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အဖြစ်သို့ ရောက်သတည်း" ဟူသည့် ကမ္ပည်းအက္ခရာ မော်ကွန်းတင်နိုင်ခဲ့သည်မှာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် (၆၉) နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်သည့် ပထဝီနိုင်ငံရေးအရ အရေးပါသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ခရစ်နှစ်မပေါ်မီကပင် မြန်မာ့မြေတွင် သက်နှင့်အန္ဒယ်တူသူများက တကောင်းပြည်ကိုလည်းကောင်း၊ မွန်၊ ပလောင်၊ ဝ လူမျိုးစုများက သုဝဏ္ဏဘူမိ (သထုံ)ပြည်ကိုလည်းကောင်း၊ ပျူလူမျိုးများက သရေခေတ္တရာပြည်ကိုလည်းကောင်း၊ ဟန်လင်းနှင့် ဗိဿနိုးမြို့ကိုလည်းကောင်း မြို့ပြနိုင်ငံများအဖြစ် တည်ထောင်ကာ လွတ်လပ်စွာနေထိုင်ခဲ့ကြသည်။

ထို့နောက် ၉ ရာစုမှစ၍ ပုဂံပြည်ကိုတည်ထောင်ခဲ့သည်။ အေဒီ ၁၀၄၄ ခုနှစ်တွင် အနော်ရထာဘုရင်က ပုဂံထီးနန်းရပြီး ပထမမြန်မာနိုင်ငံကို တည်ထောင်နိုင်ခဲ့သည်။ ပုဂံခေတ်တွင် အနော်ရထာ၊ ကျန်စစ်သား၊ နရပတိစည်သူ စသောပုဂံမင်းဆက်များသည်လည်းကောင်း၊ တောင်ငူခေတ်တွင် တပင်ရွှေထီး၊ ဘုရင့်နောင်၊ အနောက်ဘက်လွန်မင်း၊ သာလွန်မင်းတရားစသော မင်းဆက်တို့သည်လည်းကောင်း၊ ကေရာဇ်နိုင်ငံတော်တည်ထောင်ကာ ကိုယ့်အရှင် ကိုယ့်သခင်ဖြင့် နေထိုင်လာခဲ့ကြသည်။ ထိုကေရာဇ်နိုင်ငံတော်များ ပြိုကွဲသောအခါ ရွှေဘိုမှ ဦးအောင်ဇေယျဦးဆောင်သော အင်အားစုများက ကုန်းဘောင်ကေရာဇ်နိုင်ငံတော်ကို တည်ထောင်နိုင်ခဲ့သည်။ ဤသို့ပြန်လည်စုစည်း တည်ထောင်ခဲ့ရသော ကုန်းဘောင်ကေရာဇ်နိုင်ငံတော်သည် အရင်းရှင်စနစ်နှင့် ပက်ပင်း တိုးကာ ဗြိတိသျှ ကိုလိုနီနယ်ချဲ့တို့က တစ်ပိုင်းပြီးတစ်ပိုင်း ကျူးကျော်စစ် သုံးကြိမ် ဆင်နွှဲကာ မြန်မာနိုင်ငံအား သိမ်းပိုက်ခဲ့မှုကြောင့် အမိမြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ် တွင် သူ့ကျွန်ဘဝသို့ သက်ဆင်းခဲ့ရပါသည်။

ထိုကာလမှစတင်၍ သူ့ကျွန်မခံလိုသော တိုင်းရင်းသားအာဇာနည်ပုဂ္ဂိုလ်များက ရရာလက်နက်စွဲကိုင်၍ နယ်ချဲ့ကိုခုခံခဲ့ကြသည်။ ၁၉၀၆ ခုနှစ်တွင် ဘာသာရေးအသွင်ဖြင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ကို စတင်ဖွဲ့စည်းလှုပ်ရှားခဲ့သည်။ ထိုမှတစ်ဆင့် တက်၍ ၁၉၁၉ ခုနှစ်တွင် GCBA အသင်းကြီးကို ဖွဲ့စည်းလှုပ်ရှားခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် ပထမကျောင်းသား သပိတ်ကြီး ပေါ်ပေါက်ခဲ့သည်။ GCBA နှစ်ခြမ်းကွဲသည်။ တွဲရေး ခွဲရေးနိုင်ငံရေးပြဿနာပေါ်သည်။ ၁၉၃၀ ပြည့်နှစ်တွင် ဆရာစံ ဦးဆောင်သော တောင်သူလယ်သမား အရေးတော်ပုံပေါ်ပေါက်ခဲ့သည်။ ၁၉၃၀ မေ ၃၀ တွင် ဒို့ဗမာအစည်းအရုံးကို တည်ထောင်ပြီး ဒို့ဗမာအစည်းအရုံး၏ လှုပ်ရှားမှုအောက်မှ ၁၉၃၆ ခုနှစ်တွင် ဒုတိယ ကျောင်းသား သပိတ်ပေါ်ပေါက်ခဲ့သည်။ တစ်ဆက်တည်းမှာပင် အထွေထွေ ဖိနှိပ် ခံရသော အလုပ်သမားထုက ၁၉၃၈ ခုနှစ် ဇန်နဝါရီတွင် ၁၃၀၀ ပြည့် အရေးတော်ပုံအဖြစ် တိုက်ပွဲဝင်ခဲ့ကြသည်။ အဆိုပါ ၁၃၀၀ ပြည့်အရေးတော်ပုံသည် မြန်မာနိုင်ငံ၏ အမျိုးသားရေးလှုပ်ရှားမှုတွင် အထွတ်အထိပ် ဖြစ်ခဲ့သည်။ အထူးသဖြင့် ဒုတိယကမ္ဘာစစ်ကာလတွင် ဒို့ဗမာအစည်းအရုံးသည် ပိုမိုထက်မြက်လာပြီး အခြေအနေ၏တောင်းဆိုချက်အရ ဗမာ့ထွက်ရပ်ဂိုဏ်းကိုဖွဲ့စည်းလှုပ်ရှားခဲ့သည်။ ၁၉၄၀ပြည့်နှစ်တွင် သခင်အောင်ဆန်းသည် ပြည်ပသို့ထွက်ခွာခဲ့သည်။ ဂျပန်တွင် ရဲဘော်သုံးကျိပ်တို့ စစ်ပညာကို ပင်ပန်းဆင်းရဲကြီးစွာဖြင့် သင်ယူခဲ့ကြသည်။ ၁၉၄၁ ခုနှစ်တွင် BIA (ဗမာ့ကာကွယ်ရေးတပ်မတော်) ကို ဗန်ကောက်၌ ဖွဲ့စည်းခဲ့သည်။ BIA သည် ၁၉၄၂ တွင် ဂျပန်၏အကူအညီဖြင့် မြန်မာနိုင်ငံသို့ပြန်လည်ရောက်လာပြီး အင်္ဂလိပ်ကိုတိုက်ထုတ်ခဲ့သည်။ (၁-၈-၁၉၄၃) တွင် ဂျပန်က ရွှေရည်စိမ်လွတ်လပ်ရေးပေးသည်။ BIA မှ ပြောင်းလဲဖွဲ့စည်းလိုက်သော BDA က ၁၉၄၅ ခုနှစ်မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်တော်လှန်ရေးကို အင်နှင့်အားနှင့် ပြုလုပ်နိုင်ခဲ့သည်။

ဂျပန်တို့လက်နက်ချသောအခါ ဆာဒေါ်မန် စမစ်ဦးဆောင်သော အင်္ဂလိပ်တို့ ပြန်ဝင်လာသည်ကို ဗိုလ်ချုပ်အောင်ဆန်းခေါင်း ဆောင်၍ တိုင်းရင်းသားပြည်သူအပေါင်းက တော်လှန်တိုက်ပွဲဝင် ရပြန်သည်။ ၁၉၄၇ ဇန်နဝါရီတွင် အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။ သို့သော် လေ့လော့ရင်းတက်ကျိုးဆိုသကဲ့သို့ ၁၉၄၇ ဇူလိုင်လတွင် နယ်ချဲ့ပယောဂကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသည်။ သို့သော် အမိနိုင်ငံလွတ်လပ်ရေးတွင် ကျန်ရှိသည့် ခေါင်းဆောင်ကြီးများနှင့်တိုင်းရင်းသားအပေါင်းတို့၏ မလျော့သော ဇွဲ၊ လုံ့လတို့ဖြင့်စည်းလုံးညီညွတ်မှုကြောင့် ၁၉၄၈ ခုနှစ်ဇန်နဝါရီလ ၄ ရက်နေ့တွင် လုံးဝလွတ်လပ်ရေးရရှိခဲ့ခြင်းဖြစ်သည်။

ဤသို့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းကို ငဲ့စောင်းကြည့်သောအခါ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့်အမျိုးသားသင့်မြတ်မှုတို့ အားနည်းသောအခါ၊ လွတ်လပ်ရေးနှင့်အချုပ်အခြာ အာဏာဆုံးရှုံးရကြောင်း၊ စည်းလုံးညီညွတ်မှုအားကောင်းသောအခါ တစုတစည်းတည်းသောနိုင်ငံတော်အဖြစ် တည်ထောင်နိုင်ပြီး ဆုံးရှုံးသွားသောလွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ကြောင်း၊ နိုင်ငံလွတ်လပ်ရေးအတွက် အသက်စွန့်ခဲ့ကြသော သူရဲကောင်းများသည် နိုင်ငံရေးနောက်ခံ၊ အသိုင်းအဝိုင်း၊ လူမျိုးစုနှင့်ကိုးကွယ်ယုံကြည်မှုများ မတူညီကြသော်လည်း နိုင်ငံနှင့်လူမျိုးတို့၏ ကောင်းကျိုးချမ်းသာအတွက် အသက်စွန့်ခဲ့ကြရာတွင် တူညီကြကြောင်း အစရှိသည်တို့ကို မျက်ဝါးထင်ထင် တွေ့မြင်ရပေမည်။

ယနေ့ကာလမြန်မာနိုင်ငံသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးမူဝါဒ ချမှတ်ကာ ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်ရန် တစ်မျိုးသားလုံးကနိုးကြားတက်ကြွစွာဖြင့် ဆောင်ရွက်နေကြသည့်ကာလဖြစ်ပါသည်။ ထို့အတူ လူမျိုးအလိုက်၊ ဒေသလိုက်၊ အကြောင်းအရာအလိုက် ကျင်းပမည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကိုလည်း ပထမဦးဆုံးအကြိမ်အဖြစ် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသ ကြီးနှင့်နေပြည်တော်တို့တွင် စတင်ကျင်းပတော့မည့် ထူးမြတ်သည့်အချိန်ကာလလည်းဖြစ်ပါသည်။

အမိမြန်မာနိုင်ငံသည် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာရှိသော နိုင်ငံဖြစ်လင့်ကစား ပြည်တွင်းငြိမ်းချမ်းရေးမရသေး၍ အကျိုးဆက်အားဖြင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေရပေသည်။ လွတ်လပ်ရေးအရသာကို တင်းပြည့် ကျပ်ပြည့်မခံစားရပါ။ သို့အတွက် အခြေခံလိုအပ်ချက်ဖြစ်သော ထာဝရငြိမ်းချမ်းရေးကို ၂၁ ရာစုပင်လုံညီလာခံတွင် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုနည်းလမ်းဖြင့်ကြိုးပမ်း ဆောင်ရွက်နေပေသည်။ ပြည်ထောင်စုသဘောတူညီချက် လက်မှတ်ရေးထိုးပြီး နောက်လိုအပ်သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲကြရပေမည်။ ပေါ်ပေါက်လာမည့် အခြေခံဥပဒေတွင် ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု အခြေခံမူများ ပါဝင်လာပေမည်။ ထိုအခါတွင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာကြပေမည်။ တစ်ဆက်တည်းမှာပင် အနာဂတ်ကာလ မြန်မာနိုင်ငံဝယ် တိုင်းရင်းသားလူမျိုးများသည် အပြန်အလှန်လေးစားယုံကြည်မှု၊ အချင်းချင်း ရိုင်းပင်းကူညီမှု၊ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံမှုတို့ဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်စိုးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို တည်တံ့ခိုင်မြဲစေမည်ဖြစ်ပါသည်။

သို့အတွက် ကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့မှသည် ကမ္ဘာတည်သရွေ့ မြန်မာပြည်တည်ရှိရမည်ဟူသည့် သန္နိဋ္ဌာန်ကို အခိုင်အမာ ချမှတ်ကာ " ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှ ရရှိလာမည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စုကြီးတည်ဆောက်သွားနိုင်ရေး" ဟူသည့် ဦးတည်ချက်အပါအဝင် ၂၀၁၇ ခုနှစ် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များကို ဝိုင်းဝန်းအကောင်အထည်ဖော်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသတည်း။ ။

**အမိမြန်မာနိုင်ငံသည် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာရှိသော နိုင်ငံဖြစ်လင့်ကစား ပြည်တွင်းငြိမ်းချမ်းရေးမရသေး၍ အကျိုးဆက်အားဖြင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေရပေသည်။ လွတ်လပ်ရေးအရသာကို တင်းပြည့် ကျပ်ပြည့်မခံစားရပါ။ သို့အတွက် အခြေခံလိုအပ်ချက်ဖြစ်သော ထာဝရငြိမ်းချမ်းရေးကို ၂၁ ရာစုပင်လုံညီလာခံတွင် နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုနည်းလမ်းဖြင့် ကြိုးပမ်းဆောင်ရွက်နေပေသည် . . .**

# ညောင်ဦးမြို့နယ်တွင် ဓာတ်အားခွဲရုံအသစ်မှ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားစတင်ပို့လွှတ်

**ညောင်ဦး ဒီဇင်ဘာ ၂၇**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း လျှပ်စစ်ဓာတ်အားရရှိသော နေရာများတွင် ဓာတ်အားပိုမိုသုံးစွဲနိုင်ရေးနှင့် ဓာတ်အားမရရှိသေးသော မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများကို ဓာတ်အားစနစ်မှ ဓာတ်အားရရှိရေးအတွက် ဓာတ်အားပို့လွှတ်ရေးလိုင်းများနှင့်ခွဲရုံများကို တိုးချဲ့တည်ဆောက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် သစ်ထောင့်ကျေးရွာအနီးတွင် ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံအသစ်တစ်ရုံတည်ဆောက်ခဲ့ပြီး ဒီဇင်ဘာ ၂၄ ရက်မှ စတင်၍ ပတ်ဝန်းကျင်ကျေးရွာများသို့ ဓာတ်အားပို့လွှတ်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဓာတ်အားခွဲရုံတည်ဆောက်ပြီးစီးခဲ့ခြင်းကြောင့် ညောင်ဦးမြို့နယ် လက်ပန်ခြေပေါ် ကျေးရွာအုပ်စုအပါအဝင် ကျေးရွာပေါင်း ၂၉ ရွာ၊ အိမ်ခြေ ၄၄၉၇ အိမ်၊ အိမ်ထောင်စု ၄၆၅၃ စု၊ လူဦးရေစုစုပေါင်း ၂၀၁၃၄ ဦးတို့ကို မကြာမီကာလအတွင်း လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်သည်။ ဓာတ်အားစတင်ဖြန့်ဖြူးသည့် ဒီဇင်ဘာ ၂၄ ရက်တွင် ကျေးရွာပေါင်း ၁၀ ရွာ၊ အိမ်ခြေ ၁၄၀၀ အိမ်၊ အိမ်ထောင်စု ၁၅၀၀၊ လူဦးရေ ၇၀၀၀ ကျော်တို့ လျှပ်စစ်မီးရရှိခံစားနေရပြီဖြစ်ကြောင်း သိရသည်။



ညောင်ဦးမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရှေးဟောင်းစေတီပုထိုး၊ အဆောက်အအုံများ၊ ဟိုတယ်ဇုန်များနှင့် ရပ်ကွက်/ ကျေးရွာများသို့ ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေဓာတ်အားခွဲရုံတစ်ရုံ၊ ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံလေးရုံတို့ဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာ ယခုအခါ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ ထပ်တိုးတည်ဆောက်ပြီးစီးခဲ့ခြင်းကြောင့် လျှပ်စစ်ဓာတ်အားကို ဗို့အားတည်ငြိမ်စွာဖြင့် ဖြန့်ဖြူးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# ယာဉ်မောင်းများလိုက်နာရမည့်စည်းကမ်းများနှင့် မော်တော်ယာဉ်ဥပဒေဆိုင်ရာများ ပညာပေး

**ရှာငံ ဒီဇင်ဘာ ၂၇**

ဆိုင်ကယ်စီးနင်းမောင်းသူများ၊ လိုက်ပါစီးနင်းသူများ ယာဉ်အန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာနှင့် အသက်ဆုံးရှုံးမှုများအန္တရာယ်မှကင်းဝေးစေရန်၊ ဆိုင်ကယ်မောင်းလျှင် / စီးလျှင် ဦးထုပ်ဆောင်းသည့်အလေ့အထကောင်းများရရှိစေရန် ရှာငံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်လှိုင်မြင့်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးဇော်ဝင်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၅ ရက်က ရှာငံဈေးလာယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသူများ၊ ဆိုင်ကယ်ဦးထုပ်မဆောင်းသူများကို ရှာငံ မြို့မရဲစခန်းတွင် ခေါ်ယူ၍ လိုက်နာရမည့် စည်းကမ်းများ၊ မော်တော်ယာဉ်ဆိုင်ရာ ဥပဒေများ၊ ယာဉ်မတော်တဆသေဆုံး၊ ဒဏ်ရာရရှိမှုမရှိစေရေးဆိုင်ရာများကို ပညာပေးရှင်းလင်းဟောပြောကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး သတိပေးလက်မှတ်များ ရေးထိုးစေခဲ့သည်။

ထို့နောက်ခေတ္တထိန်းသိမ်းထားသော ဆိုင်ကယ်အစီးရေ ၅၀ ကျော်အားပိုင်ရှင်များထံ စနစ်တကျပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါအဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက်က ရေဦးဈေး၌လည်းကောင်း ဆောင်ရွက်ခဲ့ပြီး မြင်းကျဒိုးဈေး၊ မြိုင်ဈေး အစရှိသည့် ဈေးများတွင် ပညာပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ရှာငံ)**

## ယနေ့ မာတိကာ

**ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းရှိ KIA လက်နက်ကိုင်အဖွဲ့များ၏ ပွိုင့် - ၇၆၈ စခန်းနှင့် ပတ်ဝန်းကျင်စခန်းငယ်များကို တပ်မတော်စစ်ကြောင်းများက သိမ်းပိုက်ရရှိ**

စာ » ၈

**သီပေါရောက်စစ်ဘေးရှောင်ရှမ်း/ပလောင်တိုင်းရင်းသားများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဆေးစိမ်ခြင်ထောင်များပေးအပ်**

စာ » ၉

**ပြည်သူလူထု သက်ရှည်ကျန်းမာဖို့ စားသုံးသူအကာအကွယ်ပေးရေး ဆောင်ရွက်စို့**

စာ » ၁၁

# တိုင်းရင်းဆေးအခန်းကဏ္ဍ မြှင့်တင်ခြင်းသည် နိုင်ငံတော်အတွက် အကျိုးကျေးဇူးဖြစ်စေနိုင်



ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၂၇**

(၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ အောင်အောင်မြင်မြင်ကျင်းပနိုင်ရေးအတွက် လိုအပ်ချက်များကို ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းနိုင်ရန် ယခုအစည်းအဝေးကို ခေါ်ယူခြင်းဖြစ်ပါကြောင်း၊ အထူးသဖြင့် လုံခြုံရေးကို အလေးထားဆောင်ရွက်သွားရန်လိုကြောင်း။

တိုင်းရင်းဆေးသည် ယနေ့ခေတ် နိုင်ငံတကာ၌ ရှေ့တန်းသို့ ရောက်လာသည့် အနေအထားရှိပါကြောင်း၊ ဓာတုဆေးဝါးများအစား သဘာဝကုန်ကြမ်းများကို အခြေခံပြီး ဆေးဝါးကုသမှုများ၊ ဆေးဝါးထုတ်လုပ်မှုများ

*စာမျက်နှာ ၅ ကော်လံ ၁* ❖

# တောင်တက်ပြိုင်ပွဲနှင့် မန္တလေးတောင်ဆင်းလမ်းကြမ်း ဖိတ်ခေါ်စက်ဘီးစီးပြိုင်



**Mountain Bike** တောင်တက်ပြိုင်ပွဲနှင့် မန္တလေးတောင်ဆင်းလမ်းကြမ်း **Down Hill** ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲ တာလွှတ်စဉ်

**တင်မောင်(မန်းကိုယ်ပွား)**

**မန္တလေး ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၅)ကြိမ်မြောက် Mountain Bike တောင်တက်ပြိုင်ပွဲနှင့် မန္တလေးတောင်ဆင်းလမ်းကြမ်း Down Hill ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲတို့ကို ယနေ့ နံနက် ၆ နာရီခွဲက မန္တလေးမြို့ ၇၈ လမ်းနှင့် ၃၃ လမ်းထောင့် “အို”စတိုးစုရပ်နေရာ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်၍ တာလွှတ်ပေးပြီး

*စာမျက်နှာ ၇ ကော်လံ ၁* ❒



မြားပစ်အားကစားသမားများကို တွေ့ရစဉ်

# အရှေ့တောင်အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲကျင်းပမည်

**သတင်းနှင့်ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မလေးရှားနိုင်ငံ၌ ကျင်းပမည့်(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အောင်မြင်မှုရရှိစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်တို့ ပူးပေါင်း၍

*စာမျက်နှာ ၇ ကော်လံ ၅* ✪




Distributed by SEIN WUT HMON CO.,LTD. No(24),Phan Chat Won U Shwe Ohh Street, Industrial Zone (2), Hlaing Thar Yar Township,Yangon.01-684 842, 09-731 26116 swh.com.mm NASA-Lubricants-Myanmar